# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၅ ခုနှစ်၊ တန်ခူးလကွယ်နေ့၊ ကြာသပတေးနေ့ (9-5-2013) (၇၄၇၅)


## နိုင်ငံတော်သမ္မတဦးသိန်းစိန် မလေးရှားနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဒါတိုဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

**မိုးရွာသွန်းမှု**

(၈-၅-၂၀၁၃)

မောင်တော

၂ ဒသမ ၇၇ လက်မ

သာယာဝတီ

၂ ဒသမ ၀၉ လက်မ

ခန္တီး

၁ ဒသမ ၂၆ လက်မ

ပလက်ဝ

၁ ဒသမ ၁၇ လက်မ

# မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၈

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံ နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေကြသော မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် ခြောက်နိုင်ငံနှင့် UNODC တို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံတို့၏ တစ်နိုင်ငံချင်းအလိုက် မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဆောင်ရွက်ချက်များနှင့် ခြောက်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ UNODC နှင့် မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)



# လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ တိုးချဲ့ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

<u>အမိန့်ကြော်ငြာစာ</u>

အမှတ်၊ ၄၃/၂၀၁၃

၁၃၇၅ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်)

**လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့် ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်၍ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွှတ်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ရန် အစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များ ပါဝင်သော **"လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ"**ကို အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (၁) | ဦးစိုးသိန်း<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၃) | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးထွန်းထွန်းဦး<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၄) | ဦးအောင်စောဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးသန်းဌေး<br>ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစစ်မြိုင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (၇) | ဦးကြည်<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (၈) | ဦးလှမောင်ရွှေ<br>Myanmar Egress | အဖွဲ့ဝင် |
| (၉) | ဦးဘိုကြည်<br>နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၁၀) | ဦးညိုထွန်း<br>နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၁) | ဦးရဲအောင်<br>နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | ဦးသူရ (ဇာဂနာ)<br>House of Media Entertainment | အဖွဲ့ဝင် |
| (၁၃) | ဦးဉာဏ်ဝင်း<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၄) | ဦးခွန်ထွန်းဦး<br>ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၅) | ဦးကိုကိုကြီး<br>၈၈ မျိုးဆက်<br>(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) | အဖွဲ့ဝင် |
| (၁၆) | ဒေါက်တာဝင်းနိုင်<br>အမျိုးသားဒီမိုကရေစီအင်အားစု | အဖွဲ့ဝင် |
| (၁၇) | ဦးသိန်းညွန့်<br>အမျိုးသားဒီမိုကရေစီပါတီသစ် | အဖွဲ့ဝင် |
| (၁၈) | ဦးကောင်းမြင့်ထွဋ်<br>မြန်မာအမျိုးသားကွန်ဂရက်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးအောင်သိမ်း<br>ဒုတိယဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၄) | အတွင်းရေးမှူး |

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




**ကြေးမုံ စာတည်းရှထောင့်** | **၉-၅-၂၀၁၃၊ ကြာသပတေးနေ့**

# မြန်မာနိုင်ငံတော်သစ်

"မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးသည့် ကာလမှာ နှစ်နှစ်ကျော်ရုံသာရှိပါသေးကြောင်း၊ လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် ဒီမိုကရေစီအလေ့အထနှင့် ကျင့်စဉ်များ ယဉ်ပါးမှုမရှိသေးသည့်အပြင် အတွေ့အကြုံလည်းမရှိသဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ရှာဖွေစမ်းသပ်လုပ်ဆောင်ခဲ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍအားလုံးတွင် မျှော်လင့်ချက်ရှိသည့်အနာဂတ်ကို ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း"

မေလ ၅ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတကြီးက အထက်ပါအတိုင်း ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်လျက်ရှိသည်မှာ သက်တမ်း နှစ်နှစ်ကျော်သာသာ ကာလရှိပြီဖြစ်သည်။ တိုတောင်းသည့်ကာလအတွင်း အံ့သြလောက်ဖွယ် ထူးခြားသည့်ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်ခဲ့ရာ ပြည်တွင်း၌သာမက နိုင်ငံတကာကပါ အသိအမှတ်ပြုလက်ခံလာကြသည်မှာ ငြင်းနိုင်ဖွယ်မရှိပါ။

ထိုသို့ပြောင်းလဲဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရတစ်ဖွဲ့တည်းက ဆောင်ရွက်နေခြင်းမဟုတ်ဘဲ လွှတ်တော်အဆင့်ဆင့်၊ နိုင်ငံရေးပါတီအမျိုးမျိုး၊ လူထုအခြေပြုအဖွဲ့အစည်းအဖုံဖုံနှင့် ပြည်သူ၊ တပ်မတော်၊ ငြိမ်းချမ်းရေးတည်ဆောက်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ အောင်မြင်မှုရရှိခဲ့ရခြင်းဖြစ်သည်။

ရရှိထားသည့် အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်ကြရန်မှာ ကျွန်ုပ်တို့ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။ ထိုသို့အောင်မြင်ရန်အတွက် ကျွန်ုပ်တို့လျှောက်လှမ်းနေသော ခရီးလမ်းနှင့် မျှော်မှန်းချက်တို့ကိုလည်း ကောင်းစွာသိမြင်ထားကြရမည်ဖြစ်သည်။ သာမန်အားဖြင့် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေသည်ဟု သိရှိထားပြီးဖြစ်သည်။

မိမိတို့၏ အမျိုးသားရေးမျှော်မှန်းချက်သည် လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဖြစ်စဉ်နှင့် တန်းတူရည်တူ ယှဉ်ပြိုင်နိုင်ခွင့်ရှိသည့် စီးပွားရေးဖြစ်စဉ်များဖြင့် တည်ဆောက်ထားသည့် မြန်မာနိုင်ငံတော်သစ် (New Myanmar)ကို တည်ဆောက်ရန်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကြီးက ပိုမိုပြည့်စုံလေးနက်စွာ ပြောကြားထားသည်။

ထို့အပြင် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ ရလဒ်ကို ပြည်သူများ အချိန်တိုအတွင်း လက်တွေ့ခံစားနိုင်ရေးတို့ကိုပါ ချပြထားရာ ကောင်းမွန်သော မြန်မာနိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် ကျွန်ုပ်တို့နိုင်ငံသားအားလုံးက အမြင်ရှင်းရှင်းဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူလူထုတစ်ရပ်လုံး၏ တူညီသောဆန္ဒနှစ်ခုမှာ နိုင်ငံတည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းသာယာမှသာ မိမိတို့၏စီးပွားရေး၊ တိုင်းပြည်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လက်ရှိတွင် လွတ်လပ်ပွင့်လင်းမှုနှင့် ပြုပြင်ပြောင်းလဲမှုတို့ကို နှစ်ပေါင်းများစွာကင်းကွာခဲ့ပြီးမှ ချက်ခြင်းလက်ငင်းရရှိခဲ့ရာ အချို့ကိစ္စများတွင် မမျှော်လင့်သော ပြဿနာများနှင့် ကြုံတွေ့ခဲ့ရသည်ကို အားလုံး အသိဖြစ်မည်။

ပို၍ရှင်းလင်းစွာဆိုရလျှင် နှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် ပြဿနာအားလုံးကို ဖြေရှင်းနိုင်သလောက်ဖြေရှင်းပြီး နောင်အစိုးရများ လွယ်ကူစွာကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည့်အခြေခံအုတ်မြစ်များ တည်ဆောက်ထားခဲ့မည်ဟု နိုင်ငံတော်သမ္မတကြီးက ပွင့်ပွင့်လင်းလင်း ပြောကြားထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံတော်သစ် (New Myanmar)ကို ဖြူစင်သော စိတ်ရင်းစေတနာဖြင့် တည်ဆောက်နေခြင်းဖြစ်၍ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ယုံကြည်မှုရှိစွာဖြင့် တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ပြည်သူအားလုံး ပြောင်းလဲမှု၏ရလဒ်များကို လက်တွေ့ကျကျမြန်မြန်ဆန်ဆန် ခံစားနိုင်မည်ဖြစ်ပါသည်။ ။

## အရည်အချင်းပြည့်မီသော ဟိုတယ်ဝန်ထမ်းကောင်းများ မွေးထုတ်

**နေပြည်တော် မေ ၈**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၁၁/၂၀၁၃)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟ ဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အတတ်ပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေရခြင်းဖြစ်ပါကြောင်း၊ ယခုသင်တန်းသည် ဇွန် ၅ ရက်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ် (အရှေ့အာရှ) အခမ်းအနား၌ တက်ရောက်လာမည့် ဧည့်သည်တော်များ တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နေပြည်တော်၌ ၂၀၁၃ ခုနှစ် ဇွန်လ၌ ကမ္ဘာ့စီးပွားရေးဖိုရမ် (အရှေ့အာရှ)၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ရာထူးတာဝန်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ၌ နေပြည်တော်သို့ နိုင်ငံခြားသား ဧည့်သည်တော်များ ပိုမိုလာရောက်တည်းခို နေထိုင်မည်ဖြစ်သဖြင့် စနစ်ကျသော ဝန်ဆောင်မှုကောင်းများ ပေးနိုင်အောင် အရည်အချင်းပြည့်မီသော ဟိုတယ်ဝန်ထမ်းကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ယခုလို သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါကြောင်း၊ မိမိဂုဏ်သိက္ခာ၊ မိမိဟိုတယ်ဂုဏ်သိက္ခာ၊ နိုင်ငံ့ဂုဏ်သိက္ခာ အဆင့်မြင့်မားမှုကို ဟိုတယ်ဝန်ထမ်းများ၊ ဟိုတယ်မန်နေဂျာနှင့် အထွေထွေမန်နေဂျာများက စေတနာထား ကြိုးစားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့စီးပွားရေးဖိုရမ်(အရှေ့အာရှ) စီမံခန့်ခွဲမှုကော်မတီအဖွဲ့ ခေါင်းဆောင် Asia Holidays Travels Co., Ltd. Managing Director Mr. Jean Michel Romon ခေါင်းဆောင်သောအဖွဲ့၊ နေပြည်တော်ရှိ ဟိုတယ်အထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများနှင့် ဟိုတယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၈**

| | |
|---|---|
| ရန်ကုန် | ရွှေဈေး ၇၁၁၀၀၀-၇၁၂၀၀၀ |
| မန္တလေး | ရွှေဈေး ၇၁၀၆၀၀-၇၁၁၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်ဂါလန် | ၃၄၄၀ | ကျပ် |
| (ခ) | အောက်တိန်း၉၅ | တစ်ဂါလန် | ၄၂၈၀ | ကျပ် |
| (ဂ) | အောက်တိန်း၉၂ | တစ်ဂါလန် | ၃၄၄၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်ဂါလန် | ၃၂၅၆ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၈၉၆. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၁၇၁. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၄၅. ၅၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၂၈၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၀. ၁၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၅၈၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၀၅. ၇၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၈၂. ၄၅၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၁. ၄၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | - | ၇၂၇. ၀၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်စာမေးပွဲ ကျင်းပမည်

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့ ဓမ္မစေတမန်အဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်စာမေးပွဲကို ၁၃၇၅ခုနှစ် နယုန်လဆန်း ၁၀ ရက်မှ နယုန်လဆန်း ၁၄ ရက် (ဇွန် ၁၈ ရက်မှ ဇွန် ၂၂ ရက်) အထိ ငါးရက်တိုင်တိုင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း စိန်ရတနာ ဓမ္မာစရိယ စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သောပြဋ္ဌာန်းချက်ကျမ်းစဉ်များအလိုက် နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ဖြေဆိုခွင့်လက်မှတ်များကို ရှိုင်းဟုပ်ကုမ္ပဏီ ပရဟိတ (ဓမ္မဗိမာန်) ရုံးခန်း၌ လာရောက်ထုတ်ယူနိုင်သည်။

အသေးစိတ်သိလိုပါက ဖုန်း ၀၁-၅၃၈၂၆၆ (ဓမ္မဗိမာန် )၊ ၀၉-၄၉၂၂၀၇၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။

**(သတင်းစဉ်)**








# နေပြည်တော်ရှိ စိုက်ကွင်းများအဆင့်မြင့်စက်မှုလယ်ယာစနစ်ဖြင့် ဆောင်ရွက်နေ

**နေပြည်တော် မေ ၈**

နေပြည်တော် ငလိုက်ဆည်ရေသောက် ဧက ၅၀၀ စံပြစိုက်ကွင်းရှိ ဖရုံ၊ ဖရဲ၊ ခရမ်း၊ သခွားသီး၊ ငရုတ်၊ ကြက်ဟင်းခါးစပ်မျိုး၊ ဟင်းခင်းပဒေသာများနှင့် မြန်မာ့မျိုးရင်းပန်းမျိုးစုံ သစ်ခွပင်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Hagay Moshe Behar၊ အစ္စရေးစိုက်ပျိုးရေးပညာရှင်များနှင့်အတူ ယနေ့ နံနက် ၇ နာရီခွဲတွင် သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ အဆင့်မြင့် လယ်ယာသုံးစက်ကိရိယာများ၊ သရက်သီးနှင့် နဂါးမောက်သီး ထုတ်လုပ်သည့် စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။**(ဓါတ်ပုံ)**

ထို့နောက် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ပုလဲသွယ်နွေစပါး ဧက ၄၄၀၊ တောင်သူပညာပေး စိုက်ကွင်း၊ မျိုးစေ့အရောင်းပြခန်း၊ နဂါးမောက်စိုက်ခင်းနှင့် နွားမွေးမြူရေးခြံများ၊ မြေပဲသီးနှံမျိုးသန့်နှင့် လယ်ယာသုံးစက်ကိရိယာများ၊ မျိုးစေ့ထုတ်စိုက်ကွင်းဧက ၁၀၀ ၌ ပုလဲသွယ်စပ်မျိုးစပါး အဖိုလိုင်းနှင့် အမလိုင်း စိုက်ခင်း ဝတ်မှုန်ကူးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် သုတေသနပြု စိုက်ပျိုးထားသော ပတ္တမြားငမောက် သရက်ပင်များ၊ စိန်တစ်လုံးသရက်ပင်များကို ကြည့်ရှုလေ့လာကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စိုက်ပျိုးသီးနှံထွက်ကုန်များကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပနိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် အရည်အသွေးမြင့်ထွက်ကုန်များ ထုတ်လုပ်နိုင်ရေး၊ တာရှည်ခံထိန်းသိမ်းသိုလှောင်နိုင်မည့် အခြောက်ခံစနစ်နှင့် အအေးပေးနည်းပညာများ အစ္စရေးနိုင်ငံမှ လွှဲပြောင်းပေးအပ်နိုင်ရေး၊ အစ္စရေးကုမ္ပဏီများနှင့် မြန်မာလုပ်ငန်းရှင် ကုမ္ပဏီများအကြား ပူးပေါင်းရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး၊ အစ္စရေးနိုင်ငံ၏ ရေကို စနစ်တကျ စီမံခန့်ခွဲအသုံးပြုသည့် စိုက်ပျိုးရေးနည်းပညာအား အပူပိုင်းဒေသတွင် စံပြစိုက်ကွင်းများ ထူထောင်အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ငါးရစ်တစ်ကောင် သုံးလရှောင် ထောင်သောင်းတိုးပွား ရေရှည်စား

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးရေးနှင့် လက်တွေ့သရုပ်ပြသ

**ရန်ကုန် မေ ၈**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေးရေးနှင့် လက်တွေ့မီးသတ်သရုပ်ပြသပွဲ အခမ်းအနားကို တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ရဲသူရိန်ဌေးဝင်း ဦးဆောင်သောအဖွဲ့သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်း သတင်းစာတိုက်၌ ယမန်နေ့ နံနက် ၁၀ နာရီတွင် မီးသတ်သရုပ်ပြသခဲ့သည်။

အဆိုပါ မီးဘေးအသိပညာပေးရေးနှင့် လက်တွေ့မီးသတ်သရုပ်ပြသပွဲ အခမ်းအနားတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းလက်အောက်ရှိ မြန်မာ့အလင်းသတင်းစာတိုက်မှ မန်နေဂျာနှင့် လက်ထောက်မန်နေဂျာများ၊ ကြေးမုံသတင်းစာတိုက်မှ မန်နေဂျာနှင့်လက်ထောက်မန်နေဂျာများ၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်မှ လက်ထောက်မန်နေဂျာနှင့် တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရုံးချုပ်မှ ဝန်ထမ်းအကြီးအကဲများနှင့် သတင်းစာတိုက်အသီးသီးမှ စုစုပေါင်း ဝန်ထမ်းအင်အား ၁၀၀ ကျော်တို့ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ရဲသူရိန်ဌေးဝင်းက ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေးရေးနှင့် ပတ်သက်၍ မီးလောင်မှုကို ကြိုတင်ကာကွယ်ကြရန်နှင့် မီးကို မပေါ့ဆကြရန်၊ မီးလောင်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အဖြစ်အများဆုံးမှာ ပေါ့ဆမီးကြောင့် ဖြစ်သဖြင့် မီးကို အသုံးပြုရာတွင် အထူးဂရုပြုကြရန် လိုအပ်သလို မီးလောင်မှုနှင့် ကြုံတွေ့သည့်အခါ မကြောက်မရွံ့ဘဲ ရင်ဆိုင်ဖြေရှင်းနိုင်ရန် နည်းလမ်းများကို လက်တွေ့သရုပ်ပြသရှင်းလင်းခဲ့သည်။

ထို့နောက် ဦးစီးမှူးနှင့်အဖွဲ့သည် မြန်မာ့အလင်း သတင်းစာတိုက်အတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ စက္ကူလုံးများထားရှိရာ ဂိုဒေါင်နှင့် ရုံးခန်းများတွင် မီးတပ်ဆင်သုံးစွဲမှု အခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပြုပြင်အသုံးပြုရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကလေးငယ်များ၏ အရိုးများ သန်မာကြံ့ခိုင်ရန် မဂ္ဂနီဆီယမ်ဓာတ်ကြွယ်ဝသည့် အစားအစာများစားသုံးသင့်

သက်ထွေး

မိဘများသည် ၎င်းတို့ ကလေးငယ်များ၏ အရိုးများ သန်မာကြံ့ခိုင်ရေးအတွက် နွားနို့နှင့်အခြားကယ်လ်ဆီယံဓာတ်ကြွယ်ဝသည့် အစားအစာများ စားသောက်ကြရန် အချိန်ကြာမြင့်စွာကပင် အကြံပြုလာခဲ့ကြသည်။ သို့သော် သုတေသနပြုချက်အသစ်တစ်ရပ်အရ ကလေးငယ်များ၏ အရိုးများသန်မာကြံ့ခိုင်ရေးအတွက် ရွှေဖရုံသီး အစေ့များ၊ အညိုရောင်



ချောကလက်၊ဆာမွန်ငါးနှင့် ဗာဒံစေ့များစားသုံးခြင်းသည်လည်း အရေးပါနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံ မြို့တော်ဝါရှင်တန်ဒီစီတွင် တစ်နှစ်တစ်ခါပြုလုပ်မြဲဖြစ်သည့် ကလေးရောဂါဆိုင်ရာ တက္ကသိုလ်အဖွဲ့အစည်းများ အစည်းအဝေးတွင် တင်ပြခဲ့သည့် လေ့လာချက်တစ်ရပ်အရ အရိုးများတည်ဆောက်မှုတွင် မဂ္ဂနီဆီယမ်ဓာတ်ကြွယ်ဝသည့် အစားအစာများသည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုမှပါဝင်နေကြောင်း တွေ့ရှိခဲ့ကြသည်။

များစွာသော အာဟာရဓာတ်များသည် ကလေးငယ်များ၏ အရိုးများ သန်မာကြံ့ခိုင်ရေးအတွက် အဓိကအရာများဖြစ်သည်။ ထိုအာဟာရဓာတ်များထဲမှ အရေးပါဆုံးတစ်မျိုးမှာ မဂ္ဂနီဆီယမ်ဓာတ်ပင် ဖြစ်သည်ဟု ဟောက်စ်တန်ရှိ ဘေလာဆေးကောလိပ်မှ ကလေးသူငယ်ဆိုင်ရာ ဆေးပညာပါမောက္ခ စတီဗင် အေဘရမ်က ပြောသည်။

# ပဲခူးမြို့၌ မိုးအနည်းငယ်ရွာပြီး လေပြင်းတိုက်ခတ်



**ပဲခူး မေ ၈**

ပဲခူးမြို့၌ မေ ၇ ရက် နံနက် ၇ နာရီခန့်တွင် မိုးအနည်းငယ်ရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဥဿာမြို့သစ် (၇)ရပ်ကွက် ဗိုလ်မင်းရောင် (၇) လမ်း၌ လောပိတဓာတ်အားလိုင်းတိုင် အောက်ခြေမှပြတ်၍ နေအိမ်တစ်လုံးပေါ် လဲကျသွားပြီး **(အပေါ်ပုံ)** လူနှင့် တိရစ္ဆာန် ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(၅၈၈)**



ယခင်မူလအတိုင်း တွေ့ရှိရသည့် ဓာတ်အားလိုင်းတိုင်အား မြင်တွေ့ရစဉ်။


နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၅၁၂၇၇ ၊၂၅၁၂၈၈

မင်္ဂလာ (၂) အဆင့်မြင့်ရုပ်ရှင်ရုံ ဒဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉ ၇၃၂၅၄၀၉၁ ၊ ၀၉၇၃၂၅၄၀၉၂

မင်္ဂလာဒိုင်းမွန်း အဆင့်မြင့်ရုပ်ရှင်ရုံ ဒိုင်းမွန်းပလာဇာ (၅)လွှာ၊ မန္တလေး ဖုန်း - ၀၉၄၀၂၇၅၆၄၁၊ ၀၉၄၀၂၇၅၆၄၂

၂၉.၄.၂၀၁၃ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ




ရွှေဆောင် အဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း - ၂၅၂၁၁၃ ၊ ၃၈၈၀၃၄

မင်္ဂလာ ဒိုင်းမွန်း အဆင့်မြင့်ရုပ်ရှင်ရုံ ဒိုင်းမွန်းပလာဇာ (၅)လွှာ၊ မန္တလေး ဖုန်း - ၀၉၄၀၂၇၅၆၄၁ ၊ ၀၉၄၀၂၇၅၆၄၂

၂၆.၄.၂၀၁၃ ရက်မှစတင်၍ တစ်ပြိုင်တည်းပြသနေပါပြီ



## နိုင်ငံတကာသတင်း

## ပင်တဂွန်၏ အစီရင်ခံစာပါစွပ်စွဲချက် အခြေအမြစ်မရှိဟု တရုတ်အစိုးရ ပြောဆို

**ပေကျင်း မေ ၈**

အမေရိကန်ပြည်ထောင်စု၏ စစ်ရေးလျှို့ဝှက်ချက်များအား ဖော်ထုတ်နိုင်ရန် တရုတ်နိုင်ငံက ကွန်ပျူတာကွန်ရက်ဆိုင်ရာ လုံခြုံရေးစနစ်များကိုချိုးဖောက်ကာ သူလျှိုပြုလုပ်ခဲ့သည်ဆိုသော ပင်တဂွန်စစ်ဌာနချုပ်၏ အစီရင်ခံစာသည် အခြေအမြစ်မရှိကြောင်း တရုတ်နိုင်ငံက မေ ၈ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၀၆ခုနှစ်နောက်ပိုင်း အမေရိကန်ပြည်ထောင်စု၏စစ်ရေးလျှို့ဝှက်ချက်များကိုသိရှိနိုင်ရန် ကွန်ပျူတာကွန်ရက်များအတွင်း ချိုးဖောက်ဝင်ရောက်မှု အကြိမ်ပေါင်း ၁၄၀ကျော်ပြုလုပ်ခဲ့သည်ဟု အမေရိကန်အခြေစိုက် ကွန်ပျူတာကွန်ရက် လုံခြုံရေးကုမ္ပဏီဖြစ်သော မန်ဒီယန်ကုမ္ပဏီက တွေ့ရှိရကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ စာမျက်နှာ ၈၃မျက်နှာပါ အစီရင်ခံစာတွင် စွပ်စွဲဖော်ပြထားသည်။

အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်၏ အစီရင်ခံစာပါ စွပ်စွဲချက်များကို တရုတ်အာဏာပိုင်များက ပယ်ချခဲ့သည်။

**အေအင်န်အိုင်။**

## အမေရိကန် ကွန်ဂရက်လွှတ်တော်၌ တောင်ကိုရီးယားသမ္မတ မိန့်ခွန်းပြောမည်





**မေ ၆ရက်က အာလင်တန်အမျိုးသားစစ်သင်္ချိုင်းရှိ အညတရစစ်သည် ဂူဗိမာန်တွင် တောင်ကိုရီးယားသမ္မတ လွမ်းသူ့ပန်းခွေချစဉ်။**

**ဝါရှင်တန် မေ ၈**

တောင်ကိုရီးယားသမ္မတ ပါခ်ဂွန်ဟေးသည် အမေရိကန် ကွန်ဂရက်လွှတ်တော်၌ မေ ၈ရက်တွင် မိန့်ခွန်းပြောကြားရန်စီစဉ်ထားကြောင်း အမေရိကန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

### တိုက်တွန်း

ပါခ်ဂွန်ဟေးသည် အမေရိကန်သမ္မတ ဘားရတ်အိုဘားမားနှင့်တွေ့ဆုံခဲ့ပြီးနောက် တစ်ရက်အကြာတွင် ကွန်ဂရက်လွှတ်တော်ရှိ အထက်နှင့်အောက်လွှတ်တော်နှစ်ရပ်၏ ပူးတွဲအစည်းအဝေးတွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် နျူကလီးယားလက်နက်ထုတ်လုပ်ရေးအစီအစဉ်ကိုစွန့်လွှတ်ကာ နိုင်ငံတကာ အသိုက်အဝန်းအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် အိုဘားမားနှင့် ပတ်တို့က တိုက်တွန်းခဲ့ကြသည်။

နှစ်ပေါင်းကြာရှည်စွာ မဟာမိတ်နိုင်ငံများအဖြစ် ရပ်တည်ခဲ့ကြသော မိမိတို့နှစ်နိုင်ငံသည် မြောက်ကိုရီးယား ပြဿနာနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းနိုင်ရန် လက်တွဲဆောင်ရွက်သွားကြမည်ဟု အမေရိကန်နှင့် တောင်ကိုရီးယား သမ္မတတို့ သဘောတူညီခဲ့ကြကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျွန်ဘိုးဟာက မေ ၇ရက်တွင် ပြောကြားသည်။

**ရိုက်တာ။**

## အီတလီ၌ ကုန်တင်သင်္ဘောတစ်စင်း မတော်တဆမှုဖြစ်ပွား၊ သုံးဦးသေဆုံး၊ ခြောက်ဦးပျောက်ဆုံး

**မီလန်(အီတလီ) မေ ၈**

အီတလီနိုင်ငံမြောက်ပိုင်းရှိ ဂျီနိုအာဆိပ်ကမ်းမြို့တွင် ကုန်သေတ္တာတင် သင်္ဘောတစ်စင်းက ဆိပ်ကမ်းရှိ ထိန်းချုပ်ရေးမျှော်စင်ကို ညပိုင်းတွင် ဝင်ရောက်တိုက်မိကြောင်း၊ ဖြစ်စဉ်ကြောင့် သုံးဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းများက မေ ၈ရက်တွင် ဖော်ပြသည်။

အဆိုပါကုန်သေတ္တာတင်သင်္ဘော မတော်တဆဖြစ်မှုတွင် သုံးဦးထက်မနည်းသေဆုံး၍ အများအပြားဒဏ်ရာရရှိကြောင်း၊ နိုင်ငံတောင်ပိုင်းရှိ နေပယ်လ်မြို့သို့ သွားရောက်မည့် ဂျိုလီနီရှိ အမည်ရှိသင်္ဘော ဖြစ်ကြောင်း၊ မေ ၇ရက် ညက ယင်းဆိပ်ကမ်းတွင် သင်္ဘောအဝင်အထွက် ရှုပ်ထွေးနေချိန်တွင် မျှော်စင်ကို ဝင်တိုက်ချိန်က မျှော်စင်ထဲတွင် လူ ၁၄ဦးခန့်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

မျှော်စင်၏ တစ်စိတ်တစ်ပိုင်း ရေထဲပြိုကျပျက်စီးကာ အသက် ၃၀ အရွယ်ရှိ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦး သေဆုံးကြောင်း၊ အဆိုပါသင်္ဘော ဆိပ်ကမ်းမှ ထွက်ခွာနေစဉ် မတော်တဆဖြစ်ခြင်းဖြစ်ကြောင်း၊ ညသန်းခေါင်ကျော်ပြီး နာရီဝက်ခန့်အကြာတွင်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျီနိုအာဆိပ်ကမ်းသည် အီတလီနိုင်ငံတွင် သင်္ဘောအဝင်အထွက် အများဆုံး ဆိပ်ကမ်းဖြစ်ကြောင်း၊ ကယ်ဆယ်ရေး လုပ်သားများက နောက်ကျိနေသော ရေပြင်ထဲတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



**ကုန်သေတ္တာတင်သင်္ဘောက ဝင်တိုက်မိသဖြင့် ကျိုးကျခဲ့ရသော ဆိပ်ကမ်းထိန်းချုပ်ရေး မျှော်စင်ကို တွေ့ရစဉ်။**

## အငြင်းပွားနယ်စပ်အနီးမှ တရုတ်နှင့်အိန္ဒိယတပ်ဖွဲ့များဆုတ်ခွာ

**နယူးဒေလီ မေ ၈**

တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် ၎င်းတို့၏တပ်ဖွဲ့များကို ဟိမဝန္တာဒေသ နှစ်နိုင်ငံတရားဝင်မဟုတ်သောနယ်စပ်အနီး ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသည့် နယ်မြေမှပြန်လည်ဆုတ်ခွာစေကြကြောင်း အိန္ဒိယမီဒီယာများကဖော်ပြသည်။

လွန်ခဲ့သည့်လက လာဒက်ဒေသရှိ တရားဝင်သတ်မှတ်ထားခြင်းမဟုတ်သော နယ်စပ်၏တစ်ဖက်စီတွင် နှစ်နိုင်ငံတပ်ဖွဲ့များသည် စခန်းများချ၍ မျက်နှာချင်းဆိုင် နေရာယူထားခဲ့ကြသည်။

### ဆုတ်ခွာ

အဆိုပါအငြင်းပွားမှုကို ဖြေရှင်းရန်အတွက် ဆွေးနွေးပွဲများကို အကြိမ်ကြိမ်ကျင်းပခဲ့ပြီးနောက် မေ ၅ ရက်တွင် နှစ်ဖက်တပ်များ ဆုတ်ခွာခဲ့ကြသည်ဟု သတင်းများက ဆက်လက်ဖော်ပြသည်။

ဟိမဝန္တာဒေသနယ်စပ်နယ်မြေများပိုင်ဆိုင်မှု နှင့်ပတ်သက်၍ မကြာခဏ အငြင်းပွားခဲ့ကြရာ ၁၉၆၂ ခုနှစ်တွင် ရက်တိုစစ်ပွဲတစ်ပွဲတိုက်ကြသည်အထိ ဖြစ်ခဲ့သည်။

နှစ်ဖက်တင်းမာမှုမှာလည်း မကြာခဏပေါ်ပေါက်လာခဲ့သည်။ နယ်စပ်သတ်မှတ်ရေးဆွေးနွေးပွဲများကို ကြိမ်ဖန်များစွာကျင်းပခဲ့ကြသော်လည်း ယခုအချိန်အထိ အောင်မြင်မှုမရရှိခဲ့ကြသေးပေ။

နှစ်နိုင်ငံတပ်မှူးများသည် လေးကြိမ်တိုင်တိုင် ဆွေးနွေးကြပြီးနောက် တနင်္ဂနွေနေ့(မေလ ၅)ရက် ညနေပိုင်းတွင် ၎င်းတို့၏တပ်ဖွဲ့များကို မီတာ ၃၀၀ အထိ ဆုတ်ခွာကြရန် အမိန့်ပေးခဲ့ကြသည်။

### ငြင်းဆိုခဲ့

တရုတ်တပ်ဖွဲ့များသည် ဧပြီ ၁၅ ရက်တွင် အိန္ဒိယပိုင်နက်နယ်မြေအတွင်းသို့ ၁၀ ကီလိုမီတာအထိ ဝင်ရောက်ခဲ့ကြကြောင်း၊ ကက်ရှ်မီးယားအရှေ့ပိုင်း လာဒက်ဒေသ၌ တဲများဆောက်၍ စခန်းချလျက်ရှိကြောင်း အိန္ဒိယတာဝန်ရှိသူများက စွပ်စွဲခဲ့သည်။ တရုတ်နိုင်ငံက နယ်မြေကျူးကျော်သည့် သတင်းကိုငြင်းဆိုခဲ့သည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးမထွက်မီ၊ တရုတ်ဝန်ကြီးချုပ် အိန္ဒိယသို့ ခရီးမထွက်မီ တနင်္ဂနွေနေ့ နှစ်ဖက်တပ်များ ဆုတ်ခွာသည့်သတင်းတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

**ဘီဘီစီ။**


Junction Cineplex
အ ဆင့် မြင့် ရုပ် ရှင် ရုံ

**“ Midnight Show အထူးအစီအစဉ်”**

**2013 May 11th ရက်နေ့တွင် Midnignt Show(11:30) ပွဲစဉ်အား**
**အထူးအစီအစဉ်တစ်ရပ်အနေဖြင့်**
**Junction Cineplex (Square) တွင် ပြသသွားပါမည်. .**
**Midnignt Show အတွက် ရုပ်ရှင်လက်မှတ်ဝယ်ယူသူတိုင်း**
**Pop Corn တစ်ဖုံးလက်ဆောင်ရရှိမည်ဖြစ်သောကြောင့်**
**အမြန်ဆုံးBooking လုပ်ရအောင် . . .**

ပွဲချိန် ၁၁-၅-၂၀၁၃ရက်နေ့ တစ်ရက်တည်းအတွက်သာ
၁၀ : ၀၀ ၊ ၁ : ၀၀ ၊ ၃ : ၀၀ ၊ ၆ : ၀၀ ၊ ၉ : ၀၀ ၊ ၁၁ : ၃၀




Junction Cineplex Square - 2nd floor, Junction Centre (Square) . Tel : 01 527 055

Junction Cineplex
အ ဆင့် မြင့် ရုပ် ရှင် ရုံ
၁၀.၅.၂၀၁၃ တွင် စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် **Booking** လက်ခံနေပါပြီ )











**Junction Square ( Ph - 01 527 055 )**

| | | |
|---|---|---|
| Fire With Fire | တနင်္ဂနွေ မှ ကြာသပတေး | 10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 |
| | သောကြာ ၊ စနေ | 10 : 00 ၊ 1 : 00 ၊ 4: 00 ၊ 7 : 00 ၊ 9 : 30 |
| IRON MAN 3 (3D) | တနင်္ဂနွေ မှ ကြာသပတေး | 10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 |
| | သောကြာ ၊ စနေ | 10 : 00 ၊ 1 : 00 ၊ 4: 00 ၊ 7 : 00 ၊ 9 : 30 |
| အမုန်းမီးတောက် | တနင်္ဂနွေ မှ ကြာသပတေး | 10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 |
| | သောကြာ ၊ စနေ | 10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30 |

**Junction Maw Tin ( Ph - 01 225 244 )**

| | | |
|---|---|---|
| IRON MAN 3 (3D) | တနင်္ဂနွေ မှ ကြာသပတေး | 10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 |
| | သောကြာ ၊ စနေ | 10 : 00 ၊ 1 : 00 ၊ 4: 00 ၊ 7 : 00 ၊ 9 : 30 |
| အမုန်းမီးတောက် | တနင်္ဂနွေ မှ ကြာသပတေး | 10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 |
| | သောကြာ ၊ စနေ | 10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30 |

**Junction Nay Pyi Taw ( Ph - 067 421 615 )**

| | | |
|---|---|---|
| ရက်စ်ဘော့စ် | နေ့စဉ် | 10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30 |

ပြည်တွင်းရေးရာ

# ပင်လည်ဘူးမြို့နယ်၌ အခြေခံပညာမူလတန်းကျောင်းခွဲနှင့် ကိုယ့်အားကိုယ်ကိုး ၂၄ နာရီလျှပ်စစ်မီးဖွင့်

**နေပြည်တော် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ခတက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်နှင့် မြို့နယ်လက်ထောက်ပညာရေးမှူးတို့က ကျောင်းခွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌသည် ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး ဟွန်ဒါမီးစက်၊ ရုပ်မြင်သံကြားဖမ်းစက်၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ မြေလင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီး ဦးတင်ဝင်းနှင့် တာဝန်ရှိသူတို့က ၂၄ နာရီ လျှပ်စစ်မီးဖွင့်ပွဲမှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌက လျှပ်စစ်မီးဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ ပန်းခူးကျေးရွာ ကိုယ့်အားကိုယ်ကိုး ၂၄ နာရီလျှပ်စစ်မီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ကလေးဝ-ယာကြီးလမ်းတွင် ယာဉ်ကြီးများမှ လွဲ၍ ယာဉ်ငယ်များသွားလာမှုမပြတ်ပြေးဆွဲနေ

**ကလေး မေ ၈**

ကလေးဝ-ယာကြီး-မုံ ရွာကားလမ်းကို ၁-၆-၂၀၀၀ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး နွေနှင့် ဆောင်းရာသီများတွင်သာ အသုံးပြု၍ရသော လမ်းဖြစ်သည်။ မိုးရာသီဆိုလျှင် လုံးဝသွားလာ၍မရပေ။ ကလေး -ကလေးဝ-ယာကြီး- မုံရွာလမ်းသည် ၁၃၅ မိုင်ရှိ၍ ကလေး-ကလေးဝလမ်းပိုင်းကို အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးအဖြစ် အိန္ဒိယနိုင်ငံမှ ၁၃-၆-၁၉၉၇ ခုနှစ်က ခင်းပေးထားရာ ၂၃ မိုင် ရှည်လျားသည်။

ယခင်မိုးရာသီနှစ်များက ယာကြီးလမ်းသည် တောင်ပြိုခြင်း၊ မြေသားပြိုကျခြင်းများကြောင့် သွားလာ၍မရခဲ့ပေ။ လမ်းပျက်စီးမှုအဆိုးဆုံးနေရာများဖြစ်သည့် မက်မဲကျေးရွာနှင့် ကျော်ရွာ ကျေးရွာကြား လာပို့ကျေးရွာအထွက် မိုင်တိုင်အမှတ် (၆၃)၊( ၆၆)၊ (၆၇)၊ (၆၈)၊ (၇၀)၊ (၇၃)၊ (၇၄)၊ နေရာများတွင် သွားလာ၍မရအောင် ဆိုးရွားသောကြောင့် လိုင်းကားများအနေဖြင့် ဂန့်ဂေါလမ်းမကြီးဖြစ်သော ပုံတောင်ပုံညာလမ်းအတိုင်း သွားလာရသည်။ ဂန့်ဂေါမှ ပတ်သွားရသဖြင့် လမ်းကြောရှည်သောကြောင့် ခရီးသည်များအနေဖြင့် လူပင်ပန်း၊ စိတ်ပင်ပန်း ဖြစ်ခဲ့ရသည်။

ယင်းဒုက္ခများမှ ကင်းလွတ်ရန်အတွက် နိုင်ငံတော်မှ တာဝန်ရှိသူများအနေဖြင့် ယခုနှစ်ပွင့်လင်းရာသီအတွင်း ကလေးဝနှင့်ကျောက်တန်းကြား လမ်းများပြုပြင်ထားခြင်း၊ မြေထိန်းနံရံများပြုလုပ်ခြင်း၊ တံတားများ အသစ်ပြန်လည်တည်ဆောက်ခြင်းများကို ပြုလုပ်ပေးထားသည်။ ဆိုးရွားနေသောလမ်းများကိုလည်း အပိုင်းလိုက် ပြုပြင်ထားသည်ကို တွေ့ရသည်။ ကလေးဝ-ယာကြီးလမ်းပေါ်တွင် တံတားအစင်းပေါင်း ၁၇၄ စင်းရှိ၍ ပြုပြင်ရန်လိုအပ်သော တံတားများကို ဆက်လက်ပြင်ဆင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ယခုနှစ်အတွင်း မိုးကျသော်လည်း မှန်လုံကားကြီးများ၊ ယာဉ်ကြီး ယာဉ်ငယ်များ သွားလာနေကြသည်ကို တွေ့ရသည်။ ယခုနှစ် မိုးရာသီတွင် ယာကြီးလမ်းမ အခြေအနေနှင့် ပတ်သက်၍ ရှမ်းတောင်တန်း ပါဂွဲရိုးဂိတ်မှ ယာဉ်မောင်းတစ်ဦးက ပြောကြားရာတွင် "လမ်းတွေက တော်တော်ပြင်ထားတာကို တွေ့ရတယ်၊ အချို့တံတားတွေလည်း ပြင်ထားတယ်ဗျ၊ ဒီနှစ်မိုးရာသီမှာ ကလေးမြို့မှ ကားဂိတ်တွေကို အကြောင်းကြားတာကတော့ ယာကြီး-ကလေးဝလမ်းပိုင်း မိုင်တိုင်အမှတ် (၄၀/၀) မှ (၁၁၅/၀) အထိကို ၁-၆-၂၀၁၃ ရက်မှ ၁-၁၀-၂၀၁၃ ရက်အထိ ယာဉ်ကြီးများ သွားလာခွင့်ကို ခေတ္တပိတ်ထားကြောင်း ဒီနှစ်မိုးရာသီမှာ ယာဉ်ငယ်တွေ သွားလို့ရနိုင်တယ်" ဟုပြောပြသည်။

**(သျှင်နေမင်း)**



## ဓာတ်ပုံသတင်းမြင်ကွင်း

ကမ္ဘာလုံးဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်ဖြင့် ရန်ကုန်မြို့တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ မော်တော်ယာဉ်များ ယာဉ်စည်းကမ်းလိုက်နာရန်နှင့် ခြေကျင်လျှောက်ပြည်သူများ စည်းကမ်းလိုက်နာစေရန်အတွက် ယာဉ်ထိန်းရဲများ တာဝန်ထမ်းဆောင်နေကြသည်ကို မေ ၈ ရက် နံနက်ပိုင်းတွင် မဟာဗန္ဓုလလမ်းမကြီးနှင့် ဆိပ်ကမ်းသာလမ်းဆုံရာနေရာ၌ တွေ့ရစဉ်။ **(စိုးဝင်း-MLA)**

# ကုန်တင်ယာဉ်များ ဈေးနှုန်းကျဆင်းလာ

**ရန်ကုန် မေ ၈**

ကုန်တင်ယာဉ် လောကတွင် အပ်ကားများဖြစ်သော စ၊ ဆ အက္ခရာပေါက်ကုန်ကားများ တစ်စီးလျှင် ကျပ်သိန်း ငါးဆယ်ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယင်းဈေးနှုန်းမှာ ကုန်ကားအပ်ကား စလစ်ဈေးနှုန်းဝန်းကျင်သာရှိရာ ဝယ်ယူသူများအနေဖြင့် အပ်နှံရန်ဝယ်ယူခြင်းမဟုတ်ဘဲ ကုန်တင်ဆောင်ရန် ဝယ်ယူခြင်းဖြစ်ကြောင်း၊ ချက်ပလက်ကုန်တင်ယာဉ်ကြီးများဆိုလျှင် တစ်စီးလျှင် ကားအခြေအနေပေါ်မူတည်၍ သိန်း ၇၀ မှ ၉၀ အတွင်း ရောင်းဝယ်နေကြကြောင်း၊ ပြင်ဆင်ပြီး ကားဘော်ဒီနှင့် အင်ဂျင်အခြေအနေကောင်းမွန်သော ချက်ပလက်ကားကြီးမှာ တစ်စီးလျှင် ကျပ်သိန်း ၁၅၀ ဝန်းကျင်ရှိခဲ့ရာမှ ဈေးကျလာခြင်းဖြစ်ကြောင်း ကားပိုင်ရှင်တစ်ဦးက ဆိုသည်။

ကျပ်သိန်းသုံးရာ ဝန်းကျင်ဖြင့် ၂၀၁၁ ခုနှစ်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ပုံပြောင်း ၁၄ ပေ ကင်တာကားများမှာ ယခုအခါ ကျပ်သိန်း ၁၅၀ မှ ၁၇၀ ကြားသာရှိသည်ဟု သိရသည်။ ကုန်တင်ယာဉ်ဈေးနှုန်းများ နိမ့်ကျလာမှုကြောင့် ကုန်ကားပိုင်ရှင်များ အရင်းအနှီးနည်းစွာဖြင့် ကုန်စည်ပို့ဆောင်ရေး လောကကို လုပ်ကိုင်လာနိုင်ကြောင်း၊ ၂၀၁၀ ခုနှစ်ဝန်းကျင်တွင် တစ်စီးလျှင် ကျပ်သိန်း ကိုးရာဝန်းကျင်ရှိခဲ့သော ၁၂ ဘီး ကုန်တင်ယာဉ်များမှာ ယခုနှစ်ပိုင်းတွင် ၁၂ ဘီး ကားသစ် ဖူဆိုအမျိုးအစား ကျပ်သိန်း ၃၅၀ ဝန်းကျင်၊ နစ်ဆန်းအမျိုးအစား ကျပ်သိန်း ၄၅၀ ဝန်းကျင်သို့ ဈေးကျလာကြောင်း ကုန်တင်ယာဉ်ပိုင်ရှင် တစ်ဦးက ဆိုသည်။

ကုန်တင်ယာဉ် လက်ရှိပိုင်ဆိုင်သူများအနေဖြင့် အိမ်စီးကား၊ မိမိပိုင်ကားတန်ဖိုး ထက်ဝက်နီးပါး ကျဆင်းသော်လည်း ထပ်မံဝယ်ယူမည့်သူများအနေဖြင့် ကုန်ကားဈေးများ ကျလာမှုကြောင့် ရင်းနှီးမြှုပ်နှံငွေနည်းပါးစွာဖြင့် ကုန်တင်ယာဉ် ပြေးဆွဲခြင်းလုပ်ငန်းသို့ ဝင်ရောက်လာနိုင်ပြီဖြစ်သည်။

လက်ရှိ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးများလာသော ၂၂ ဘီးနောက်တွဲယာဉ်ကြီးများ၊ ၁၂ ဘီး ကုန်တင်ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိတို့ပိုင်သော ကုန်တင်ယာဉ်ကြီးများကို အများပြည်သူသွားလာနေသော ကားလမ်းမကြီးများဘေးတွင် ရပ်တန့်ထားခြင်း၊ ကုန်တင်ကုန်ချပြုလုပ်နေခြင်းကြောင့် အများပြည်သူအသုံးပြုနေသော ယာဉ်ကြောများ ကျဉ်းမြောင်းပိတ်ဆို့မှုများ ဖြစ်နေရာ မိမိတို့စီးပွားရေးလုပ်ဆောင်မှုများသည် အများပြည်သူအပေါ် ထိခိုက်မှုမရှိရန် ဆင်ခြင်သင့်သည်ဟု မြို့တွင်းသွားလာသူများက ဆိုသည်။

ကုန်သေတ္တာတင် ယာဉ်ရပ်နားစခန်းသစ်ကို ၂၀၁၂ ခုနှစ် နှစ်လယ်တွင် ဒဂုံဆိပ်ကမ်းမြို့နယ်၌ ဖွင့်လှစ်ထားသော်လည်း ရန်ကုန်မြို့တွင်းနေရာအများအပြားတွင် ယင်းယာဉ်ကြီးများ ရပ်နားမှုများရှိနေကြောင်း၊ ထို့အတူ ကုန်တင်ယာဉ်မျိုးစုံသည်လည်း ကားလမ်းမဘေးတွင် ကားဂိတ်လုပ်ငန်းများ လုပ်ကိုင်ခွင့်မရှိဘဲ လုပ်ဆောင်နေသည်ဟု ရပ်ကွက်နေပြည်သူများက ဆိုသည်။

**(မောင်စေအောင်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၉-၅-၂၀၁၃ (ကြာသပတေးနေ့)**

**(၁၃၇၅ ခုနှစ်၊ တန်ခူးလကွယ်၊ ဥပုသ်နေ့)**

| | |
|---|---|
| ၆:၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆:၁၅ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |
| ၆:၄၀ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၇:၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း |
| ၇:၃၀ | "မဟော်သဓာ"(အပိုင်း-၁၅) |
| ၁၀:၁၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ(မိစန္ဒီ) |
| ၁၁:၀၀ | "အရက်နှင့် ကျန်းမာရေး" (အပိုင်း-၂) |
| ၁၂:၂၅ | မြန်မာဗီဒီယိုဇာတ်လမ်း "သားလူလေး မတ်တတ်ရပ်ပြီ" (ထိုက်တန်၊ မေသက်ခိုင်၊ စိုးမိုးကြည်) (ဒါရိုက်တာ- ဟိန်းဇော်) |
| ၃:၁၅ | "ပြည်သူ့အတွက် ကုသပေး ရွှေ့လျားကျန်းမာရေး" |
| ၄:၁၅ | မြန်မာစာ၊ မြန်မာစကား |
| ၄:၄၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(အရှေ့တိုင်းပညာ အထူးပြု)(အရှေ့တိုင်းပညာ) |
| ၈:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း |
| ၈:၃၅ | "စေတနာသဒ္ဓါရှင်များအတွက် ထိုက်တန်စွာဂုဏ်ပြုနိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု" |




# ကင်ဆာနှင့် စားသောက်နေထိုင်မှု (အမျိုးသမီးရင်သားကင်ဆာ)

## ကိုရွှေသိမ်းအေး(ငါးသိုင်းချောင်း)

အမျိုးသမီးများ ကင်ဆာဖြစ်ပွားမှုတွင် ဒုတိယအများဆုံးမှာ ရင်သားကင်ဆာဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် တစ်နှစ်လျှင် ရင်သားကင်ဆာဖြစ်ပွားသူ ၄၂၀၀၀ ခန့်ရှိကြောင်း သုတေသနပြုချက်၌ ဖော်ပြထားပါသည်။ ရင်သားကင်ဆာဖြစ်ပွားမှုမှာ စားသောက်နေထိုင်မှုနှင့် ဆက်နွယ်လျက်ရှိကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်ပြောကြားထားပါသည်။

ဆင်းရဲသောအမျိုးသမီးများသည် ချမ်းသာကြွယ်ဝသော အမျိုးသမီးများထက် ရင်သားကင်ဆာရောဂါဖြစ်ပွားမှုကို ပိုမိုခံစားရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားထားပါသည်။ သုတေသနပြုချက်အရ ရင်သားကင်ဆာဖြစ်ပွားသူ အမျိုးသမီး ၁၃၀၀၀ ခန့်ကို စစ်ဆေးကြည့်ရာ ၂၂ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးပြီး ကြိုတင်စစ်ဆေးမှုမပြုနိုင်ကြောင်းတွေ့ရှိရသည်။ ဆေးကုသရာတွင် ငွေကုန်ကြေးကျများပြားခြင်းကြောင့် ထိရောက်သောကုသမှုမပြုလုပ်နိုင်ခြင်း၊ ခွဲစိတ်ကုသမှုမပြုလုပ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သုတေသနပညာရှင် ဒေါက်တာ လက်လေဝေါကာက ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဆင့်မြင့်လူနေမှုစနစ်နှင့်အတူ အရည်အသွေးညံ့သော အစားအစာ၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းကင်းမဲ့မှုနှင့် စည်းစိမ်ယူတတ်မှုတို့ကြောင့် အဝလွန်သူများသည် ကင်ဆာရောဂါဖြစ်လာကြသည်။ အဝလွန်သော အမျိုးသမီးလူနာများတွင် ရင်သားကင်ဆာဖြစ်ပွားသူ ၄၅ ရာခိုင်နှုန်းတွေ့ရှိရကြောင်း သုတေသနပညာရှင်များက ပြောကြားထားပါသည်။ အဝလွန်မှုများလေ ရောဂါဖြစ်ပွားမှုနှုန်းမြန်ဆန်လေဖြစ်ကြောင်း တက္ကဆက်တက္ကသိုလ်ကင်ဆာဌာနမှ ဒေါက်တာ မက်စီနိုခရစ္စတိုဖာနီက သတိပေးထားလေသည်။ အဆီတစ်သျှူးများကို သုတေသနပြုလေ့လာခဲ့ရာ ရောင်ရမ်းမှုများက ရောဂါဖြစ်ပွားမှုကို ပိုမိုဆိုးရွားစေနိုင်ကြောင်း တွေ့ရှိထားပေသည်။

တစ်ဖန် ရင်သွေးငယ်များကို နို့ချိုတိုက်ကျွေးမှုနည်းပါးသည့် မိခင်များသည် အသက်(၄၀)ကျော်လာသောအရွယ်၌ ရင်သားကင်ဆာဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း ကနေဒါဆေးပညာရှင်များက သတိပေးခဲ့သည်။ ရင်သားကင်ဆာဖြစ်ပွားသည့် အမျိုးသမီး ၁၀၀၀ ကို ၁၅ နှစ်ကြာသုတေသနပြုခဲ့ရာ ရင်သွေးငယ်အား မိခင် နို့ချိုတိုက်ကျွေးမှုအားနည်းသော အမျိုးသမီး ၅၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရသည်။ မိခင်နို့ချိုတိုက်ကျွေးခြင်းဖြင့် ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ဟန့်တားနိုင်ကြောင်း အကြံပြုထားသည်။

အမျိုးသမီးများအနေဖြင့် သွေးမဆုံးမီအချိန်ကာလများတွင် အမျှင်ဓာတ်ပါသော အစားအစာများကို ပိုမိုစားသုံးပါက ရင်သားကင်ဆာဖြစ်ပွားမှုကို လျော့ကျစေနိုင်ပါသည်။ သုတေသနပညာရှင်များက အသက်(၃၅)နှစ်မှ (၆၉) နှစ်အကြားရှိ အမျိုးသမီး ၃၅၀၀၀ ကို သုတေသနပြုခဲ့ရာ အမျှင်ဓာတ်နှင့် ရင်သားကင်ဆာ ဆက်စပ်မှု ရှိနေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အမျှင်ဓာတ်ပါသော သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များကို နေ့စဉ်စားသုံးသင့်ကြောင်း တိုက်တွန်းထားသည်။

ဂေါ်ဖီနှင့်ပန်းဂေါ်ဖီကို နေ့စဉ်နီးပါး စားပေးခြင်းဖြင့် ရင်သားကင်ဆာဖြစ်စေသော ကာစီနိုဂျင်နစ်ဆဲလ်များကို မဖြစ်ပေါ်စေနိုင်အောင် ဟန့်တားထားနိုင်ကြောင်း၊အကျိတ်အဖုများကိုလည်း ခြေဖျက်နိုင်စွမ်းရှိကြောင်း ကနေဒါသုတေသနပညာရှင် ပါမောက္ခ ဝီလ်ဆင်က ပြောကြားထားသည်။ တစ်ဖန်

**ရေနွေးကြမ်းကို နေ့စဉ်သောက်သုံးပေးသည့် အလေ့အကျင့်ကို ငယ်စဉ်ကပင် ပြုလုပ်ပေးပါက အရွယ်ရောက်လာသောအခါ အမျိုးသမီးများ ရင်သားကင်ဆာ ဖြစ်ပွားမှုနည်းပါး၊ ရေနွေးကြမ်းတွင် ကင်ဆာဆဲလ်များကိုဖျက်နိုင်သော ဓာတ်ပေါင်းများပါရှိ။**

အမျိုးသမီး ၁၀၀ ခန့်အား သုတေသနပြုရာ ရေနွေးကြမ်းကို နေ့စဉ်သောက်သုံးပေးသည့်အလေ့အကျင့်ကို ငယ်စဉ်ကပင် ပြုလုပ်ပေးပါက အရွယ်ရောက်လာသောအခါ အမျိုးသမီးများ ရင်သားကင်ဆာ ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရှိထားပါသည်။ ရေနွေးကြမ်းတွင် ကင်ဆာဆဲလ်များကို ဖျက်နိုင်သော ဓာတ်ပေါင်းများပါရှိကြောင်း တွေ့ရှိရသည်။

အထူးသဖြင့် အမျိုးသမီးများ ရင်သားကင်ဆာ ဖြစ်ပွားမှုမှ ကာကွယ်ရာတွင် ကိုယ်လက်လှုပ်ရှားမှုသည် အဓိက အရေးကြီးလှပေသည်။ ငယ်ဘဝမှစတင်ကာ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကို နေ့စဉ် ၁၅ မိနစ်ခန့် ပြုလုပ်ပေးပါက အသက်အရွယ်ရလာသောအခါ ရင်သားကင်ဆာဖြစ်ပွားမှု နည်းပါးစေကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားထားသည်။ သွေးစီးဆင်းမှုနှင့် ဆဲလ်များသန်စွမ်းမှုကို ပံ့ပိုးပေးနိုင်သည်။ ဆဲလ်များ ပျက်စီးမှုကိုလည်း ကာကွယ်ပေးသည်။ အမေရိကန်သုတေသနပညာရှင်များကလည်း အမျိုးသမီးများအနေဖြင့် မြေပြင်အနိမ့်အမြင့်များတွင် စက်ဘီးစီးခြင်း၊ တင်းနစ်ရိုက်ခြင်း၊ ကျွမ်းဘားကစားခြင်း၊ ကခုန်ခြင်းများပြုလုပ်ပေးခြင်းဖြင့် ရင်သားကင်ဆာဖြစ်ပွားမှုကိုကာကွယ်စေနိုင်ကြောင်း သုတေသနပြုဖော်ထုတ်ပေးထားလေသည်။

သောက်ဆေးအနေဖြင့် အက်စ်ပရင်နှင့် အိုင်ဘူပရိုဖင်ကဲ့သို့သော အကိုက်အခဲပျောက်ဆေးများ ပုံမှန်သောက်သုံးမှုသည် အမျိုးသမီးရင်သားကင်ဆာဖြစ်ပွားမှုကို လျော့နည်းစေကြောင်း နိုင်ငံတကာလေ့လာချက်တစ်ရပ်တွင် တွေ့ရှိထားသည်။ သို့သော် အကိုက်အခဲပျောက်ဆေးကို အလွန်အကျွံမသောက်သင့်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။ ဗီတာမင်ဒီမှာလည်း ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်မှုပေးကြောင်း သိရှိရသည်။

ကုသမှုအပိုင်းတွင် ခေတ်မီလာသည်နှင့်အမျှ အမျိုးသမီးများ ရင်သားကင်ဆာဖြစ်နိုင်မှု ရှိ၊ မရှိ ဆံပင်ကိုဓာတ်မှန်ရိုက်ကြည့်ခြင်းဖြင့် သိရှိနိုင်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားထားသည်။ အမျိုးသမီး ၂၀၀၀၀ တို့၏ ဆံပင်များကို ဓာတ်မှန်ရိုက်ကြည့်သည့်အခါ ၇၅ ရာခိုင်နှုန်းမှာ အဖြေမှန်ကန်ကြောင်း တွေ့ရှိရသည်။

ကွန်ပျူတာကိုအသုံးပြုပြီး ရင်သားကင်ဆာဖြစ်ပွားမှုကို ရှာဖွေဖော်ထုတ်ရာတွင် အလွန်လျင်မြန်ပြီး ထိရောက်မှုလည်းရှိကြောင်း လန်ဒန်ကင်ဆာသုတေသနပညာရှင်များက ပြောကြားထားသည်။ ကွန်ပျူတာဖန်သားပြင်တွင် ကင်ဆာအဖုအကျိတ်အရွယ်အစားနှင့် ပျံ့နှံ့မှုအခြေအနေများပါ အသေးစိတ်တွေ့မြင်နိုင်သဖြင့် မည်သို့ကုသရမည်ကို အကောင်းဆုံးအထောက်အကူပေးနိုင်မည်ဖြစ်သည်။ ဓာတ်ရောင်ခြည်ကုသရာ၌ နေရာလွဲချော်မှုလုံးဝမရှိပေ။ ကုသစဉ်ကာလအတွင်း ထူးခြားမှု ရှိ၊ မရှိ မျက်မြင်တွေ့နိုင်မည်ဖြစ်သည်။

သို့သော် "ကုသခြင်းထက် ကာကွယ်ခြင်းက ပိုကောင်းသည်" ဆိုသည့်စကားနှင့်အညီ အမျိုးသမီးများရင်သားကင်ဆာကို ကြိုတင်ကာကွယ်နိုင်စွမ်းရှိကြောင်း ဟားဗတ်ဆေးသိပ္ပံကျောင်းနှင့် ဘရစ်ဟမ်းအမျိုးသမီးဆေးရုံမှ အာဟာရဓာတ်ဆိုင်ရာ ပညာရှင်များက အောက်ပါအတိုင်း အကြံပေးလမ်းညွှန်ပြောကြားထားသည်။

"ကျွန်တော်တို့အဖွဲ့ တွေ့ရှိချက်အရ အမျှင်ဓာတ်ပါတဲ့ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေမှာ ကာရိုတန်နွိုက်စ် ဓာတ်ပေါင်းပါဝင်နေပါတယ်၊ ဒီဓာတ်ပေါင်းဟာ အမျိုးသမီးများ ရင်သားကင်ဆာဖြစ်ပွားမှုကို ဟန့်တားထားနိုင်စွမ်းရှိပါတယ်၊ ဖရဲသီး၊ လိမ္မော်သီး၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ မုန်လာဥ၊ ပန်းမုန်လာ၊ အာလူး၊ ခရမ်းချဉ်သီး၊ ရွှေဖရုံသီး၊ ငရုတ်ကောင်း စတဲ့ သီးနှံတွေမှာ ကာရိုတန်နွိုက်စ်ဓာတ်ပေါင်းကြွယ်ဝစွာပါဝင်နေတဲ့အတွက် ပုံမှန်စားပေးဖို့ အကြံပြု တိုက်တွန်းလိုပါတယ်၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများလည်း မှန်မှန်လုပ်ဖို့လိုအပ်ပါတယ်" စသဖြင့် အမျိုးသမီးများ ရင်သားကင်ဆာနှင့် စားသောက်နေထိုင်မှုကို သုတေသနပညာရှင်များ၏ ဖော်ထုတ်လမ်းညွှန်ချက်များအား လေးစားလိုက်နာသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။



# မျက်စိအလင်းလှူပွဲ ပုဏ္ဏားကျွန်း၌ ကျင်းပ

**ပုဏ္ဏားကျွန်း မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ၁၁ ပါးမြောက် ပိဋကတ်သုံးပုံ အာဂုံဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ရခိုင်ဆရာတော်) အရှင်ကုန္တပါလ ဦးဆောင်သည့် တိပိဋကစက္ခုပါလ အဖွဲ့၏ (၁၀)ကြိမ်မြောက် မျက်စိအလင်းလှူပွဲကို မျက်စိပညာရှင် အကျိုးဆောင် မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာအေးထွန်းနှင့် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ အရေပြားဆရာဝန် ဒေါက်တာ ဒေါ်ခင်မြလွင်နှင့် အထွေထွေသမားတော် ဆရာဝန်များက မေ ၁ ရက်မှ ၄ ရက်အထိ မျက်စိစမ်းသပ်ဝေဒနာရှင် ၁၉၉၄ ဦး၊ ခွဲစိတ်လူနာ ၃၉၈ ဦး၊ အထွေထွေဝေဒနာရှင်လူနာ ၇၆၁ ဦး၊ အရေပြားကုသမှု လူနာ ၄၃၄ ဦးတို့အား ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

မျက်စိအလင်းလှူပွဲကြီးအား ဖားကန့်ဒေသနေ ပုဏ္ဏားကျွန်းမြို့နယ် ပြင်လျှားရှည်ကျေးရွာဇာတိဖွား ဦးမောင်သာထွန်းနှင့်ဇနီး ဒေါ်ခင်ညွန့်တို့က ငွေကျပ်သိန်း ၅၀၀ မတည်ပြီး မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသမှုနှင့် နေထိုင်စားသောက်စရိတ်များ လှူဒါန်းခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

# မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် မေ ၈**

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ စီးတီးစတားဟိုတယ်၌ ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။ အခမ်းအနားမှူးအဖြစ် ဆရာမျိုးမြင့်ညိမ်းက ဆောင်ရွက်ပြီး စာနယ်ဇင်းများက သိလိုသည်များကို စာရေးဆရာ ဖေမြင့်က ရှင်းလင်းပြောကြားသည်။ စာရေးဆရာဖေမြင့်က မြန်မာစာပေ ကျဆင်းနေရခြင်း အကြောင်းရင်းနှင့် မြန်မာစာပေ တိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်များကို အကျဉ်းချုပ်ရှင်းလင်းပြောကြားသည်။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၁ ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် စာတမ်းငါးစောင် ဖတ်ကြားမည် ဖြစ်သည်။ စာရေးဆရာ ဖေမြင့်က "မြန်မာစာပေ အထွေထွေ အခြေအနေ" စာတမ်းကို လည်းကောင်း၊ ဆရာမောင်ခင်မင်(ဓနုဖြူ)က "မြန်မာဘာသာစကား၊ အပြောအဆို၊ အရေးအသား တိမ်းချော်လာမှုများ ပြန်လည်တည့်မတ်ထိန်းသိမ်းရေး" စာတမ်းကို လည်းကောင်း၊ ဦးထွန်းဦး(ထွန်းဦး စာပေ၊ မန္တလေး)က "မြန်မာစာပေလုပ်ငန်း အခြေအနေနှင့် သုံးသပ်ချက်"စာတမ်းကို လည်းကောင်း၊ ဆရာမဂျူးက "မြန်မာနိုင်ငံတွင် ရသစာပေ အရည်အသွေး ကျဆင်းလာခြင်းနှင့် ပြန်လည်မြှင့်တင်ရန် နည်းလမ်းများ" စာတမ်းကို လည်းကောင်း၊ ဆရာမောင်ဇေယျာက "စာပေအသိပညာမြှင့်တင်ရေး အသင်းအဖွဲ့များအကြောင်း" စာတမ်းကို လည်းကောင်း အသီးသီးဖတ်ကြားကြမည်ဖြစ်ပြီး စာပေစိတ်ပါဝင်စားသူများက ဆွေးနွေးမေးမြန်းသည်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြမည်ဖြစ်သည်။ **(ကြေးမုံ)**

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
၂၀၁၃ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၁၂)၊ အမှတ် (၉)
- ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ထွက်ပြေးလာသူ တစ်ထောင်ကျော် အကူအညီလိုအပ်နေ
- မိုးကြိုးပစ်၍ သေသူ ၁၅ ဦးရှိလာ
- ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူများ၏ ၃ ပုံတစ်ပုံသည် ဆိုင်ကယ်စီးနင်းသူများဖြစ်
- တစ်ရပ်ကွက်တည်းနေသူ အမျိုးသမီးလေးဦးကို လူကုန်ကူးသူဖမ်းမိ
- လှူလေးထောင်တွင် သားဖွားဆရာမ တစ်ဦးသာရှိ
- ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်ကြောင့် တန်ဖိုးနည်းဟန်းဆက်တစ်ခေတ်ဆန်း
- ပြည်ပမှ တင်သွင်းလာသော ယာဉ် ၆,၀၀၀ ကျော် စီအင်န်ဂျီပြောင်းပြီး
- မြို့တော်ခန်းမရှေ့ မီဒီယာကော်နာဖျက်သိမ်း
- ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန်နှင့် သီးသန့်တွေ့ဆုံခြင်း အပြည့်အစုံ
- 7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂ မျက်နှာကို မေတ္တာလက်ဆောင်ထည့်သွင်းပေးထားပါသဖြင့် ဂျာနယ်အရောင်းဆိုင်များတွင် တောင်းယူနိုင်ပါသည်။

တစ်ပတ်အတွင်း ပြည်တွင်းပြည်ပသတင်းများကို တစ်စောင်တည်းဖတ်ရုံဖြင့် ပြည့်ပြည့်စုံစုံသိလိုလျှင် 7Day News ကိုရွေးလိုက်ပါ
ဆက်သွယ်ရန်ဖုန်း-၀၉- ၅၃၀၃၂၀၀၆ သတင်းထူးများ၊ ဆောင်းပါးများနှင့် အထူးသတင်းပေးပို့ချက်များ ကဏ္ဍစုံလင်စွာဖြင့်. . .

Food magazine Myanmar
Apple Store newsstand ပေါ်တွင်ဝယ်ယူရရှိနိုင်ပါပြီ။
အတွဲ-၂
အမှတ်-၅
မေလထုတ်
ပုံနှိပ်မဂ္ဂဇင်းလည်း စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။
တန်ဖိုး - ၃၀၀၀
လစေး မှာယူလိုသူများ အိမ်အရောက် ပို့ပေးသည်။



Enjoy our all-new iPad edition.
•Single Issue US$ 3. 99
•Monthly Subscription US$ 2.99
•6 Months Subscription US$ 12.99
•One Year Subscription US$ 19.99
SUBSCRIBE & SAVE 58 % !
Contact - Food magazine, ph-01-254127, 09-5033941.




လစေး မှာယူလိုသူများ အိမ်အရောက် ပို့ပေးသည်။
လစဉ် (၂၅) ရက်နေ့တိုင်း စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။
တန်ဖိုး ၃၀၀၀ ကျပ်
Contact - Hair & Style magazine, ph-01-254127, 09-5033941.

ပြည်တွင်းရေးရာ

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဧရာဝဏ်အိမ်ရာစီမံကိန်းနှင့် ရတနာအိမ်ရာစီမံကိန်းများ ဆောင်ရွက်မည်



နေပြည်တော် မေ ၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဧရာဝဏ်အိမ်ရာစီမံကိန်းနှင့် ရတနာအိမ်ရာစီမံကိန်းများ ဆောင်ရွက်မည့် ဆောက်လုပ်ရေးကုမ္ပဏီ အဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲကို မေ ၅ ရက် နံနက်ပိုင်းတွင် အဆိုပါ စီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ရန်ကုန်မြို့ ဧရိယာအတွင်း မြို့ပြအိမ်ရာစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝ မြင့်မားရေးအတွက် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အောင်မြင်စေရေး ဝန်ကြီးဌာနနှင့် ကုမ္ပဏီများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ဤစီမံကိန်းသည် လုပ်ငန်းကြီးဖြစ်၍ အတွေ့အကြုံနှင့် နည်းပညာသစ်များ အသုံးပြုရမည်ဖြစ်သည့်အတွက် စနစ်တကျ ဆောင်ရွက်မှသာ အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်၍ မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ ယာယီ ရေ/မီး ရရှိရေးသည် များစွာအရေးကြီးသဖြင့် စနစ်တကျ ဆောင်ရွက်ရန် အိမ်ရာစီမံကိန်းတွင် Precast စနစ်ဖြင့် ဆောင်ရွက်မည့် အစိတ်အပိုင်းများ ပါဝင်လာမည်ဖြစ်၍ လုပ်ငန်းတိုင်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်ရာစီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်နေမှု၊ Town Center အိမ်ရာစီမံကိန်း၊ အင်းဝအိမ်ရာစီမံကိန်းနှင့် မြင်တော်သာ အိမ်ရာစီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## မန္တလေး၌ အခွန်ဆိုင်ရာဆွေးနွေး

နေပြည်တော် မေ ၈။ ။ အခွန်ဝန်ထမ်းများသည် နိုင်ငံတော်အတွက် အခွန်ပေးဆောင်ရခြင်းဖြစ်သည်ဟူသော တာဝန်ဝတ္တရားများကို နားလည်အောင် ကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဝန်ထမ်းများအတွက် ကောင်းမွန်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထုနှင့် အစိုးရအတွက် အားကိုးယုံကြည်ရသော အခွန်ဌာနတစ်ရပ်အဖြစ် ရပ်တည်နေရမည်ဖြစ်ကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပသော အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ၌ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများက အခွန်အရပ်ရပ် စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## မီးသတ်တပ်ဖွဲ့နေ့ မော်လမြိုင်၌ကျင်းပ

နေပြည်တော် မေ ၈။ ။(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်မီးသတ်တပ်ဖွဲ့ရုံး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး စခန်းသာယာလှပရေး၊ စစ်ရေးပြနှင့်မီးသတ်စွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်ဆုရ မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်စွမ်းရည်နှင့် ကယ်ဆယ်ရေးသရုပ်ပြမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

နေပြည်တော် မေ ၈။ ။ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၆၄) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်း ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကချင်ပြည်နယ်လွှတ်တော် စည်းဝေး

နေပြည်တော် မေ ၈။ ။ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို မေ ၇ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၅) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ယမန်နေ့က ဥပဒေကြမ်းများဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အခြေခံသင်တန်း အမှတ်စဉ်(၄၁) သင်တန်းဖွင့်

နေပြည်တော် မေ ၈။ ။အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၄၁) သင်တန်းဖွင့်ပွဲကို မေ ၇ ရက် နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၁၂၁ ဦး တက်ရောက်ကြပြီး သင်တန်းမှာ ရက်သတ္တ ၁၄ ပတ် ဖြစ်သည်။ **(သတင်းစဉ်)**

## နိုင်ငံ့ဝန်ထမ်းဆိုရာဝယ်

၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၅)ဖြင့် ပြဋ္ဌာန်းပြီး ၂၀၁၃ ခုနှစ် မတ်လ ၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းဥပဒေစာအုပ် ထွက်ပေါ်လာပါပြီ။

နိုင်ငံ့ဝန်ထမ်းဥပဒေတွင် အခန်း (၁၄)ခန်းပါရှိရာ အခန်း တစ်ခန်းစီ၌ အဓိပ္ပာယ်လေးနက်မှုကို ဖော်ပြထားသည်ကို တွေ့ရှိရပါသည်-

- အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်
- အခန်း(၂) ဝန်ထမ်းအဖွဲ့အစည်းများ
- အခန်း(၃) ရွေးချယ်ခန့်ထားခြင်း
- အခန်း(၄) တာဝန်နှင့် အခွင့်အရေးများ
- အခန်း(၅) လစာ၊ ထောက်ပံ့ကြေးခရီးစရိတ်နှင့် အခြားစရိတ်များ
- အခန်း (၆) ခွင့်ခံစားခြင်း
- အခန်း (၇) ရာထူးတိုးမြှင့်ခြင်း
- အခန်း(၈) ချီးမြှင့်ခြင်း
- အခန်း(၉) လေ့ကျင့်ပညာပေးခြင်း
- အခန်း (၁၀) စည်းကမ်းထိန်းသိမ်းရေး
- အခန်း (၁၁) ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း
- အခန်း (၁၂) အငြိမ်းစားယူခြင်း
- အခန်း (၁၃) ဝန်ထမ်းမှတ်တမ်း

အခန်း (၁၄) အထွေထွေ ဟူ၍ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းဟုဆိုရာဝယ် နိုင်ငံ့တာဝန်ကို ဖြူစင်သောစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကိုဆိုလိုခြင်းဖြစ်ပြီး ဝန်ထမ်းများ၏ အဓိကစောင့်ထိန်းရမည့် ကျင့်ဝတ်မှာ ရိုးသားမှုနှင့် သစ္စာရှိမှုသာ ဖြစ်ပါသည်။

တိုက်ပွဲပေါင်းများစွာဆင်နွှဲနေသော အမိမြေမှ တပ်မတော်သားများအတွက် ရန်သူသတင်း၊ နယ်မြေအနေအထားနှင့် လက်ဦးမှုရရှိရေးသည် "မြေကိုပိုင်မှ စစ်နိုင်မည်" ဟူသောစကားလုံးကို အတွေ့အကြုံ ရင့်ကျက်တဲ့ စစ်ခေါင်းဆောင်တွေက ဖော်ထုတ်ခဲ့လျှင် နိုင်ငံ့တာဝန်ကို ကျရာအခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများသည် လုပ်ငန်းခွင်၌ နိုင်ငံ့ဝန်ထမ်းဥပဒေစာအုပ်ကို လက်ကိုင်ထားမှသာ လုပ်ထုံး၊ လုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်နိုင်ပေမည်။

နိုင်ငံတော်အကြီးအကဲများ၏ အမှာစကား၌ ပြောင်းလဲတိုးတက်လာသော နိုင်ငံရေးအခြေအနေတွင် အစိုးရစက်ယန္တရား သွက်လက်မြန်ဆန်စွာ မောင်းနှင်နိုင်ရေးအတွက် အောက်ခြေအဆင့်ထိ ဝန်ထမ်းများကလည်း တာဝန်သိသိသစ္စာရှိရှိ မှန်မှန်ကန်ကန် လုပ်ဆောင်တတ်ရန် လိုအပ်သလို နည်းစနစ်မှန်ကန်စွာဖြင့် ရွေးချယ်ဆောင်ရွက်တတ်ဖို့လည်း လိုအပ်ပေမည်။

သို့ဖြစ်ပါ၍ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ ဟန်ချက်ညီညီ ရှေ့သို့ချီ၍ နည်းမှန်၊ လမ်းမှန် စနစ်တကျ တာဝန်ထမ်းဆောင်နိုင်ရန် ဝန်ထမ်းတိုင်း "နိုင်ငံ့ဝန်ထမ်းဥပဒေ" စာအုပ်ကို လေ့လာဖတ်ရှုသင့်ပါကြောင်း တိုက်တွန်းလိုက်ပါရစေ။ **ညို(လူမှု/ကယ်ဆယ်)**

## အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် မေ ၈ ။ ။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ၏ ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်လိုပါသည်။
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တွင် (၀. ၉၀)ဧကရှိ မြေကွက်ပေါ်တွင် (၈)ထပ်ကွန်ဒို အမြန်ဆောက်လုပ်လိုပါသည်။ အခန်းပေးအခန်းယူစနစ်ဖြင့်သော်၎င်း၊ P.A.E စနစ် ဖြင့်သော်၎င်း၊ မိမိစိတ်ဝင်စားရာဆွေးနွေးနိုင်ပါသည်။ အထပ်မြင့်(၈)ထပ်နှင့်အထက်ဆောက်လုပ်ခဲ့ဖူးသူများနှင့်သာဆောင်ရွက်မည်။
ဆက်သွယ်ရန် ၀၉-၄၂၀၀၆၇၄၇၅

လမ်းမကြီးဘေးမြေကွက်ရောင်းမည်။



ASCENSION MARITIME TRAINING CENTER
CLASS III (O.O.W) (June လ အတွင်းဖွင့်လှစ်မည်)
ရေကြောင်းအရာရှိ Class III (oow) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲ များကို ပြင်ပတွင်သီးသန့်ကျူရှင်ယူစရာမလိုဘဲ အောက်ပါဆရာများမှ သင်ကြားပေးမည်။
1. Capt. အောင်စိုးဆွေ [M.Sc(MET-N)WMU, Sweden, MNI] (ယခင်ရေကြောင်းသိပ္ပံ၊ ရေကြောင်း ပညာဌာနမှူး)
2. Capt. သိန်းဝင်း ( Master Mariner)
3. ဆရာ ဦးရွှေစိုး (Master Mariner)
4. Capt. ကျော်မင်း (Master Mariner) STET. S'Pore
5. Capt. မျိုးလှိုင်ဦး (Master Mariner)
တို့ဦးစီး၍ သင်ကြားမှုအတွေ့အကြုံရှိသော ဝါရင့်ရေယာဉ်မှူးကြီးများဖြင့် သင်ကြားပေးမည်။ နှုတ်ဖြေစာမေးပွဲတွင် ယခင်က (Member of Board of Examiners) အဖြစ်ပါဝင် စစ်ဆေးခဲ့ဖူးသော ဆရာများမှ သင်ကြားပေးမည်။
ဆက်သွယ်ရန်လိပ်စာ
ASCENSION MARITIME TRAINING CENTER
အမှတ်(၃၇)၊ အောင်ချမ်းသာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09-73206778

**❖ နိုင်ငံတစ်ဝန်းမှ**

နိုင်ငံတော်၏ Transition Period တွင် အားထားယုံကြည်ရသော လူမှုရေး အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ရပ်တည်သည့်အပြင် အခြားသော ယုံကြည်ချက်၊ ရည်မှန်းချက်များ တူညီသော အဖွဲ့အစည်းများနဲ့လည်း လက်တွဲပူးပေါင်း၍ နိုင်ငံတော် အစိုးရ၏ ရည်မှန်းချက်နဲ့ ပြည်သူလူထု၏ လိုအင်ဆန္ဒပန်းတိုင် ရောက်ရန် အကောင်အထည်ဖော်မှုတွေမှာ အထောက်အကူပြု ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။ အသင်းကို နိုင်ငံတစ်ဝန်း ဖွဲ့စည်းထားပါတယ်။ အသင်းဝင်များအနေဖြင့် အများအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာမှာ တက်ကြွစည်းလုံးပြီး အားတက်သရောပါဝင် ပူးပေါင်းဆောင်ရွက်ကြသည့်အတွက် NGO, UN အဖွဲ့အစည်းများ၏ အမြဲအသိ



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က ရှင်းပြစဉ်။

အမှတ်ပြုခြင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူစွာ ပြောကြားလိုပါတယ်။ ဘာသာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ မတူညီမှုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး နယ်မြေဒေသ မအေးချမ်းမှု အခြေအနေများ ရှိသော်လည်း Reach the Unreach ဖြစ်အောင် ကြိုးစားပြီး အသင်း၏ ယုံကြည်ချက်နှင့် ရည်ရွယ်ချက်များကို ဖော်ဆောင်ပေးလျက်ရှိပါတယ်။ အသင်းအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကိုကျေးလက်ဒေသအထိရောက်ရှိအောင် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ရှင်းပြသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါ်သဇင်နွယ်အား တွေ့ဆုံမေးမြန်းခဲ့ရာ “မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေး စောင့်ရှောက်မှုပေးခြင်းဖြင့် မိသားစုများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရေးကို အထောက်အကူပြုရန် ယုံကြည်ချက်ဖြင့် လုပ်ငန်း ဆောင်ရွက်နေပါတယ်။ အသင်းဝင်များထဲက စေတနာ့ဝန်ထမ်းဆယ်အိမ်စုမှူးများ၊ အရန်သားဖွားဆရာမများနဲ့ စိတ်ပါဝင်စားတက်ကြွသူများကို အရည်အသွေးပြည့်မီအောင် လေ့ကျင့်ပေးထားတဲ့အတွက် မိခင်နှင့်ကလေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါတယ်။ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ လူမှုဘဝတိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မိမိတက်စွမ်းသော ကဏ္ဍများမှာ ပါဝင်ဆောင်ရွက်နေပါတယ်။ နှစ်ပတ်လည် အစည်းအဝေးများ ကျင်းပတဲ့ ရည်ရွယ်ချက်ကတော့ အသင်းမှာ အစဉ်အမြဲ ဆောင်ရွက်နေတဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နေရတဲ့ အသင်းခွဲအဆင့်ဆင့်၏ အောင်မြင်မှုများ၊ အားသာချက်များကို အတွေ့အကြုံဖလှယ်နိုင်ရန်၊ တွေ့ကြုံရတဲ့ အခက်အခဲများ ဖြေရှင်းနိုင်ရန်၊ အားသာချက် အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သော အကြံဉာဏ်နဲ့ နည်းလမ်းများ ဖော်ထုတ်နိုင်ရန် နှစ်စဉ်ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌လည်း လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာနဲ့ စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်အောင် လိုအပ်ချက်များရှိပါက ပံ့ပိုးကူညီနိုင်ရန်အတွက် ဖြစ်ပါတယ်”ဟု ရှင်းပြသည်။

ထို့အပြင် ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍမှာ အသင်း၏ ပါဝင်ဆောင်ရွက်နေမှုကိုလည်း “ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကဏ္ဍများစွာမှာ ပူးပေါင်းကူညီဆောင်ရွက်ခြင်း၊ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေးနှင့် မိခင်နှင့်ကလေး သေနှုန်းကျဆင်းရေးအတွက် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နေခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာပြည့်စုံသော ပတ်ဝန်းကျင်ဖြစ်ရန် ဖန်တီးခြင်း၊ ကျန်းမာရေးနှင့်ပြည့်စုံသော ဘဝရရှိနိုင်သည့် Healthy Life Style များ ပိုမိုအသိပေးနိုင်လာခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နေပါတယ်၊ သားဖွားခန်းများ ပစ္စည်းကိရိယာပြည့်စုံပြီး Physical Feature ကောင်းမွန်ရေးနှင့် သားဖွားဆရာမများအရည်အသွေး မြင့်မားစေရေးအတွက် သင်တန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အရန်သားဖွားဆရာမများပါ မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အသင်းသားဖွားခန်းတွေမှာ ဆင်းရဲနွမ်းပါးသည့် မွေးလူနာများကို အခမဲ့မွေးဖွားပေးသည့်အပြင် တတ်နိုင်သူတွေကိုလည်း ငွေကျပ်ငါးထောင်နှုန်းဖြင့် မွေးဖွားပေးလျက်ရှိပါတယ်။ မွေးလူနာကို မိသားစုဝင်များကိုယ်တိုင် ပါဝင်စောင့်ရှောက်နိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။

နိုင်ငံတစ်ဝန်းလုံးမှာ သားဖွားခန်း ၁၃၄ ခန်း ဖွင့်လှစ်ပေးထားပါတယ်။ ဒါ့အပြင် ဘဝသာယာလှပသည့် လူသားများဖြစ်စေရန် ရည်ရွယ်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများသာမက အခြားသော ချို့ယွင်းချက်ရှိသည့် လူနာများကို ခွဲစိတ်ပြုပြင်ပေးနိုင်ရန် လူနာရှာဖွေပေးခြင်း၊ ခွဲစိတ်ကုသမှု ခံယူနိုင်ရန် လိုအပ်သောပြုစုစောင့်ရှောက်မှုများအပြင် ငွေကြေးထောက်ပံ့ကူညီခြင်းတွေကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်၊



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အသင်းအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် လိုအပ်သောသူများကို သက်ဆိုင်ရာဆေးရုံ၊ ဆေးပေးခန်းများကို ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိသည့် အပြင် ကူးစက်ရောဂါများ မဖြစ်ပွားနိုင်အောင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို နှီးနွယ်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာပေး ဟောပြောပွဲများကို မြို့ပြကျေးရွာအနှံ့ဆောင်ရွက်ခြင်း၊ ရောဂါကူးစက်ခံရသူများအား နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့်ပုံမှန်သက်ကြီးရွယ်အို ကျန်းမာရေး စောင့်ရှောက်ပေးခြင်း သာမက အထီးကျန်အပယ်ခံ မဖြစ်စေဘဲ အသုံးဝင်တန်ဖိုးရှိသည့် သက်ကြီးများဘဝ တည်ဆောက်ပေးနေပါတယ်”ဟု ရှင်းပြသည်။

ဆက်လက်ပြီးလည်း “အသင်းအနေဖြင့် ‘အ’သုံးလုံးကျေသင်တန်းများကို အသင်းစတင်တည်ထောင်ချိန်မှစပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော်နေသည့်အပြင် ကျောင်းနေအရွယ်ဖြစ်လင့်ကစား ကျောင်းမနေနိုင်သော အရွယ်စုံ အတန်းစုံ ကလေးများအတွက် Second Opportunity အဖြစ် စေတနာ့ညကျောင်းများ ဖွင့်လှစ်ပေးပါတယ်။ မူကြိုအရွယ်ကလေးငယ်များ ကျန်းမာကြံ့ခိုင်ပြီး ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများရရှိရန် ရည်ရွယ်ပြီး မူလတန်းကြိုကျောင်းများကို နိုင်ငံတစ်ဝန်းလုံးမှာ ကျောင်းပေါင်း ၈၀၀ ကျော် ဖွင့်လှစ်ကာ ကျောင်းသားပေါင်း နှစ်သောင်းကျော်ကို ပညာသင်ကြားပေးနိုင်ပါတယ်။ အသင်းအနေဖြင့် ၂၀၁၂ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ဒေသများ၊ ငလျင်ဒဏ်၊ ရေဘေး၊ လေဘေးနှင့် မီးဘေးသင့်ခံပြည်သူများ၊ နယ်မြေမအေးချမ်းမှုကြောင့် ဝေးလံခက်ခဲသော ဒေသများရှိ ရွှေ့ပြောင်းဒေသခံပြည်သူ



ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြနုက ရှင်းပြစဉ်။

များကို အချိန်နှင့်တစ်ပြေးညီ မွန်မြတ်သော လူထုအကျိုးပြုလုပ်ငန်းများအဖြစ် ပါဝင်ဆောင်ရွက်နေပါတယ်”လို့ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့်ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြနုက “ပြည်နယ်အသင်းအနေဖြင့် မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့တို့မှာရှိတဲ့ အသင်းပိုင် သားဖွားခန်းတွေမှာ မိခင်မှကလေးသို့ HIV ပိုး မကူးစက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်၊ တိုင်းရင်းသားပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာဖြင့် ကလေးမွေးဖွားခြင်း လုပ်ငန်းများကို လာရောက်နိုင်ပါတယ်၊ နယ်မြေဒေသလုံခြုံရေး အခြေအနေအရ ပြောင်းရွှေ့လာကြသည့် မိသားစုများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည့်အပြင် လိုအပ်သည့်ထောက်ပံ့မှုများကို ပံ့ပိုးကူညီပေးလျက်ရှိပါတယ်၊ ပြည်နယ်အတွင်း နေထိုင်ကြသူများ ကျန်းမာရေး အသိပညာများ တိုးတက်ရေးအတွက် ဟောပြောပွဲများနှင့် ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများကိုပါ မြို့ရွာကျေးလက်ဒေသအနှံ့ရောက်ရှိအောင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်” ဟု ရှင်းပြသည်။

အလားတူ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက “မွေးမိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်၊ ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုပြည်နယ်အတွင်းမှာ အဆင့်ဆင့်ကြီးပမ်းဆောင်ရွက်လျက်ရှိပါတယ်၊ ကျန်းမာရေးစောင့်ရှောက်ရန် အမှန်တကယ်လိုအပ်ပြီး အခက်အခဲရှိသူများကိုလည်း သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာနှင့် မြို့နယ်အသင်းဝင်များမှတစ်ဆင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က စောင့်ရှောက်ပံ့ပိုးလျက်ရှိပါတယ်၊ ပြည်နယ်အတွင်းရှိ သက်ကြီးရွယ်အိုနှင့် ဆင်းရဲနွမ်းပါးသူများကို ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီစောင့်ရှောက်လျက်ရှိပါတယ်” ဟု ပြောကြားသည်။

မွေးဖွားခြင်းမှ ဘဝနေဝင်ချိန်များအထိ လိုအပ်ချက်များကို စမ်းရေပမာမေ့မေတ္တာကဲ့သို့ ပေးဆပ်နေသည့် စေတနာ့ဝန်ထမ်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် ယခုဆိုလျှင် နှစ်ပေါင်း ၂၃ နှစ်တိုင်အောင် ကြံ့ခိုင်ကောင်းမွန်သောရည်ရွယ်ချက်များ ဖြတ်သန်းနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုတင်ပြလိုက်ပါသည်။

**(သတင်းစဉ်)**



ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက ရှင်းပြစဉ်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လှုပ်ရှားမှု ဓာတ်ပုံ။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (လမ်း/တံတား)ဌာနက လမ်းအလယ်တွင် ကွန်ကရစ်ဘလောက်တုံးများ ခင်းကျင်းမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးသွားပြီး မီးပွိုင့်အစီမံကို အလှည့်ကျစောင့်ဆိုင်းနေကြသော မော်တော်ယာဉ်များကို မေ ၃၀ ရက် ညနေပိုင်းက လေးဒေါင့်ကန် လမ်းမကြီးပေါ်တွင် တွေ့မြင်ရစဉ်။

**(မြေ၄)**

**✻ MAI မှ**

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်ကို လူဦးရေ ၁၂၀ ဆံ့ Airbus A319 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး MAI သည် ယခုအခါ Airbus လေယာဉ်ကိုးစင်းဖြင့် နိုင်ငံတကာသို့ ပြေးဆွဲနေသော လေကြောင်းလိုင်း တစ်လိုင်းဖြစ်ကြောင်း သိရသည်။

**(ညီမိုးစက်)**

## ပြည်တွင်း၊ ပြည်ပရေးရာ

# မူးယစ်ဆေးဝါးတိုက်ဖျက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၈**

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုအား UNODC ရုံးမှ စာချုပ်များဆိုင်ရာဌာန ညွှန်ကြားရေးမှူး Mr. John SANDAGE နှင့် အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် အဆိုပါဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မူးယစ်ဆေးဝါး တိုက်ဖျက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေး နွေးကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Hagay Moshe Behar နှင့် အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး အား ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E. Pol. Gen Pracha Promnog နှင့်အဖွဲ့သည် ညနေ ၅ နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၌ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယဝန်ကြီး များဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်ဇံ မြင့်နှင့် ရဲချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မီးချောင်းပလပ်လွတ်ပြီး မီးပွားလွင့်စဉ်ရာမှ မီးလောင်မှုဖြစ်ပွား

**မော်လမြိုင် မေ ၈**

မော်လမြိုင်မြို့ မြိုင်ရတနာဈေးရှေ့ရှိ မွေ့ရာဆိုင်အပေါ်ထပ်တွင် မေ ၈ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုမှာ အိမ်အပေါ်ထပ်ရှိလေးပေ မီးချောင်း ပလပ်ခေါင်းချောင်ရာမှ မီးပွားများလွင့်စဉ်ကာ မွေ့ရာခေါင်းအုံးများပေါ်သို့ ကျရောက်ပြီး မီးလောင်ခြင်း ဖြစ်ကြောင်းသိရသည်။ မီးစလောင်ချိန်တွင် မြို့နယ်မီးသတ် တပ်ဖွဲ့မှ မီးသတ်ယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ သန္ဓေမီးသတ် ၁၈ ဦး၊ အရန်မီးသတ် ၃၀ နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် မီးထိန်း နိုင်ခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။**(အောက်ပုံ)**

မီးလောင်မှုကြောင့် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ဘဲ မီးလောင်မှု နှင့် ပတ်သက်သည့်တာဝန်ရှိသူအား မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ (၆၉၄)



# မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် သိပ္ပံလမ်း လမ်း (၆၀)နှင့် (၆၁) လမ်းကြား အိမ်အမှတ် -မ/၆၊ ၁+၂ ကို ဦးထွန်းဝင်း (၃၃)နှစ် တာဝန်ခံဆောက်လုပ်နေသော KTV အဆောက်အအုံ၌ ယနေ့ညနေ ၄ နာရီ ၄၄ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ ရာ ဒေသခံပြည်သူများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ ဝင်များ၊ မီးသတ်ယာဉ် ၅၀ ကျော်တို့ ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ **(အောက်ယာပုံ)** မီးလောင်မှုဖြစ်စဉ်မှာ KTV အဆောက် အအုံအတွင်း ထုပ်တန်း၊ သံဒိုင်းများ၊ ဂဟေဆော်ရာမှ တိုက်ခန်း အတွင်းရှိဆိုဖာများပေါ်သို့ မီးပွားများ ကျရောက်ရာမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာတွင် မီးတောက်များ မထွက်ဘဲ မီးခိုးလုံးများသာ ထွက်လာ သဖြင့် ဒေသခံများ အထိတ်တလန့် ဖြစ်ခဲ့ပြီး မီးလောင်မှုမှာ အခြားသို့ ကူးစက်မှု လုံးဝမရှိဘဲ အဆောက် အအုံတွင်းရှိ ဆိုဖာများ၊ ဖိုက်ဘာပြား များ၊ သစ်အချောထည်များ၊ လျှပ်စစ် ဝါယာကြိုးများနှင့် အတွင်းရှိပစ္စည်း များ မီးလောင်နေသဖြင့် အချိန် အတော်ကြာ မီးငြိမ်းသတ်ခဲ့ရသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ အဆိုပါ အဆောက်အအုံသစ်မှာ အလျား ၁၈၆ ပေ၊ အနံ ၄၅ ပေရှိ RC တစ်ထပ် တိုက်ဖြစ်ပြီး မီးလောင်မှုတွင် မီးသတ် တပ်ဖွဲ့ဝင်များက သွပ်မိုးများ၊ အုတ် နံရံများကို ဖောက်ထွင်း၍ ခက်ခက် ခဲခဲ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ အဆိုပါ မီးလောင်မှုအား သက်ဆိုင်ရာမှ အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေးကိုယ်ပွား)**





# မန်ယူနည်းပြကြီး ဖာဂူဆန် ဘောလုံးလောကကို လက်ပြနှုတ်ဆက်တော့မည်

ဂလက်စဂိုးမြို့သား နည်းပြကြီး ဖာဂူဆန်သည် မန်ယူအသင်းကို ၂၆ နှစ်ကြာ ကိုင်တွယ်ခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီကုန်တွင် မန်ယူအသင်းမန်နေဂျာအဖြစ်မှ အနား ယူတော့မည်ဖြစ်ကြောင်း သိရသည်။

အသက်(၇၁)နှစ်အရွယ်ရှိ နည်းပြ ကြီး ဖာဂူဆန်သည် အိုးထရက်ဖို့ဒ်တွင် ရှိနေစဉ်အတောအတွင်း ဖလား ၃၈ လုံးကို ရယူပေးနိုင်ခဲ့ပြီး လက်ရှိအချိန် တွင် အသင်းနည်းပြအဖြစ်မှ အနားယူ ပြီး မန်ယူအသင်းအတွက် ညွှန်ကြားသူ နှင့် သံတမန်တစ်ဦးဖြစ်လာမည်ဖြစ် ကြောင်းလည်း သိရသည်။

၎င်း၏ မန်ယူအသင်းအတွက် ရယူ ပေးနိုင်ခဲ့သော အောင်မြင်မှုသရဖူ များတွင် ပရီမီယာလိဂ်ဖလား ၁၃ ကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ် အက်ဖ်အေဖလား ငါးကြိမ်နှင့် လိဂ် ဖလား လေးကြိမ်တို့ ပါဝင်သည်။

ဖာဂူဆန်၏ မန်ယူအသင်းကို နောက်ဆုံးကိုင်တွယ်မည့် ပွဲစဉ်မှာ ဝက်စ်ဘရွန်းအသင်းနှင့် ပွဲစဉ်ဖြစ်လာ လိမ့်မည်ဖြစ်ပြီး ယင်းပွဲစဉ်သည် မန်ယူ အသင်းကို ကိုင်တွယ်ခဲ့သည့် ၎င်း၏ အကြိမ် (၁၅၀၀) မြောက်ပွဲစဉ်လည်း ဖြစ်လာလိမ့်မည်ဖြစ်သည်။

လွန်ခဲ့သည့် ၁၇ ရက်က မန်ယူ အသင်းအတွက် အကြိမ်(၂၀)မြောက် ပရီမီယာလိဂ်ဖလားကို ရယူပေးခဲ့ပြီး ကျန်းမာရေး ကောင်းမွန်မှုရှိသော် လည်း ၎င်း၏ မန်ယူအသင်းနည်းပြ ဘဝမှ အနားယူကာ ဘောလုံးလောက ကို လက်ပြနှုတ်ဆက်တော့မည်ဖြစ် ကြောင်း သတင်းများထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။


## ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ (မက်စ်မြန်မာကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော် သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် **နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ်** နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင် လက်မှတ်အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့် လူမျိုး အကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးတင်လတ်-သုခမ္မသိဂီဒေါ်မာလာမြင့်**

**Silver Tiger Co., Ltd.**

**အလှဆင်မီးပန်းဆိုင်းနှင့်လျှပ်စစ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး**



အရေးကြီးပြီ.... သတင်းတွေဖတ်ကြည့်ရအောင်.... နားမျက်စိဖွင့်ထားပါ.... အသင့်ရှိပါပြီလား.....

The Reporter NEWS JOURNAL အမှတ်(၁၉) ထွက်ပြီ

■ သမ္မတကြီး မိန့်ခွန်းအပေါ် နှစ်ဘက်ဝေဖန်မှုများရှိလာ ■ အရပ်သား အစိုးရမို့ အားစမ်းလေရော့သလား ■ တပ်မတော်သား အရာရှိတစ်ဦး လက်နက်ကိုင်ဆောင်ပြီး ရွာသားများကို ခြိမ်းခြောက်မှုပြုနေ ■ ဒဏ်ငွေ မဆောင်ဘဲ ထောင်အကျခံတဲ့ (ဗိုလ်ကြီးဟောင်း) နေမျိုးဇင် ■ မူးယစ် ဆေးပြဿနာဒုရဲချုပ်ပြောပြီ ■ ကျောင်းသားများအခွင့်အရေးဆုံးရှုံးနေ ဟုဆို ■ ဂျီဟတ်စစ်ပွဲဆင်နွှဲမည်ဆိုသည့်အပေါ်ပြည်တွင်းအဖွဲ့အစည်း များမှ တုံ့ပြန်ပြောဆိုလာကြ ■ မြောက်ကိုးရီးယားရဲ့နိုင်ငံရေးတိုက် ကွက် တစ်ခုပေလား ■ ၁၅၀၀ တန် ဆင်းကတ် လိမ်လည်မှုများဖြစ်ပေါ်

အမှတ် ၁၃၉၊ ၄၂လမ်း၊ (မဟာဗန္ဓုလနှင့် ကုန်သည်လမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉ ၇၃၀ ၄၀၈၉၆၊ ၀၁ ၃၈၈၈၀၅။



အင်ဒိုနီးရှားနိုင်ငံ ဂျာဗားဒေသမှ ကမ္ဘာကျော် "ဘောရောဘုဒေါ်"

May 23 ပုထိုးတော်ကြီး၏ ကဆုန်လပြည့် ဗုဒ္ဓပူဇနီယပွဲတော် (၅)ညအိပ် (၆)ရက်ခရီးစဉ်

TANGO Travel & Tour 01-382394, 09-73109637

အမှတ် (၆၂)၊ မြေညီထပ်၊ ၁၉-လမ်း၊ အောက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်။



WAR SHWE SIN ဝါရွှေစင် ဖိုးထည်

ပိုးစစ်လွန်းရာကျော် ကြိုးကြီးချိတ်နှင့်ပိုးထည်အမျိုးမျိုး၊ ချည်ပေါ်ပိုးသားဆေးရေး၊ ဝန်းထိုးနှင့် ပိုးစစ်၊ပိုးတွဲ၊ ပုဆိုးအမျိုးမျိုး၊ ကျားဝတ်ချည်ချောလုံချည်အမျိုးမျိုး ဝယ်ယူရရှိနိုင်ပါသည်။

ဆိုင်(၁)-အမှတ် (၁၇)၊ မြို့ဘညို (၁)လမ်း၊ မြို့ဘညိုအိမ်ရာ(ယုဇန) ၊ သာကေတမြို့နယ်။ ဖုန်း-၀၁-၅၅၃၃၆၈၊ ၇၀၇၆၂၀၊ ၀၉ ၅၁၄၃၀၄၄

ဆိုင်(၂)-အမှတ် (၁၂၅-စီ)၊ အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ယုဇနပလာဇာရှေ့၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉ ၄၉၃၄၄၅၅၃၊ ၀၉ ၄၉၃၄၄၅၅၆

ဆိုင်(၃)-အမှတ် (၉-အေ)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၇၁၂၁၆၊ ၅၆၄၅၆၅၊ ၀၉ ၄၁၀၂၃၇၂၂

ဆိုင်(၄)-အမှတ် (၃၉)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း-၀၉ ၄၂၀၀၀၆၅၂၅၊ ၀၉ ၄၉၂၁၄၄၇



သစ်ချာ ဦးအောင်သောင်း

၂တန်း မှ ၁၀တန်းအထိ သင်္ချာ တစ်ဘာသာတည်း သန့်သန့်

( ၇၀ ) တ-ထပ် ၊ဗိုလ်ဆွန်ပက်လမ်း ၊ ပန်းဘဲတန်း။

ဖုန်း – 09 5192923 ၊ 01 246108



ရွှေခြင်္သေ့ဆေးခန်း

အရိုး၊အကြော၊အဆစ်နှင့်အထူးကုဆေးခန်း

ပါမောက္ခ အထူးကုဆရာဝန်ကြီးများက

နောက်ဆုံးပေါ် Made in USA(US FDA Approved)စက်သစ်ကြီး များဖြင့် အရိုးကျိုးပေါင်းတက်ပြီး လက်များကျင်ခြင်း၊ လက်ကိုက်ခြင်းနှင့် ခေါင်းမူးခြင်း၊ခါးရိုးညှပ်ပြီးခြေထောက်ကျင်ခြင်း၊ကိုက်ခဲခြင်း၊ခါးနာခြင်း၊ ဒူးနာခြင်း၊ ပုခုံးတောင့်၍ လက်မမြှောက်နိုင်ခြင်း၊ ခြေဖနောင့် အတက်ထွက် ခြင်း၊Bone Healing Ultrasoundဖြင့် အရိုးအက်ခြင်းတို့ကို အမြန်မြန် ဆက်အောင် ကုသပေးပါသည်။

အမှတ် (၉၆)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ☎ 246365, 395544

## ပြည်တွင်းရေးရာ

# နမ်းခမ်းမြို့ ဇေယျသုခကျောင်း၌ တိုင်းရင်းသား (၁၀၀၀) တို့၏ သာသနာနုဂ္ဂဟအသင်းဝင်ကတ်ပြားပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၈

**ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ်းခမ်းမြို့ ပန်းဆေးဒေသ ဗုဒ္ဓဇယန္တိ သာသနာပြုကျောင်း၌ မေ ၄ ရက်တွင် အတိဒုလ္လဘတရာဥပသမ္ပဒ ပဗ္ဗဇ္ဇသာရ မင်္ဂလာအခမ်းအနားကျင်းပရာ နမ်းခမ်းမြို့ ဇေယျသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိနယာစာရ(မဟာသဒ္ဓမ္မဇောတိကဓဇ)အမှူးပြုသော ပင့်သံဃာ ၅၃ ပါး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှုဥက္ကဋ္ဌ ဦးကျော်မြင့်၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ရှင်သာမဏေလောင်း ၁၅၆ ပါးတို့ သက်န်းဝတ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်အဖွဲ့သည် နမ်းခမ်းမြို့ ဇေယျသုခကျောင်းတွင် ကျင်းပသော နမ်းခမ်းမြို့ရှိ ရပ်ကွက်ကျေးရွာများမှ ရှမ်း၊ ပလောင် အစရှိသော တိုင်းရင်းသားပေါင်းစုံ ၁၀၀၀ တို့၏ သာသနာနုဂ္ဂဟအသင်းဝင်ကတ်ပြား ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

မူဆယ်ခရိုင် နမ်းခမ်းမြို့နယ် ပန်းဆေးဒေသနှင့် ကချင်ပြည်နယ် မန်စီမြို့နယ် မန့်ဝိန်းကြီးဒေသတို့မှ ခိုလုံလီရှော၊ ကချင်၊ ရှမ်း၊ ပလောင်တိုင်းရင်းသား ရင်သွေးငယ်တို့၏ အတိဒုလ္လဘတရာဥပသမ္ပဒ ပဗ္ဗဇ္ဇသာရ မင်္ဂလာအခမ်းအနားနှင့် သာသနာနုဂ္ဂဟ အသင်းဝင်ကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို မေ ၅ ရက်တွင် နမ်းခမ်းမြို့ ပန်းဆေးဒေသ ဗုဒ္ဓဇယန္တိထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဦးရွှေထူး-ဒေါ်သီတာစန်း (မြန်မာ့ဝမ်လီကုမ္ပဏီမိသားစု)မှ ဆောက်လုပ်လှူဒါန်းသော ဗုဒ္ဓဇယန္တိထေရဝါဒ သာသနာပြုကျောင်း မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုတို့က မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ခိုလုံလီရှော ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးကျော်မြင့် မိသားစုက ဆောက်လုပ်လှူဒါန်းသော ဗုဒ္ဓဇယန္တိထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်မိသားစုဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၈၀၈ သိန်းနှင့် ယွမ် ၄၀၀၀ ခန့် တန်ဖိုးရှိသော ခြောက်ဘီးကားတစ်စီးဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့ စတုဘုမ္မိက သန္တိသုခကျောင်း၌ ကျင်းပသော ပလောင်တိုင်းရင်းသား ၁၅၀၀ တို့၏ သာသနာနုဂ္ဂဟအသင်းဝင်ကတ်ပြားပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ သောက်သုံးရေ အခက်အခဲမရှိစေရေး အလှူရှင်များ သွားရောက်လှူဒါန်း

**ကျောက်ပန်းတောင်း မေ ၈**

အညာဒေသရှိ သောက်သုံးရေခက်ခဲမှုရှိသော ကျေးရွာများအား ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ အစီအစဉ်များဖြင့်လည်းကောင်း၊ NGO များ၊ ပုဂ္ဂလိကအလှူရှင်များဖြင့် လည်းကောင်း စက်ရေတွင်းတူးဖော်ခြင်း၊ မိုးရေလှောင်ကန်များ ပြန်လည်ပြုပြင်ခြင်းတို့ကို မိုးမကျမီ ဆောင်ရွက်လျက်ရှိသော်လည်း လတ်တလော သောက်သုံးရေခက်ခဲမှုရှိသည့် ကျေးရွာများသို့လည်း အဖွဲ့အစည်းများမှ လည်းကောင်း၊ ပုဂ္ဂလိကအလှူရှင်များမှ လည်းကောင်း သောက်သုံးရေများကို တစ်ပိုင်တစ်နိုင် ဖြန့်ဝေလှူဒါန်းလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တလိုင်းကန်ကျေးရွာတွင် မေ ၆ ရက်က ကျောက်ပန်းတောင်းမြို့မှ ကိုစိုးမင်း (မိသားစုစာပေစတိုး)နှင့် သူငယ်ချင်းများ စုပေါင်း၍ သောက်သုံးရေသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

တလိုင်းကန်ကျေးရွာသည် ရွာဝန်းကျင်၌ မိုးရေလှောင်ကန်အကြီး/အငယ်များစွာရှိ၍ တစ်နှစ်မှရေခက်ခဲမှု မရှိခဲ့ကြောင်းနှင့် အနီးဝန်းကျင်ရွာများမှ လာရောက် မှီခိုအားထားရကြောင်း သိရသည်။ "အမေကြီးက အသက်(၇၇)နှစ်ရှိပြီ၊ တစ်နှစ်မှုဒီလိုရေကုန်တာ၊ ရေအခက်အခဲဖြစ်တာ မကြုံခဲ့ဖူးပါဘူး။ မနှစ်ကမိုးရေ လုံးဝမဝင်လိုက်တော့ တမြန်မနှစ်ကလက်ကျန်ရေလေးပဲ တပို့တွဲလလောက်ထိ သုံးလိုက်ရတာပေါ့။ အဲဒီနောက်ပိုင်း ရေပြတ်တာပါပဲ။ သောက်ရေကတော့ ကန်လယ်မှာ လက်ယက်တွင်းလေးတွေတူးပြီး တန်းစီစောင့်ခပ်ရတာပေါ့"ဟု တလိုင်းကန်ကျေးရွာမှ အဘွားဒေါ်တင်အေးကပြောသည်။ အိမ်ထောင်စု ၃၁၈ စုရှိသော အဆိုပါရွာသို့ ရေကုသိုလ်ရှင်များအနေဖြင့် စည် ၆၀ ပါ ခြောက်ဘီးကားကြီးဖြင့် သောက်သုံးရေ လေးခေါက် ပေးပို့လှူဒါန်းခဲ့ကြောင်း သိရပြီး မိုးမကျမီအတွင်း သောက်ရေခက်ခဲမှုရှိသည့် ကျေးရွာများသို့ တတ်နိုင်သမျှ စုပေါင်း၍ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



**ကိုနေ(ကျောက်ပန်းတောင်း)**

**မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**

# အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်သည်။

### လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများအတွက် ပရိဘောဂ/ကွန်ပျူတာနှင့် စက်ကိရိယာပစ္စည်းများ ဝယ်ယူရန်လိုအပ်ပါသဖြင့် ပစ္စည်းတင်သွင်းလိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) ကွန်ပျူတာစားပွဲ (၂၃)လုံး၊ ရုံးသုံးစားပွဲ(၉၀)လုံး၊ ကုလားထိုင်(၁၁၀)လုံး၊ ဗီရို(၁)လုံး၊ စာအုပ်စင်(၆)ခု၊ ကျောက်သင်ပုန်း(၂၀)ခု၊ စကားပြောစင်(၄)ခု၊ လမ်းလျှောက်သစ်သားခုံ(၁၀)လုံး၊ ရေစင် (၁)ခု

(ခ) ကွန်ပျူတာ (၇၂)လုံး၊ ပရင်တာ(၄၂)လုံး၊ ပရိဂျက်တာ(၂)လုံး

(ဂ) မိတ္တူကူးစက်(၁၅)လုံး၊ ဖက်စ်(၅)လုံး၊ Air Con(၅)လုံး၊ ရေအေးစက် (၁၈)လုံး၊ မော်တော်ယာဉ်(၈၉)စီး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၆-၅-၂၀၁၃ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့/အချိန် - ၂၁-၅-၂၀၁၃ ရက် ၁၆း၀၀ နာရီ

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မုံရွာမြို့

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၄၃၁၅/၂၄၃၁၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများအတွက် အောက်ဖော်ပြပါအရေအတွက်အတိုင်း အဆောက်အအုံ/လမ်း/တံတားများ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

(က) ရုံးအဆောက်အအုံ (၅)လုံး၊ တက္ကသိုလ်ပင်မအဆောက်အအုံ (၁)လုံး၊ ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ (၁၈)လုံး၊ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၁၇)လုံး၊ ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ (၆)လုံး၊ အရာရှိဝန်ထမ်းအိမ်ရာ (၅)လုံး၊ ရေလှောင်ကန် (၁)ကန်၊ သင်တန်းသားအိပ်ဆောင် (၁)ဆောင်၊ အေးရိပ်သာ (၁)လုံး၊ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၄)ထပ် (၃)လုံး။

(ခ) လမ်း(၆၅)လမ်း၊ တံတား(၂၈)စင်း၊ ရေဆင်းမြောင်း(၁)ခု၊ ရေပေးရေးလုပ်ငန်း(၁၂)ခု၊ ကတ္တရာဝယ်ယူခြင်း (၄)ခု

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၆-၅-၂၀၁၃ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့/အချိန် - ၂၁-၅-၂၀၁၃ ရက် ၁၆း၀၀ နာရီ

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၃။ သတ်မှတ်ရက် အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၄၃၁၅/၂၄၃၁၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

စိန်ပင်လယ် စိန်ရွှေရတနာဆိုင်
Diamond Sea Jewellery Shop
စိန်အဖြူအသန့်များနှင့် ပြုလုပ်ထားသော စိန်ဆွဲသီး၊ စိန်လက်ကောက်၊ စိန်လက်စွပ်နှင့် (18 K ပလက်တီနမ်) စသော လက်ဝတ်ရတနာ ဒီဇိုင်းမျိုးစုံကို (9- 5 - 2013) မှ (12 - 5 - 2013) အထိ ကျင်းပမည့် မင်းဓမ္မလမ်းရှိ MCC ခန်းမ စိန်ရွှေရတနာပြပွဲနှင့် ကျွန်းတောလမ်း (Junction Square Center) မြေညီထပ်တို့တွင် 5% မှ 30 % အထိ အထူးလျှော့ဈေးများဖြင့် ရောင်းချပေးနေပါသည်။

ချစ်ပိုင်သစ္စာ
ကျိုက်ထီးရိုး (နေဝဉ်)
ချောင်းသာ (နေဝဉ်)
01-569782, 09-73198239

Vol.2, ISSUE 56
THE TRADE TIMES Business Journal
နိုင်ငံရေး စီးပွားရေး ဘဏ္ဍာရေး လတ်တလောနိုင်ငံတကာသတင်းဆောင်းပါးများ ကုန်သွယ်ရေး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စတော့ဈေးကွက် ငွေကြေး ဈေးကွက်သတင်းဆောင်းပါးများကိုတစ်ဝကြီးဖတ်ရှုနိုင်သည်။
• မြားတစ်စင်းဖြင့် ငှက်နှစ်ကောင်ပစ်ခြင်း သို့မဟုတ် ရွှေရည်စိမ် အချိုးကျ ကိုယ်စားပြု အော်ပရာပြဇာတ်
• အခွင့်အရေးကို လွဲမှားစွာအသုံးချခြင်းသည်ဆုံးရှုံးမှုများစွာကို ကြုံတွေ့စေနိုင်ဟု သမ္မတ သတိပေး
• ယာဉ်ကြောကျပ်မှုအတွက် မီးရထားလမ်း ခုံးကျော်တံတား သုံးစင်း တည်ဆောက်မည်
• အသေးစားဈေးငွေလုပ်ငန်းမှာ ယူအင်န်ဒီပီက လက်ဦးဆရာပါ • ကားဈေးနှုန်းကျ
• ကုန်သွယ်မှု စည်းကမ်းသတ်မှတ်ချက် အခြေခံသဘောသိရန်လို • ဘက်ထရီဈေးကွက် ပြိုင်ဆိုင်မှု ပြင်းထန်
ထွက်ပြီ
မှန်ကန်မျှတစွာ သုံးသပ်နိုင်ကြစေဖို့ TRADE TIMES စီးပွားရေးဂျာနယ်ကို ဖတ်ကြစို့။ ကြာသပတေးနေ့တိုင်း

## မိဘအမည်မှန်

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း Grade-9(F)တွင် ပညာသင်ကြားနေသော မောင်ပြည့်မင်းခန့်၏ မိဘအမည်မှန်မှာ ဦးသိမ်းမော်ဦး[၁၂/တမန(နိုင်)၀၈၁၂၇၂]နှင့် ဒေါ်အိအိစိုး[၁၂/တမန(နိုင်)၀၈၀၆၀၉]တို့ ဖြစ်ပါသည်။

ဦးသိမ်းမော်ဦး-ဒေါ်အိအိစိုး

## မိဘအမည်မှန်

ရန်ကုန်ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း GRADE-6(C)တွင် ပညာသင်ကြားနေသော မသွယ်ဝင့်သူ၏ မိဘအမည်မှန်မှာ ဦးမျိုးသူ[၁၂/ရကန(နိုင်)၀၁၄၉၀၉]နှင့် ဒေါ်မာလာစိုးသွယ် [၁၂/တမန(နိုင်)၀၄၂၇၈၅]တို့ ဖြစ်ပါသည်။

ဦးမျိုးသူ-ဒေါ်မာလာစိုးသွယ်

**အနုပညာ**

# ဒါရိုက်တာအန်းလီကို လေးစားအားကျပြီး အလုပ်တွဲလုပ်ချင်တဲ့ သရုပ်ဆောင် ဝီလ်စမစ်သ်

Men in Black ဇာတ်လမ်းတွဲများ၌ အောင်မြင်မှုများရရှိခဲ့သူ သရုပ်ဆောင် ဝီလ်စမစ်သ်က ယခုအခါ သားဖြစ်သူ ဂျေဒန်စမစ်သ်နှင့်ရိုက်ကူးထားသည့် After Earth ဇာတ်ကား၏ ပရီမီးယားရှိုးပွဲကို မေ ၄ ရက်က တရုတ်နိုင်ငံ ထိုင်ဝမ်၌ ပြုလုပ်ခဲ့ရာ အဆိုပါ အခမ်းအနားတွင် တရုတ်ဒါရိုက်တာ အန်းလီအား အလွန်လေးစားမိပါကြောင်းနှင့် အခွင့်အခါသင့်ပါက အတူတကွပူးပေါင်းပြီး ဇာတ်ကား တစ်ကားဖန်တီးရန် မျှော်လင့်မိပါကြောင်း သရုပ်ဆောင်ဝီလ်စမစ်သ်က ထုတ်ဖော်ပြောကြားခဲ့သည်။

"တစ်နေ့နေ့မှာ Life of Pi ဒါရိုက်တာ အန်းလီနဲ့ အလုပ်အတူတွဲလုပ်ဖို့ မျှော်လင့်ထားပါတယ်၊ မတူညီတဲ့ ဇာတ်ကားတွေကြားမှာ ကိုယ်စီအလုပ်ရှုပ်နေကြရင်း ကျွန်တော်တို့အချင်းချင်းက လွဲချော်နေကြပါတယ်။ ဒါပေမယ့် ကျွန်တော်လေးစားတဲ့ ဒါရိုက်တာ အန်းလီနဲ့ ဇာတ်ကားတွေရိုက်ချင်ပါသေးတယ်၊ ခင်ဗျားဘက်က အဆင်သင့်ဖြစ်ရင် ကျွန်တော့်ဘက်ကလည်း အဆင်သင့်ပါပဲ၊ မြန်မြန်လုပ်ပါ၊ ကျွန်တော့်အသက်က တဖြည်းဖြည်းကြီးလာပြီ"ဟု အဆိုပါပရီမီးယားရှိုးပွဲ၏ စာနယ်ဇင်းရှင်းလင်းပွဲ၌ သရုပ်ဆောင် ဝီလ်စမစ်သ်က ပြောကြားခဲ့သည်။

ဆက်လက်ပြီး "သရုပ်ဆောင် ဝီလ်စမစ်သ်က ကျွန်တော်နဲ့အလုပ်တွဲလုပ်ဖို့စိတ်အားထက်သန်နေပါတယ်၊ ဝီလ်ဟာ ခင်စရာကောင်းတဲ့သူ တစ်ဦးပါ၊ ကျွန်တော်သူနဲ့ အများကြီးဆွေးနွေးခဲ့ဖူးပါတယ်၊ ယခုဇာတ်ကားတွေက သူနဲ့ သဟဇာတ မဖြစ်သေးလို့ပါ၊ သူနဲ့လိုက်ဖက်တဲ့ ဇာတ်ရုပ်တွေ့ရင် သေချာပေါက် အလုပ်အတူတူလုပ်သွားမှာပါ"ဟု မကြာမီက Life of Pi ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆုရရှိခဲ့သူ အန်းလီကဆိုသည်။

ယခု အသစ်ထွက်ရှိလာသည့် သရုပ်ဆောင်ဝီလ်စမစ်သ်နှင့် သားဖြစ်သူ ဂျေဒန်စမစ်သ်တို့ပါဝင်သရုပ်ဆောင်ထားသည့် After Earth ဇာတ်ကားသည် ၎င်းသားအဖနှစ်ဦး၏ ဒုတိယမြောက် ဇာတ်ကားဖြစ်ပြီး ပထမဇာတ်ကားမှာ The Pursuit of Happyness ဇာတ်ကား ဖြစ်သည်။ ထို့ပြင် Men in Black II ဇာတ်ကားတွင်လည်း ဂျေဒန်စမစ်သ် က ဖခင်ဖြစ်သူနှင့်အတူ ပါဝင်သရုပ်ဆောင်ထားသည်။





# Mission Impossible 5 ဇာတ်ကားသစ်တွင် တွမ်ခရုဇ် ပါဝင်သရုပ်ဆောင်မည်




နိုင်ငံတကာရုပ်ရှင်များ၏ ရုံဝင်ငွေစာရင်းများ၌ ဝင်ငွေအများဆုံးဖြင့် ရပ်တည်နေသည့် Oblivion ဇာတ်ကားမှ တွမ်ခရုဇ်က Mission Impossible ဇာတ်လမ်းတွဲများ၏ ပဉ္စမမြောက်ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ရန် တရားဝင်လက်ခံလိုက်ပြီ ဖြစ်ပြီး အဆိုပါဇာတ်ကားသစ်တွင်လည်း ယခင်ဇာတ်လမ်းတွဲများ၌ တွမ်ခရုဇ်၏ ဇာတ်ရုပ် ဖြစ်သည့် စပိုင် Ethan Hunt အဖြစ် ပါဝင်သရုပ်ဆောင် မည်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် တွမ်ခရုဇ်သည် အဆိုပါ Mission Impossible 5 ဇာတ်ကားတွင် ၎င်း၏ Jack Reacher ဇာတ်ကားမှ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာ ခရစ္စတိုဖာ မက်စ်ကွာရီနှင့် ပြန်လည်တွေ့ဆုံနိုင်ဖွယ်ရှိကြောင်းနှင့် ယင်းဇာတ်ကားကို ထုတ်လုပ်သူအဖြစ် Mission Impossible 4: Ghost Protocol ဇာတ်ကား ထုတ်လုပ်သူ JJ Abram က ထုတ်လုပ်မည်ဖြစ်ပြီး ပါရာမောင့်နှင့် စကိုင်းဒန့်စ်ရုပ်ရှင်ထုတ်လုပ်ရေးတို့မှ ထုတ်လုပ်မည်ဆိုသော အချက်အလက်များမှလွဲ၍ အခြားသော အသေးစိတ်အချက် အလက်များကိုမူ ထုတ်ဖော်ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

ယခုလက်ရှိတွင် ကမ္ဘာ့ရုပ်ရှင်လောက၌ မကြာသေးမီက ပြသခဲ့သော တွမ်ခရုဇ်၏ Jack Reacher ဇာတ်ကားနှင့် ယခုလက်ရှိပြသနေသည့် Oblivion ဇာတ်ကားများသည် ပရိသတ်အား ကောင်းစွာ ညို့ယူဖမ်းစားနိုင်ခဲ့ပြီး ဆက်လက်၍ စပိုင်ဇာတ်လမ်းတွဲ The Man From U.N.C.L.E ဇာတ်ကားနှင့် စိတ်ကူးယဉ် သိပ္ပံဇာတ်ကား Yukikaze ဇာတ်ကားတို့တွင်လည်း တွမ်ခရုဇ်အား ဆက်လက်မြင်တွေ့ရဖွယ်ရှိကြောင်း သိရသည်။

## ဂျက်စတင်တင်မ်ဘာလိတ်၏ အယ်လ်ဘမ်သစ် စက်တင်ဘာ ၃၀ တွင် နိုင်ငံတကာသို့ဖြန့်ချိမည်

ပေါ့ပ်ကြယ်ပွင့် တေးသံရှင် ဂျက်စတင်တင်မ်ဘာလိတ်က ၎င်း၏ အယ်လ်ဘမ်သစ်ဖြစ်သည့် The 20/20 Experience အမည်ရှိတေးအယ်လ်ဘမ်ကို စက်တင်ဘာ ၃၀ ရက်တွင် နိုင်ငံတကာသို့ စတင်ဖြန့်ချိ သွားမည်ဖြစ်ကြောင်းနှင့် ၎င်း၏ 20/20 Expeience World Tour အမည်ရှိ ကမ္ဘာလှည့်ဂီတဖျော်ဖြေရေး ခရီးစဉ်ကို အောက်တိုဘာ ၃၁ ရက်တွင် Montreal မြို့မှ စတင်ကာ ဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲသည် လွန်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ဂီတဖျော်ဖြေပွဲများနှင့် အဆက်အသွယ်ပြတ်နေခဲ့ရသည့် တင်မ်ဘာလိတ် အတွက် ပထမဆုံးသောပွဲစဉ်လည်းဖြစ်သည်။

ယင်းဂီတဖျော်ဖြေပွဲကို ၂၀၁၄ ခုနှစ်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြောက်အမေရိက၊ ဥရောပ၊ တောင်အမေရိကနှင့် ဩစတြေးလျတို့ရှိ နိုင်ငံပေါင်း တစ်ဒါဇင်ကျော်တွင် ဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## နာမည်ကျော် တရုတ်ကြယ်နှစ်ပွင့် အားပြိုင်မည့် Skiptace အက်ရှင်ဟာသဇာတ်ကားသစ်

ယခုလက်ရှိ နိုင်ငံတကာအနုပညာလောကတွင် ရေပန်းစားနေသော တရုတ်မင်းသမီး ဖန်ဘင်းဘင်းက နာမည်ကျော် ဒါရိုက်တာ၊ ထုတ်လုပ်သူနှင့် မင်းသားဖြစ်သူ ဂျက်ကီချန်းနှင့်တွဲဖက်ကာ Skiptrace အမည်ရှိ အက်ရှင်ဟာသ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် သရုပ်ဆောင် ဂျက်ကီချန်း၏ ကိုယ်ပိုင်စိတ်ကူးဖြစ်ပြီး ဇာတ်ညွှန်းပိုင်းဆိုင်ရာများကို Joe longino၊ Brian Gatewood နှင့် Alessandro Tanaka တို့က ရေးသားပေးကြမည်ဖြစ်သည်။

သို့သော် ယင်းဇာတ်ကား၏ ဖန်တီးရှင်ဒါရိုက်တာ မည်သူမည်ဝါဖြစ်သည်ကို ထုတ်ဖော်ပြောကြားထားခြင်းမရှိသေးဘဲ မင်းသားဂျက်ကီချန်းကပင် ပုံဖော်ရိုက်ကူးဖွယ်ရှိကြောင်း သိရသည်။

Skiptrace ဇာတ်ကားတွင် အင်အားကြီးမားပြီး နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် လောင်းကစားဂိုဏ်းတစ်ဂိုဏ်းကို ဖြိုခွင်းမည့် ဟောင်ကောင် အထူးစုံထောက်တစ်ဦးအနေဖြင့် သရုပ်ဆောင် ဂျက်ကီချန်းက ပါဝင်သရုပ်ဆောင်ထားပြီး မင်းသမီး ဖန်ဘင်းဘင်းကလည်း အဓိကဇာတ်ဆောင်တစ်ဦး အနေဖြင့် ပါဝင်ထားသည်။

**ဖြိုးစန္ဒာမြင့် ➤ စုစည်းရေးသားသည်**






**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**
**လူမှုဖူလုံရေးအဖွဲ့၊ အငယ်တန်းစာရေးရာထူးနေရာများခန့်ထားရန် ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်နှင့် စာစစ်ဌာနများ အတည်ပြုသတ်မှတ်ကြေညာခြင်း**

၁။ ၁၂-၄-၂၀၁၃ရက်နှင့် ၁၄-၄-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာများတွင် ကြေညာခဲ့သည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၌ အငယ်တန်းစာရေးရာထူးနေရာများခန့်ထားရန် ရေးဖြေစာမေးပွဲကို ၁၁-၅-၂၀၁၃ရက်နှင့် ၁၂-၅-၂၀၁၃ရက်တို့တွင် နေပြည်တော် သို့မဟုတ် ရန်ကုန် သို့မဟုတ် မန္တလေးမြို့များတွင် ကျင်းပပြုလုပ်မည်ဟု သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ သို့ဖြစ်၍ စာစစ်ဌာနများကို အောက်ပါအတိုင်း သတ်မှတ်ပါသည်-
- (က) နေပြည်တော်စာစစ်ဌာန (နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့မှ အမြဲတမ်းနေရပ်လိပ်စာဖြင့် လျှောက်ထားသူများ)
- (ခ) ရန်ကုန်စာစစ်ဌာန(ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးများ၊ ရခိုင်၊ မွန်၊ ကရင်ပြည်နယ်များမှ အမြဲတမ်းနေရပ်လိပ်စာဖြင့် လျှောက်ထားသူများ)
- (ဂ) မန္တလေးစာစစ်ဌာန (မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်း၊ ရှမ်း၊ ကချင်ပြည်နယ်များမှ အမြဲတမ်းနေရပ်လိပ်စာဖြင့် လျှောက်ထားသူများ)

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်ထားပြီးသူများသည် ၉-၅-၂၀၁၃ရက်နှင့် ၁၀-၅-၂၀၁၃ရက်တို့တွင်လည်းကောင်း၊ သတ်မှတ်စာစစ်ဌာနတွင် ဖြေဆိုရန် အခက်အခဲရှိသူများအနေဖြင့် မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို ပြောင်းလဲပြင်ဆင်ဖြေဆိုခွင့်ပြုရန် ၈-၅-၂၀၁၃ရက်မှစ၍ ၁၀-၅-၂၀၁၃ရက် နံနက် ၁၀နာရီအထိလည်းကောင်း ရုံးချိန်အတွင်း၌ အောက်ပါနေရာများသို့ လူကိုယ်တိုင်ဆက်သွယ်သတင်းပေးပို့ပြီး ဖြေဆိုခွင့်ကတ်ပြားနှင့် ခုံအမှတ်များကို ထုတ်ယူသွားရန်ဖြစ်ပါသည်-
- (က) နေပြည်တော်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ ဖုန်း-၀၆၇-၄၃၀၀၉၈၊ ၀၆၇-၄၃၀၁၀၀၊ ၀၆၇-၄၃၀၁၀၁။
- (ခ) ရန်ကုန်။ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီးရုံး၊ အမှတ်(၃၂၇/၃၆၇)မဟာဗန္ဓုလပန်းခြံလမ်း၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၈၁၂၁၆၊ ၀၁-၂၅၆၂၃၅။
- (ဂ) မန္တလေး။ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီးရုံး၊ အမှတ်(၃၂၂)၊ ကမ်းနားလမ်း၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း-၀၂-၃၉၀၇၄၊ ၀၂-၃၈၇၂၉။

၄။ စာမေးပွဲအား ၁၃-၅-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**





PLUS FOREVER
SPORTS JOURNAL
ဖရိုသတ်ကြီးထဲ
သောကြာနေ့တိုင်း အရောက်ပို့ပေးနေပါပြီ
'မောနင်းပြန်ဒ' ရေးပြင် မြန်မာဂျာနယ်ပါသည်





ငါတို့စာပေ ၀၉ ၇၃၀၅၅၄၃
ဘားမားခရိုနီကယ်
ဘာသာပြန် မြေမှုန်လွင်
မြန်မာနိုင်ငံတွင် တစ်နှစ်ကျော် လာရောက်နေထိုင်ခဲ့ပြီး တွေ့ကြုံခဲ့သမျှကို ပွင့်ပွင့်လင်းလင်း ပုံဖော်ရေးဆွဲထားသည့် ကမ္ဘာကျော် သရုပ်ဖော် ဝတ္ထုစာအုပ်
မြန်မာစာပေလောကတွင် လုံးဝမရှိဖူးသေးသည့် (Graphic Novel) သရုပ်ဖော် ဝတ္ထုစာအုပ်



**ပျောက်ဆုံး**
ကျွန်တော် အောင်ထွန်းထွန်းဦး ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ် A-110178 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၄၂၁၇၄၅၈၈၂



**တော်ဝင်နှင်းဆီ**
စရိုးစဉ်အမျိုးမျိုးနှင့် မြို့တွင်း/ မြင်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်၊
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
☎ - 380183, 0949294063



**အမည်ပြောင်း**
အဖ ဦးဘိုးဆွဲ၏သား [၈/ရနခ(နိုင်)၀၇၆၀၀၉]ကိုင်ဆောင်သူ မြင့်စိုး B.Ecom (Economics) အား ယနေ့မှစ၍ ပိုင်စိုးသူဟု ပြောင်းလဲခေါ်ပါရန်။



**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ့နှင့်**



**COHABO**
ချောင်းသာ/ငွေဆောင်
စရိုက်ဖြိမ်း-65000
No-၁၁/၁၃၊၃ လှာ၊၄၅ လမ်း၊ဗိုလ်တထောင်။
Ph-203519
09 516 1773, 09 731 61773



**ခေတ်တနာရှင်**

| | | | |
|---|---|---|---|
| ပုပ္ပါး၊ ပုဂံ-ညောင်ဦး | (၃)ရက် | 35000 | May |
| မန္တလေး၊ ပြင်ဦးလွင် | (၃)ရက် | 40000 | 17 |
| တောင်ကြီး၊ အင်းလေး | (၄)ရက် | 45000 | 23 |
| မော်လမြိုင်၊ ကျိုက်ထီးရိုး၊ စက်စ်ဲ | (၃)ရက် | 30000 | 31 |

392704. 09 50 66657



**ဒေါ်သန္တာနု[၁၂/ဗဟန(နိုင်)၀၀၀၈၈၂]နှင့်အများသိစေရန်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ စုပေါင်းလမ်း၊ အမှတ်(၈၁/ဒီ) နေ ဦးဝင်းမောင်[၁၂/ဗဟန(နိုင်)၀၁၇၄၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ဒေါ်သန္တာနု [၁၂/ဗဟန(နိုင်)၀၀၀၈၈၂] နှင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဝင်းမောင်တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်သန္တာနုသည် ဦးဝင်းမောင်နှင့် လင်မယားချင်း စိတ်အခန့်မသင့်ဖြစ်ပြီး ဦးဝင်းမောင်မရှိခိုက် သားသမီး(၂)ဦးနှင့်အတူ နေအိမ်မှ ၂၀-၂-၂၀၁၃ရက်ခန့်တွင် စွန့်ခွာထွက်သွားခဲ့ပါသည်။ ဒေါ်သန္တာနုသည် နေအိမ်မှစွန့်ခွာထွက်သွားစဉ်က Land Cruser အမျိုးအစား၊ မော်တော်ယာဉ်အမှတ် (၃ဂ/၉၉၀၀)တစ်စီး၊ Toyota Soara အမျိုးအစား၊ အနီရောင်ပြိုင်ကား၊ မော်တော်ယာဉ် အမှတ်(၆ဃ/၉၉၀၀)တစ်စီးနှင့်အတူ စိန်ခြယ်နီလာလက်စွပ်တစ်ကွင်း၊ စိန်ခြယ်နီလာနားကပ် တစ်ရံ၊ စိန်လော့ကတ်သီးတစ်ခု၊ စိန်နားကပ်တစ်ရံ၊ စိန်လက်ကောက်တစ်ကွင်း၊ ရွှေလက်ကောက်တစ်ကွင်း၊ ပြောင်ခေါင်းစိမ်းနှင့် Omega နာရီ (၂)လုံး အစရှိသည့် အဖိုးတန်ပစ္စည်းများကို တစ်ပါတည်း ယူဆောင်သွားခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်သန္တာနုနှင့် ဦးဝင်းမောင်တို့သည် တရားဝင်ကွာရှင်းပြတ်စဲရခြင်း မရှိသေးသော တရားဝင်လင်မယားအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း၊ ဒေါ်သန္တာနုနှင့် ဦးဝင်းမောင်တို့လင်မယားအကြား မမှန်မကန် သွေးထိုးမြှောက်ပင့်လျက် ဒေါ်သန္တာနုအား ဖြားယောင်းသွေးဆောင်လက်ခံထားသူများကို ဦးဝင်းမောင်အနေဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးသန်းစိုး(ထွန်း) | ဒေါ်မူယာ |
| **B.A(Eco.,), H.G.P,R.L.,D.B.L** | **LL.B, Dip: in Business Law** |
| တရားလွှတ်တော်ရှေ့နေ (စဥ်-၅၄၉၃) | တရားလွှတ်တော်ရှေ့နေ (စဥ်-၆၆၆၀) |

ဦးဇော်ဇော်နိုင်အောင် **LL.B**
အထက်တန်းရှေ့နေ (စဥ်-၂၅၄၇၄)
အမှတ်(၁၅၈/ဘီ)၊ ၃-လွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အားကစား

# ပရီမီယာလိဂ်ရင်ခုန်သံ (၃၇)

ပရီမီယာလိဂ်ပွဲစဉ်(၃၇)ကို မေ ၁၁၊ ၁၂၊ ၁၅ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အက်ဖ်အေဖလားဗိုလ်လုပွဲကို မေ ၁၁ ရက်မှာ ကျင်းပမှာဖြစ်တာကြောင့် အဆိုပါ မေ ၁၁ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ်တွေထဲက ဗီလာနဲ့ ချယ်လ်ဆီးတစ်ပွဲတည်း ကျင်းပသွားမှာဖြစ်သလို အက်ဖ်အေဖလားဗိုလ်လုပွဲကစားရမယ့် မန်စီးတီး၊ ဝီဂန်တို့ရဲ့ပွဲတွေကိုလည်း မေ ၁၅ ရက်မှာ နောက်ဆုတ်ကျင်းပသွားမှာဖြစ်တဲ့အတွက် စုစည်းတင်ဆက်ပေးလိုက်ပါတယ်။

**ဗီလာ-ချယ်လ်ဆီး** ည ၆း၁၅ (၁၁-၅-၁၃)

ပထမအကျော့ရလဒ် ချယ်လ်ဆီး ၈-၀ ဗီလာ

တန်းမဆင်းရဖို့ရုန်းကန်နေတဲ့ အက်စ်တွန်ဗီလာရဲ့ ခြေကတည်ငြိမ်မှုရှိပါတယ်။ အိမ်ကွင်းမှာဆိုရင် ခြေပိုမိုကောင်းမွန်တဲ့အပြင် နောက်ဆုံးသုံးပွဲမှာလည်း တစ်ပွဲသာ ရှုံးနိမ့်ခဲ့တာကို တွေ့ရပါတယ်။ အထူးသဖြင့်အဘွန်လဟောနဲ့ ဘန်တီကီတို့ရဲ့ တိုက်စစ်ပိုင်းက အဆုံးသတ်အားရောထိုးဖောက်အားပါ ကောင်းမွန်နေပါတယ်။ ချယ်လ်ဆီးကတော့ ဒီပွဲအပြီး ကြားရက်မှာ ယူရိုပါလိဂ်ဗိုလ်လုပွဲကစားရဖို့ရှိတာကို သတိပြုရမှာပါ။ ဒါပေမယ့် ချယ်လ်ဆီးအနေနဲ့ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အမှတ်လိုအပ်နေတာကြောင့် ဒီပွဲမှာအမှားခံမှာမဟုတ်သလို ပွဲကို ဂရုတစိုက်ထိန်းကစားဖို့ရှိပါတယ်။

**စတုတ်-စပါး** ည ၇း၀၀ (၁၂-၅-၁၃)

ပထမအကျော့ရလဒ် စပါး ၀-၀ စတုတ်

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အရေးကြီးနေချိန်ဖြစ်တာကြောင့် စပါးတို့ဒီပွဲမှာ ဂရုစိုက်ကစားရမှာပါ။ ဒါပေမယ့် လက်ရှိအချိန်မှာ စပါးရဲ့ကစားပုံက ပါကာ မပါဝင်နိုင်မှုနဲ့အတူ ကွင်းလယ်ပိုင်းအားပျော့နေသလို ဂိုးရဖို့အတွက်လည်း ဘေးလ်တစ်ဦးတည်းအပေါ် အမှီပြုနေရပါတယ်။ ဒါ့အပြင် စပါးအနေနဲ့ ဒီပွဲမတိုင်ခင်မှာ ချယ်လ်ဆီးနဲ့ကြားပွဲ ကစားခဲ့ရမှာဖြစ်တာကြောင့်လည်း ပွဲပန်းလာနိုင်တာကို သတိပြုရမယ်။ စတုတ်ကတော့ တန်းမဆင်းရဖို့အတွက် အဓိကခြေကုန်ထုတ်ကစားလာမယ့် အသင်းပါ။ နောက်ဆုံးသုံးပွဲမှာ အရှုံးမရှိတဲ့အထိ ခြေစွမ်းပိုင်းတည်ငြိမ်နေသလို အိမ်ကွင်းမှာ အသင်းလိုက်ကစားပုံကလည်းမာကျောမှုရှိပါတယ်။

**အဲဗာတန်-ဝက်စ်ဟမ်း** ည ၈း၃၀(၁၂-၅-၁၃)

ပထမအကျော့ရလဒ် ဝက်စ်ဟမ်း ၁-၂ အဲဗာတန်

ဥရောပဝင်ခွင့်ရဖို့အတွက်အဲဗာတန်တို့ခြေကုန်ထုတ်လာဖို့ရှိပါတယ်။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့တဲ့ အဲဗာတန်ရဲ့ ခြေကလည်း တည်ငြိမ်နေသလို အိမ်ကွင်းမှာ အသင်းလိုက်ကစားပုံလည်းပိုမိုကောင်းမွန်တတ်ပါတယ်။ ဝက်စ်ဟမ်းက နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးပေမယ့် တစ်ပွဲသာနိုင်ခဲ့တာကို သတိပြုရမှာပါ။ အထူးသဖြင့် ဝက်စ်ဟမ်းဟာအဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုမိုကျဆင်းတတ်တာကိုလည်း သတိပြုရမှာပါ။ ဒါကြောင့် အိမ်ကွင်းမှာ အဲဗာတန်တို့အမှတ်ပြည့်ရနိုင်ပါတယ်။

**ဖူလ်ဟမ်-လီဗာပူး** ည ၈း၃၀ (၁၂-၅-၁၃)

ပထမအကျော့ရလဒ် လီဗာပူး ၄-၀ ဖူလ်ဟမ်

ဖူလ်ဟမ်က နောက်ဆုံးလေးပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့အထိ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါတယ်။ ဒီပွဲမှာလည်း တန်းမဆင်းရဖို့အတွက် အမှတ်ရရှိရေး အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်ပေမယ့် လီဗာပူးကို အသာရဖို့ခက်ပါတယ်။ လီဗာပူးက ဥရောပဝင်ခွင့်ရရှိရေး မမျှော်လင့်နိုင်တော့သလို ဆွာရက်ဇ်ပွဲပယ်ခံရမှုနဲ့အတူ တိုက်စစ်က တစ်ပွဲနှင့်တစ်ပွဲ ဂိုးသွင်းခြေမငြိမ်ပေမယ့် အသင်းလိုက်ကစားပုံက ဖူလ်ဟမ်ထက်သာပါတယ်။ ဒါ့အပြင် လီဗာပူးကတတ်နိုင်သမျှ အဆင့်မြင့်မြင့်နဲ့ ရာသီသိမ်းဖို့လည်း ဆန္ဒရှိတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်လာမှာပါ။

**နော့ဝှစ်ချ်-ဝက်စ်ဘရွန်း** ည ၈း၃၀ (၁၂-၅-၁၃)

ပထမအကျော့ရလဒ် ဝက်စ်ဘရွန်း ၂-၁ နော့ဝှစ်ချ်

တန်းဆင်းဇုန်နဲ့ နီးကပ်နေမှုကြောင့် နော့ဝှစ်ချ်တို့ ဒီပွဲမှာ ရလဒ်ကောင်းရရှိအောင် ခြေကုန်ထုတ်လာမှာပါ။ နော့ဝှစ်ချ်ရဲ့ခြေက နောက်ဆုံးငါးပွဲမှာ သုံးပွဲရှုံးပြီး တစ်ပွဲသာနိုင်ခဲ့တဲ့အထိ အားပျော့နေပေမယ့် ဒီပွဲကအိမ်ကွင်းဖြစ်တယ်။ ဒါ့အပြင်ဝက်စ်ဘရွန်းကလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်ပြီး သုံးပွဲရှုံးထားတဲ့အထိ ခြေပျက်ယွင်းနေပါတယ်။ ပြီးတော့ ဒီပွဲမတိုင်ခင်မှာလည်း မန်စီးတီးနဲ့ ပွဲစဉ်(၃၃)လက်ကျန်ပွဲကို ကြားရက်မှာကစားရမှာဖြစ်တာကြောင့် ဝက်စ်ဘရွန်းတို့ ပွဲပန်းလာနိုင်ပါတယ်။

ရှိုင်းမင်းမင်း

# ပခုံးခွဲစိတ်ကုသမှုခံယူရမည်ဖြစ်၍ စတီဗင်ဂျာရတ် လက်ကျန်နှစ်ပွဲလွဲချော်မည်



လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျာရတ်သည် ပခုံးခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် လီဗာပူးအသင်း၏ ယခုနှစ်ပရီမီယာလိဂ်ဘောလုံးရာသီ နောက်ဆုံးယှဉ်ပြိုင်ကစားရမည့် လက်ကျန်ပွဲစဉ်နှစ်ပွဲနှင့် လွဲချော်ရလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် ပရီမီယာလိဂ်ပွဲစဉ် (၃၆) အထိ ပွဲတိုင်းပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ၎င်း၏ပခုံးဒဏ်ရာသည် ပိုမိုဆိုးရွားလာခြင်းကြောင့် လီဗာပူးအသင်းက ခွဲစိတ်ကုသမှုပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဖူလ်ဟမ်၊ ကျူပီအာ စသည့် အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည့် လီဗာပူးအသင်း၏ ပရီမီယာလိဂ်လက်ကျန်နှစ်ပွဲနှင့် လွဲချော်မည်ဖြစ်သည့်အပြင် အင်္ဂလန်အသင်း၏ ချစ်ကြည်ရေးပွဲစဉ်များဖြစ်သည့် မေ ၂၉ ရက်တွင် ကစားမည့် အိုင်ယာလန်အသင်းနှင့် ဇွန် ၂ ရက်တွင် ကစားမည့် ဘရာဇီးအသင်းတို့နှင့် ပြိုင်ပွဲများတွင်လည်း လွဲချော်လိမ့်မည်ဖြစ်သည်။

နိုင်လင်းကြည်

# မီဝေါလ်မန်နေဂျာကင်နီဂျက်ကက် အသင်းမန်နေဂျာအဖြစ်မှ နုတ်ထွက်

ချန်ပီယံရှစ်ကလပ် မီဝေါလ်အသင်းနည်းပြ ကင်နီဂျက်ကက်သည် အသင်းမန်နေဂျာအဖြစ်မှ နုတ်ထွက်



လိုက်ပြီဖြစ်ကြောင်း မီဝေါလ်အသင်းက အတိအလင်းကြေညာခဲ့သည်။

အသက် (၅၁)နှစ်ရှိ ကင်နီဂျက်ကက်သည် ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် မီဝေါလ်အသင်းကို စတင်ကိုင်တွယ်ကာ ခြောက်ရာသီနီးပါးကြာခဲ့ပြီးနောက် စိန်ခေါ်မှုအသစ်တစ်ခုဖြင့် ကြုံတွေ့နေရသည်ဟုဆိုကာ အသင်းမန်နေဂျာအဖြစ်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဂျက်ကက်ကိုင်တွယ်မှုသည် မီဝေါလ်အသင်းအား ယခုနှစ်ဘောလုံးရာသီတွင်ချန်ပီယံရှစ်၏ တန်းဆင်းဇုန်အထက် နှစ်မှတ်အသာဖြင့် အမှတ်ပေးဇယား၏ အဆင့် ၂၀ နေရာသို့ ရောက်ရှိစေခဲ့ပြီး အက်ဖ်အေဖလား ပြိုင်ပွဲတွင်မူ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သော်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ဝီဂန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ထို့ကြောင့် ချန်ပီယံရှစ်တွင် သက်တမ်းအရှည်ကြာဆုံးနည်းပြတစ်ဦးအဖြစ် ရပ်တည်ခဲ့သော မီဝေါလ်အသင်းမန်နေဂျာ ကင်နီဂျက်ကက်သည် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။



# အထက်မြန်မာပြည်သတင်း

## ရတနာပုံရွှေမြို့တော်ကြီးနယ် အဘယဌာနကျောက်စာ




**စစ်ကိုင်း မေ ၈**

စစ်ကိုင်းတံတားကြီးဟု ခေါ်ဝေါ်ကြသည့် အင်းဝတံတားကြီး၏ တောင်ဘက်ကမ်းထိပ်တွင် နာမည်ကျော် သမိုင်းဝင် သပြေတန်းခံတပ်ကြီး တည်ရှိသည်။ သပြေတန်းခံတပ်၏ မြစ်ကမ်းဘက်တစ်နေရာတွင် သိရှိသူ အလွန်နည်းပါးသည့် "ရွှေမြို့တော်ကြီးနယ်""အဘယဌာန"ကျောက်စာတိုင် တစ်တိုင် တည်ရှိကြောင်း သိရသည်။

အဆိုပါကျောက်စာတိုင်၏ တောင်ဘက်မျက်နှာထက်တွင် "ရွှေမြို့တော်ကြီးနယ်"ဟုရေးထိုးထားပြီး မြောက်ဘက်မျက်နှာတွင် "အဘယဌာန"ဟု ရေးထိုးထားသည်ကို တွေ့ရသည်။ ရွှေမြို့တော်ကြီးနယ်ကျောက်စာဘက်တွင် မန္တလေးရတနာပုံနေပြည်တော် တည်ထားခြင်း၊ ရွှေမြို့တော် နယ်နိမိတ်သတ်မှတ်ပိုင်းခြားထားခြင်းတို့နှင့် ပတ်သက်၍ ရေးထိုးမှတ်တမ်းတင်ထားခြင်းဖြစ်ကြောင်း သိရသည်။

၎င်းကျောက်စာတိုင်ကို သပြေတန်းခံတပ်ကြီး မတည်ဆောက်မီ မန္တလေးရတနာပုံနေပြည်တော်ကြီး တည်ထောင်တော်မူသည့်ကာလတွင် ရွှေမြို့တော်ကြီး၏နယ်နိမိတ်ကို သတ်မှတ်ကြစဉ် စိုက်ထူထားခဲ့သည့် မန္တလေး သမိုင်းဝင် ကျောက်စာတိုင် တစ်တိုင် ဖြစ်သည်။

ရွှေမြို့တော်ကြီး၏ နယ်နိမိတ်အတွင်း ရေ၊ မြေ၊ လေ၊ တောတောင်အားလုံးတွင် မှီတင်းနေထိုင် ကျက်စားကြသည့် ကျေးငှက်သားငါး တိရစ္ဆာန်အားလုံးကို အဘယဒါန၊ ဇီဝိတဒါနအသက်လွှတ်ခြင်း၊ ဘေးမဲ့ပေးခြင်းကို ပြုလုပ်တော်မူခဲ့ကြောင်းကို လေ့လာတွေ့ရှိရသည်။ ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းကြီး၏ စိတ်နေစိတ်ထားနှင့် ရွှေမြို့တော်ကြီး၏ နယ်နိမိတ်သတ်မှတ်ထားမှုအခြေအနေတို့ကို သမိုင်းသုတေသနပညာကို စိတ်ဝင်စားကြသူများ လေ့လာနိုင်ကြောင်း၊ အဆိုပါရတနာပုံရွှေမြို့တော်နယ်သတ်မှတ်ကျောက်စာနှင့် ဘေးမဲ့ပေးတော်မူသည့်အဘယဌာနကျောက်စာကို အင်းဝတံတားကြီး၏ တောင်ဘက်ထိပ် သပြေတန်းခံတပ်အနီးတွင် လေ့လာနိုင်ကြောင်း သိရသည်။

**(နန္ဒာမင်းလွင်)**

## ပဲကြော်သူတွေ စားဝတ်နေရေးအဆင်ပြေ



**ရေစကြို မေ ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ပေါ်တွင် ပဲကြော်လုပ်ငန်း လုပ်ကိုင်သော ပဲကြော်ဖို ခြောက်ဖိုရှိသည်။ ဒေသထွက် ပဲစာဉ၊ ကုလားပဲ၊ ပဲကြီး၊ ထောပတ်ပဲနှင့် တောင်ကြီးပဲတို့ကို ကြော်၍ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းအထိ ပို့ဆောင်ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပဲကြော်လုပ်ငန်းတွင် ပဲရွေးသူ၊ ပဲခွဲသူ၊ ပဲပြာသူ၊ ရေမျောသူ၊ ပဲပူးသူ၊ ပဲစပ်သူ၊ ခြင်တွယ်၊ ချုပ်စီး၊ အိတ်ထပ်၊ ကားတင်သူ၊ ပဲကြော်သူဟူ၍ သူ့လုပ်ငန်းနှင့်သူ ကျွမ်းကျင်ရာတွင် ဝင်ရောက်လုပ်ကိုင်ကြသူများထဲမှ ပဲကြော်သူများမှာ ပင်ပန်းသလောက် ဝင်ငွေကောင်းကြောင်း ပဲကြော်သူ မောင်စုနိုင်ဝင်းက ပြောပြသည်။

"ကျွန်တော်တို့ကြော်တဲ့ အဖွဲ့တွေက ဆင်းတော့ဆင်းရဲတယ်ဗျ၊ ချွေးတလုံးလုံးနဲ့ သဲသဲမဲမဲလုပ်ရတာ။ မီးဖိုတစ်ဖိုမှာ လုပ်သားလေးယောက်လုပ်ရပါတယ်။ ကြော်တဲ့လူက နှစ်ယောက် မီးထည့်ပေးတဲ့သူကတစ်ယောက် ကျန်တစ်ယောက်က ပဲခြင်၊ ပဲထည့်၊ ဆီခြင်၊ ဆီထည့်၊ ဆီစစ်၊ ပဲထည့် စသည်ဖြင့် အထွေထွေလုပ်ရတာပေါ့၊ ကျွန်တော်တို့အတွဲကတော့ တစ်နေ့ကို အချိန် ၃၀ ပါ ပဲအိတ် ၃၀ လောက်ပြီးပါတယ်။ တစ်ခါတလေလည်း နှစ်အိတ်လောက်လျော့တယ်၊ တစ်ခါတလေကျတော့ နှစ်အိတ်လောက်တိုးတယ်။ ကြော်ခအတွက် ပဲတစ်အိတ် ကျပ် ၇၄၀၊ ၇၅၀ လောက်ပေးပါတယ်။ တစ်နေ့ပျမ်းမျှအိတ် ၃၀ လောက်ပြီးတော့ တစ်ယောက်ကို ကျပ် ၅၅၀၀ လောက်ရပါတယ်၊နေ့စဉ်ပုံမှန်ဝင်ငွေဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ပြန်ပဲကြော်စုံလုပ်ငန်းမှာတော့ မီးဖိုက ငါးဖိုဆိုတော့ လုပ်သား ၂၀ ရှိပါတယ်။ အဲဒီလိုနေ့စဉ် ဝင်ငွေရတဲ့အပြင် ပဲမွအောင် ကြော်နိုင်ရင် သီးသန့်ဆုကြေးရှိပါသေးတယ်။ ပဲမွဖို့ဆိုတာကတော့ ကြော်တဲ့သူရဲ့ အတွေ့အကြုံ၊ မီးအားအပြင်း အပျော့နဲ့ ပဲကောင်းဖို့၊ ရေစိမ်မနာဖို့ ဒါတွေလိုတာပေါ့၊ အားလုံးအဆင်ပြေရင်တော့ ပဲကမွတာပါပဲ"ဟု သူ့အတွေ့အကြုံနဲ့ ဝင်ငွေကောင်းပုံ၊ ဆင်းရဲပုံတို့ကို ပြောပြသည်။

ယခုအခါ ရေစကြိုမြို့၏ ပဲကြော်လုပ်ငန်းသည် ဒေသထွက်ကုန်ကြမ်းများကို တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ထုတ်လုပ်သူများလည်း စီးပွားရေးတွက်ခြေကိုက်သကဲ့သို့ အဆိုပါ ပဲကြော်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေကြသော ဒေသခံလုပ်သား ၈၀၀ ကျော်တို့သည်လည်း စားဝတ်နေရေးများ အဆင်ပြေလျက်ရှိကြသည်။

ထို့အတူ အဝေးပြေးကုန်တင်ကားများသည်လည်း အစုန်ကုန်အဖြစ် ဒေသထွက် ထန်းလျက်၊ ပဲအမျိုးမျိုး၊ ကြက်သွန်နီ၊ အမွှေးတိုင်နှင့်အတူ ပဲကြော်ကုန်တို့ဖြင့် အချိန်မှန်မှန် ပြေးဆွဲနိုင်လျက်ရှိနေကြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## အာမခံအကြောင်းသိကောင်းစရာ ဟောပြော

**မြစ်ကြီးနား မေ ၈**

အာမခံအကြောင်းသိကောင်းစရာ ဟောပြောပွဲကို မေ ၄ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် ပြည်နယ် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အာမခံလုပ်ငန်းသမိုင်းကြောင်းနှင့် ရည်ရွယ်ချက်၊ အာမခံအဓိပ္ပာယ် သဘောတရား၊ နောက်ဆုံး ခွင့်ပြုပေးထားသော အာမခံထားငွေနှင့် အကျိုးခံစားခွင့်များ၊ အထွေထွေအာမခံလုပ်ငန်းများအကြောင်းနှင့် လျော်ကြေးအကျုံးဝင်မှုများ၊ ကချင်ပြည်နယ်ရုံးတွင် ပြုလုပ်ခြင်းမရှိသော အခြားအာမခံလုပ်ငန်းများနှင့် ပေါ်ပေါက်လာမည့် ပုဂ္ဂလိကအာမခံကုမ္ပဏီများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မိုယ်းကျ (မြစ်ကြီးနား)**

### မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**


### ပြန်ကြားရေးဝန်ကြီးဌာန
### ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
**ရုံးအဆောက်အအုံများ ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ရုံးအဆောက်အအုံများကို ရေသန့်နှင့် လျှပ်စစ်လုပ်ငန်းများ အပါအဝင် အဆောက်အအုံ ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) မြောင်မြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀)တစ်ထပ်အုတ်ညှပ်

(ခ) ရွှေကျင်မြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀)တစ်ထပ်အုတ်ညှပ်

(ဂ) ငဖဲမြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၈-၅-၂၀၁၃ရက်မှ ၂၂-၅-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၅-၂၀၁၃ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း ကော်မတီ၊**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**



### (၅၈)နှစ်ပြည့်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီး အယ်(လ်)ဇော်ဘ(ငြိမ်း) နှင့် ချစ်မေမေ ဒေါ်အယ်(လ်)ပရီလွမ်း တို့၏ ၉-၅-၂၀၁၃ ရက်နေ့တွင် ကျရောက်သော (၅၈)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည်နောက်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူဘုရား သခင်ထံမှကောင်းချီးမင်္ဂလာအဖြာဖြာကို ကျေးဇူးတော်ချီးမွှမ်း ကာ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | |
|---|---|
| ချစ်သားသမီးများ | (အယ်(လ်)ဇော်မိန်း ) + မနန်းကြာယုံ |
| | အယ်(လ်)မိန်းနောင် + ( အယ်(လ်)ဂျာဘောက် ) |
| | အယ်(လ်) နန်းခမ်း |
| | အယ်(လ်)လမိန်းဒိန် + မစန်းယုမော် |
| | ဦးရဲလွင် + အယ်(လ်)နန်းရင် |
| | အယ်(လ်) တူးမိန်းဂေါင် + မနန့်ရှီဇာ |
| ချစ်မြေးမြစ်များ | ဘာလီ ၊ ဆိုင်းဆိုင်း ၊ ပန်ပန် ၊ နော၀်နော၀် ၊ |
| | လင်းလင်း ၊ ဒိန်းဒိန် ၊ ပုကျူ ၊ ဘုံဘုံ ၊ ဒိုင်းနာ ၊ |
| | ရွှေရွှေ ၊ ခရစ္စတင်း ။ |



### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
### ကုန်ကြမ်းစက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Woodfree Paper (70 gsm)Reel

| | |
|---|---|
| (1) 30" | 2438 တန် |
| (2) 28 ¼" | 1315 တန် |
| (3) 40" | 439 တန် |

(ခ) Art Card(210gsm)Ream

| | |
|---|---|
| (1) 23" × 33"(500 Sht/Pkt) | 5375 ထုပ် |
| (2) 31" × 43"(500 Sht/Pkt) | 2331 ထုပ် |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၅-၂၀၁၃ရက်မှ ၁၇-၅-၂၀၁၃ရက်ထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၅-၂၀၁၃ရက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်-၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**



### ဖခင်အမည်မှန်နှင့် အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အမက(၆)၊ ဒုတိယတန်းမှ (အဖ) ဦးကျဲအိုချင်း၏သမီး မထားထားချင်းအား ယနေ့မှစ၍ မထားထားလျှံဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးလျံဇာထောင်း[၅/မကန(နိုင်)၀၀၃၅၆၉]ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၈၅၈၈၄၊ အမျိုးအမည် New ANBO 125၊ အမျိုးအစား m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ခင်မေမွန်[၉/ခမစ(နိုင်)၀၁၉၁၁၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၉ယ/၂၇၉၅၄၊ အမျိုးအမည် Luojia 110၊ အမျိုးအစား ဆိုင်ကယ်၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သက်မွန်ဝင်း[၉/မရမ (နိုင်)၀၉၂၄၂၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၃ယ/၉၈၃၇၊ အမျိုးအမည် V-ANBO၊ အမျိုးအစား m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်စည်သူ[၉/စကတ(နိုင်)၀၇၉၁၈၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးခရိုင်၊ညောင်ဦးမြို့၊အမှတ်(၂)ရပ်ကွက်၊ အရှေ့ဈေးတန်းရပ်နေ ဇယန်းကြီးလက်ဖက်နှင့်အကြော်စုံလုပ်ငန်းပိုင်ရှင် ဦးကျော်တင့်[၉/ညဥန(နိုင်)၀၀၃၇၈၁]နှင့် ဒေါ်မြင့်မြင့်ဦး[၉/ညဥန (နိုင်)၀၀၃၆၈၃] တို့၏သား မောင်ဖြိုးဝေအောင်[၉/ညဥန(နိုင်)၁၆၃၉၄၉]သည် မိဘများ ဆိုဆုံးမစကားကိုနားမထောင်ဘဲ မိဘများအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်ဖြိုးဝေအောင်နှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **ဦးကျော်တင့်-ဒေါ်မြင့်မြင့်ဦး**

### သံခုံသင်္ဘော ရောင်းမည်/ငှားမည်

အကျယ် ၃၁ပေ၊ အလျား ၁၅၂ပေ၊ အမြင့် ၈ပေ၊ တင်နိုင်အား တန် ၆၀၀၊ လုံးချင်း ဝင်းနှစ်ထပ် သင်္ဘောအင်ဂျင် မြင်းကောင်ရေ ၂၀၀ နှစ်လုံး လိုင်စင်အပြီးအစီးပါသည်။

**ဆက်သွယ်ရန်-ဦးမောင်ထွေး**
**ဖုန်း-၀၉-၂၀၂၄၂၅၈၊ ၀၉-၄၉၂၇၁၄၃၁**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၁၉၄၃၃၊ Luojia 110,m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးသန်းထွန်းဦး[၉/မနမ(နိုင်)၀၁၆၂၄၇]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**


## သင့်သွေးဖြင့် အသက်ကယ်ပါ

**ပြည်တွင်းရေးရာ**

# မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်လာသည့် ပြင်ဦးလွင်မြို့နယ်က ကြီးကိုင်ကျေးရွာ



**ပြင်ဦးလွင် မေ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၏ အရှေ့ဘက် ၂ ဒသမ ၅ မိုင်အကွာရှိ အင်းယားကျေးရွာအုပ်စုအတွင်းမှ ကြီးကိုင်ကျေးရွာကလေးသည် နိုင်ငံတော်အစိုးရသစ်လက်ထက် နှစ်နှစ်ကာလအတွင်း ကျေးရွာအုပ်ချုပ်သူများနှင့် ရွာသူ ရွာသားများ လက်တွဲညီညာစည်းလုံးညီညွတ်မှုကြောင့် မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရသည်။

အဆိုပါကျေးရွာသည် ရှေးကပင် ပါးစပ်ရာဇဝင်အရ အင်းဦးဘုရား၊ အင်းလယ်ဖား၊ အင်းမီးနဂါးမှ ဆင်းသက်ကာ ယခင်အင်းလျားအင်းရှည်ကြီးမှ အင်းယားဟုဖြစ်ပေါ်လာပြီး အင်းဦး၊ ယခုကြီးကိုင်ကျေးရွာဖြစ်ပေါ်လာခဲ့သည်။ ကျေးရွာအကျယ်အဝန်း ဧက ၄၅၀ ခန့် မြေမျက်နှာပြင်မှာ မြေပြန့်အချို့နှင့် တောင်ကုန်း/တောင်တန်းများဖြစ်ပြီး ရာသီဥတုမှာ တစ်နှစ်ပတ်လုံးအေးမြနေပြီး အမြင့်ဆုံးအပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်၊ အနိမ့်ဆုံးအပူချိန်မှာ ၂ ဒီဂရီစင်တီဂရိတ်စီရှိသည်။

ကျေးရွာတွင် အိမ်ထောင်စု ၂၀၀ ခန့်ရှိပြီး ကျား၊ မ လူဦးရေ ၇၃၃ ဦးရှိသည်။ အဓိကစီးပွားရေးလုပ်ကိုင်ကြသည်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် နာယက ဦးကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးကျော်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းနိုင်တို့က ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုံးစုံဆောင်ရွက်ခဲ့ရာတွင် ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ညွှန်ကြားမှုခံယူ၍ ဌာနဆိုင်ရာဝန်ထမ်းများ၏ ပံ့ပိုးကူညီမှုရယူလျက် ပြင်ဦးလွင်မြို့နှင့် ကြီးကိုင်ကျေးရွာ ဆက်သွယ်ရေးလမ်းမကြီးအား ကျောက်ချောလမ်းမကြီးအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာတွင်းရှိလမ်းများကိုလည်း ကျောက်ချောလမ်းများအဖြစ် စနစ်တကျ ဆောင်ရွက်နိုင်ခဲ့သည်။ ပထမဦးဆုံးအဖြစ် ကျေးရွာသူ ကျေးရွာသားများ အသိပညာတိုးပွားရေးအတွက် စာကြည့်တိုက်ထူထောင်ခြင်းလုပ်ငန်းနှင့် ကျေးရွာမီးလင်းရေးအတွက် ပြင်ဦးလွင်မြို့မှ ၂ ဒသမ ၅ မိုင် ကျေးရွာအရောက် လျှပ်စစ်မီးလင်းနိုင်ရန် ကွန်ကရစ်တိုင်များစိုက်ထူခြင်း၊ လျှပ်စစ်ဝါယာကြိုးများ တပ်ဆင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး ကိုယ်ထူကိုယ်ထ လျှပ်စစ် ၃၁၅ ကေဗွီအေတစ်လုံး တပ်ဆင်နိုင်ခဲ့သည်။**(ဓါတ်ပုံ)**

၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိမှုကြောင့် လမ်းမီးကအစ ကျေးရွာတစ်ခုလုံး လျှပ်စစ်မီးများ ထိန်ထိန်လင်းလျက်ရှိပြီး မြန်မာ့အသံမှသတင်းများ၊ ပညာပေးဇာတ်လမ်းများကြည့်ရသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောများ ပြုန်းတီးမှုမရှိအောင် မီးသွေး၊ ထင်းများ အသုံးမပြုကြဘဲ လျှပ်စစ်မီးနှင့်သာ အသုံးပြုသည်။

ကြီးကိုင်ကျေးရွာမှ ရွာသူ ရွာသားများသည် ခေတ်စနစ်နှင့်အညီ မိမိတို့၏ရင်သွေးများအား နောင်တစ်ချိန်၌ တိုင်းပြည်၏သားကောင်းရတနာများ ဖြစ်လာနိုင်ရေးအတွက် ပညာတတ်များဖြစ်လာအောင် မြို့ပေါ်ထက်နယ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူ ၃၀ ကျော် ကျောင်းထားပေးလျက်ရှိပြီး ရွာသူ ရွာသားများ၏ စည်းလုံးညီညွတ်မှုအင်အားအပြည့်နှင့် လုံခြုံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေလျက်ရှိသော ကြီးကိုင်ကျေးရွာကလေးသည် မကြာမီအချိန်အတွင်း ပြင်ဦးလွင်မြို့၏ရပ်ကွက်ကြီးတစ်ခု ဖြစ်လာမည်ဟု သိရသည်။ **(၅၈၁)**

# ခိုလုံလီရှောတိုင်းရင်းသားများ ဗုဒ္ဓ၏ အဆုံးအမခံယူ

**မူဆယ် မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် တောင်ထိပ်ပေါ်ရှိ "ပန်းဆေးဒေသ"နှင့် ကချင်ပြည်နယ် မန်စီမြို့နယ် "မန့်ဝိန်းကြီးဒေသ" ပင်လယ်ရေမျက်နှာပြင်အမြင့် ၆၄၃၅ ပေရှိ တစ်ဆက်တစ်စပ်တည်း ကျေးရွာများမှ ခိုလုံလီရှောတိုင်းရင်းသား ၁၅၀၀၀ တို့၏ ရိုးရာကိုးကွယ်မှုမှ ဗုဒ္ဓဘာသာ၏ အဆုံးအမခံယူပွဲကို မေ ၅ ရက် နံနက် ၁၁ နာရီတွင် ပန်းဆေးသာသနာပြု ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်အတူ ကျင်းပခဲ့သည်။

တောင်ပေါ်တိုင်းရင်းသားတို့၏ ရင်သွေးငယ် ၁၃၅ ဦးအား သာသနာ့ဘောင်အတွင်း ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခြင်းနှင့်အတူ ရှင်ပြုမင်္ဂလာအခမ်းအနား သာသနာ့နုဂ္ဂဟအသင်းဝင်ပေးအပ်ပွဲကို ပင့်သံဃာ ၁၀၈ ပါးဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နမ့်ခမ်းမြို့ ဇေယျသုခစာသင်တိုက် ကျောင်းထိုင်ဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ထေရဝါဒသာသနာပြုဗဟိုဆရာတော် ဘဒ္ဒန္တနယာစာရ(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်၍ မူဆယ်ခရိုင် ခရိုင်သာသနာရေးမှူး ဦးနိုင်မောင်မောင်စိုးနှင့် နမ့်ခမ်းမြို့နယ် သာသနာရေးမှူး ဦးသန့်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးတို့၏စည်းရုံးကြိုးပမ်းမှု၊ နယ်စပ်ဒေသတောင်ပေါ်တိုင်းရင်းသားများနှင့် အချင်းချင်းယုံကြည် ချစ်ခင်လေးစားမှုပိုမိုတိုးပွားလာစေရေး၊ ရတနာသုံးပါးကို မှီခိုအားထားဆည်းကပ်ပူဇော်ခွင့်ရရှိရေး ရည်ရွယ်ရှေးရှုလျက် ပင့်သံဃာ ၁၀၈ ပါးတို့ဖြင့် ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး** (IPRD)


**ဝမ်းမြောက်သာဓုအနုမောဒနာခေါ်ဆိုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ တောင်ကလေး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အရှင်ပညာသာမိကို အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တားမြို့ရှိ Indian Institute of Oriental Heritage မှ Culture,Tradition, Custom and Literature of East-Poekaren in Myanmar စာတမ်းကို ဂုဏ်ထူးဆောင်ပါရဂူ Honorary Ph.D ချီးမြှင့်ပါသဖြင့် လှိုက်လှဲစွာ ဝမ်းမြောက်သာဓုအနုမောဒနာ ခေါ်ဆိုပါသည်။

**ဘားအံမြို့နယ်အသင်း၊ ရန်ကုန်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် မေလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

"Human Resource Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၁၀-၅-၂၀၁၃ရက်မှ ၁၇-၅-၂၀၁၃ရက်
(ညနေပိုင်း ၈ရက်သင်တန်း)
သင်တန်းကြေး - ၃၀၀၀၀ိ/-(ကျပ်သုံးသောင်းတိတိ)
အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများမှ သင်ကြားမည်ဖြစ်ပါသည်။
သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)

**ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆၊ ၆၆၀၆၅၉**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၅)၊ ပထမထပ်(၂လွှာ)၊ ရေိယာ(၁၅ပေ×၆၀ပေ)ရှိ တိုက်ခန်း အပါအဝင်အရပ်ရပ် အကျိုးခံစားခွင့်တို့အား ဦးမြင့်ဆွေ(၁၀/သဖရ (နိုင်) ၀၇၁၁၇ )ကိုင်ဆောင်သူထံမှကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းမော် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၀၇)
အမှတ်(၅၀)၊ ပထမထပ်၊ D-2၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၁၉၃၀၀၄

Suzuki R⁻ CNG လေအိုးပါ ကားရောင်းရန်ရှိသည်။ တန်ဖိုး-တစ်ရာ့တစ်ဆယ်

ကုန်ပစ္စည်းပို့ရန် ယာဉ်မောင်း အလိုရှိသည်။ တစ်နေ့-၆၀၀၀

**ဖုန်း-၀၉-၄၂၀၁၃၁၀၃၇၊ ၀၉-၇၃၁၆၂၅၈၀၊ ၀၉-၃၁၁၆၉၆၆၈**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ညီညီနိုင်[၁၂/လသန(နိုင်)၀၂၀၉၁၂]၏ Passport No. A-068990 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မောင်ညီညီနိုင် ဖုန်း-၀၉၄၃၀၂၉၀၄၃**

**ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**မြောင်းမြမြို့နယ် တရားမရုံးတော်၌**

**၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၃နှင့်ဆက်သွယ်သည်**

**၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၆နှင့် ဆက်သွယ်သည်**

**မြန်မာပြည်ကျောက်ပေါ်တည် အသင်းတော် နှင့် ဦးတင်မြင့်**
**ဌာနချုပ်၏ အထူးကိုယ်စားလှယ်စာရသူ**
**ဦးရှန်းလွယ်**
**ဒီကရီအနိုင်ရသူ တရားရှုံး**

ဦးတင်မြင့်၊ ရွှေဒါးကုန်းလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။ ၂၀၁၁ခုနှစ်တရားမကြီးမှုအမှတ် ၇၃တွင် ကျန်ရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်းအကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၃ခုနှစ် မေလ ၁၀ရက်၊ (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင်ဤရုံးတော်ရှေ့လာရောက်စေ။ ၂၀၁၃ခုနှစ်ဧပြီလ ၉ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက် သည်။

**ဦးစောရှီးရှီ**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောင်းမြမြို့နယ်တရားရုံး**

**မြေကွက် ဝယ်လိုသည်** ဟဲ

**စမ်းချောင်း၊ အလုံ၊ ရန်ကင်း၊ သင်္ဃန်းကျွန်း** စသောမြို့နယ်များရှိ
လမ်းမတန်း (သို့) လမ်းမတန်းနှင့် နီးသောမြေကွက်များကို ဝယ်လိုသည်/အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသဖြင့် **ပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်ဆက်သွယ်ပါ။**
**01-8500585, 09-49589762, 09-49589764**
**09-421013999**

**ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှု လျှောက်ထားခံရသူများသို့ ကြားသိစေသည့် အကြောင်းကြားစာ**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၂ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်- ၁၁၈**

| | | |
|---|---|---|
| ၁။ ဦးဝင်းမြင့် | နှင့် | ၁။ ဦးကျော်ဝင်းနိုင် |
| ၂။ ဒေါ်အေးအေးမြင့် | | ၂။ ဦးဖြူထွန်းအောင် |
| ၃။ ဦးသိန်းဝင်း | | ၃။ ဒေါ်ကြည်ကြည်စိမ်း |
| ၄။ ဒေါ်သန်းမြင့် | | ၄။ ဦးလှမြင့် အမှတ် ၄၄၊ ၁၂၂လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် |
| | | ၅။ ဦးမောင်မောင်သန်း(ခ)ဦးသန်းမောင်အမှတ်၁၂၃၊ ၄၃လမ်း၊ ၈ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

၂၀၁၂ခုနှစ် ဇွန်လ ၂၈ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၄၄၃/၂၀၁၁အမိန့်ကို ပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ အမှတ်(၄) ဦးလှမြင့်၊ လျှောက်ထားခံရသူ အမှတ်(၅) ဦးမောင်မောင်သန်း(ခ)ဦးသန်းမောင် (ယခုနေရပ်လိပ်စာမသိ)သူများသိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူများက ပြင်ဆင်မှုတင်သွင်းရာ ရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၃ ခုနှစ် မေလ ၂၇ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) တွင် ဆိုင်ရန်ဤရုံးတော်က ချိန်းဆိုလိုက် သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ တရားမပြင်ဆင်မှုတွင် သင်တို့အတွက်ရှက်ဆောင် ရန် တရားမဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဧပြီလ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ**
**ကျော်စွာငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး**
**တိုင်းဒေသကြီးတရားလွှတ်တော်**

AGGA Travel & Tours Co., Ltd

**ကားငှားမယ်ဆိုသတိရပါ**

IVECO = 19 Seaters
HIACE(G.L)= 14 Seaters
HIACE Limited = 7 Seaters
Alphard = 7 Seaters
Saloon = 4 Seaters



www.aggatravel.com www.facebook.com/aggatravel

**Hot Line: 09 500 99 30, 01 383665**


9-5 (16).pmd 1 5/7/2013, 8:18 PM

ဆောင်းပါး

# မြန်မာအမျိုးသမီး ဘောလုံးအသင်းနှင့် ခြေစစ်ပွဲများ

ဇော်မင်းအောင်



**ချန်ပီယံဆုများနှင့်အတူ**

၂၀၁၄ အာရှဖလား အမျိုးသမီးချန်ပီယံရှစ် (2014 AFC Women's Asian Cup) ခြေစစ်ပွဲများကို ၂၀၁၃ ခုနှစ် မေလအတွင်း စတင်ကျင်းပတော့မည်ဖြစ်သည်။ ခြေစစ်ပွဲများကို အုပ်စု (A,B,C,D) ဟူ၍ အုပ်စုလေးစု ခွဲထားပြီး အုပ်စု တစ်အုပ်စုလျှင် လေးသင်းဖြင့် စုစုပေါင်း အသင်း ၂၀ ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ အုပ်စု လေးအုပ်စုမှ ပထမလေးသင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် မေလ ၁၄ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံတွင် ကျင်းပမည့် နောက်ပိုင်းအဆင့်ပွဲစဉ်များသို့ တက်ရောက်ကစားခွင့်ရရှိမည်ဖြစ်သည်။

၂၀၁၄ အာရှဖလား အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၏ နောက်ဆုံးအဆင့်သို့ အိမ်ရှင်ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် သြစတြေးလျတို့ အလိုအလျောက်ခြေစစ်ပွဲအောင်ထားကြပြီး ခြေစစ်ပွဲအောင် အသင်းလေးသင်းနှင့်ပေါင်း၍ နောက်ဆုံးအဆင့်ပွဲစဉ်များ ကျင်းပရန် အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ထားခြင်းဖြစ်သည်။ အီရန်၊ အီရတ်အသင်းများ အာရှအင်အားကြီးဘောလုံးအသင်းများနေရာသို့ ရောက်ရှိလာခဲ့သည်။ ထိုမှတစ်ဖန် ဘဏ္ဍာရေး တောင့်တင်းမှုအရ ကာတာ၊ ယူအေအီး၊ ဘာရိန်း၊ ဥဇဘက်ကစ္စတန် စသဖြင့် အလယ်နှင့်ဗဟို အာရှအသင်းများ နေရာရလာသောအခါ အာရှတိုက်၏ အမျိုးသားဘောလုံးလောကမှာ ချိန်ခွင်လျှာညီသွားခဲ့သည်။ သို့သော် အမျိုးသမီးဘောလုံးလောကတွင် အရှေ့အာရှအသင်းများကသာ ယနေ့အထိ ကမ္ဘာ့အဆင့်တိုင်အောင် ထိုးဖောက်နေရာယူထားဆဲဖြစ်သည်။ အမျိုးသမီး အာရှချန်ပီယံဆုဆိုပါက ဂျပန်၊ တရုတ်၊ သြစတြေးလျ၊ တောင်နှင့် မြောက်ကိုရီးယားအသင်းများသာ အချင်းချင်း ယှဉ်ပြိုင်လုယူနေရသည့်သဘောဖြစ်သည်။

ယဉ်ကျေးမှုနှင့် ဘာသာအယူဝါဒအရ အာရှအလယ်ပိုင်းနှင့် တောင်အာရှနိုင်ငံများမှာ အမျိုးသမီးဘောလုံးလောက ထွန်းကားခြင်းမရှိခဲ့သလို အချို့နိုင်ငံများတွင် အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းပင်မရှိ၊ အချို့မှာ အမျိုးသမီးများ ဘောလုံးကစားခြင်းကိုပင် တင်းကျပ်စွာတားမြစ်ပိတ်ပင်ထားကြသေး၏။ အရှေ့အာရှပြီးလျှင် အမျိုးသမီးများ ဘောလုံးလောက ထွန်းကားသည်ဟု ဆိုနိုင်သည်က အရှေ့တောင်အာရှ (အာဆီယံ) ဒေသပင်ဖြစ်သည်။ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်တို့မှာ အာဆီယံဒေသ၏ အင်အားကြီးများအဖြစ် အပြိုင်အဆိုင် ရပ်တည်လျက်ရှိကာ အရှေ့အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ကိုယ်စီကြိုးပမ်းနေကြသည်။

**အာရှဘောလုံးအဖွဲ့ချုပ် (AFC)၏ အိုင်ဒီယာ**

ထိုသို့ အာရှ၏ တစ်ဖက်စောင်းနင်းဖြစ်နေသော အမျိုးသမီးဘောလုံးလောကကို ချိန်ခွင်လျှာညီမျှလာစေရန် အာရှဘောလုံးလောက၏ အိုင်ဒီယာအသစ်အဆန်းကတော့ အမျိုးသမီးဘောလုံးပြိုင်ပွဲများကို အလယ်အာရှနိုင်ငံများသို့ သွားရောက်ကျင်းပခြင်းပင် ဖြစ်ပေလိမ့်မည်။ လာမည့်နှစ် အာရှအမျိုးသမီးချန်ပီယံရှစ်အတွက် ခြေစစ်ပွဲအုပ်စုလေးခုစလုံးကို အိမ်ရှင်အဖြစ်ကျင်းပမည့် နိုင်ငံများကိုကြည့်လျှင် ထိုအိုင်ဒီယာကို တွေ့မြင်နိုင်ပါသည်။ အုပ်စု(A)အိမ်ရှင်အဖြစ် ဂျော်ဒန်၊ အုပ်စု(B)အိမ်ရှင်အဖြစ် ဘင်္ဂလားဒေ့ရှ်၊ အုပ်စု(C) အိမ်ရှင်အဖြစ် ဘာရိန်း၊ အုပ်စု(E) အိမ်ရှင်အဖြစ် ပါလက်စတိုင်းနိုင်ငံများဖြစ်ရာ AFC သည် ထိုနိုင်ငံများတွင် အမျိုးသမီးဘောလုံးလောကကို သွားရောက်မိတ်ဆက်ပေးခြင်းသာဖြစ်မည်ဟု ယူဆမိသည်။

**အုပ်စု(D)နှင့် မြန်မာအမျိုးသမီးအသင်း**(ယာပုံ)

အားလုံးသိကြပြီးဖြစ်သည့်အတိုင်း မြန်မာအမျိုးသမီးဘောလုံးအသင်းမှာ ထိုင်း၊ ဗီယက်နမ်တို့နှင့် အာဆီယံဒေသတွင် ထိပ်သီးအသင်းများအဖြစ် ရပ်တည်လျက်ရှိသော်လည်း အာရှဖလားပြိုင်ပွဲတွင်မူ အုပ်စုအဆင့်ဖြင့်သာ နှစ်စဉ် ကျေနပ်နေခဲ့ရသည်။ ဒီနှစ်ပြိုင်ပွဲမှာတော့ ခြေစစ်ပွဲအုပ်စု (D)တွင် ပါဝင်လျက်ရှိပြီး ပါလက်စတိုင်းနိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့် အာဆီယံချန်ပီယံရှစ်တွင် အိမ်ရှင်ဗီယက်နမ်ကို ပယ်နယ်တီဖြင့် ဗိုလ်လုပွဲတွင် အရေးနိမ့်ခဲ့ရပြီးနောက် ခဏသာအနားယူပြီး ယခုနှစ်အစပိုင်းမှစတင်ကာ ကာလရှည်လေ့ကျင့်ပြင်ဆင်နေသောအသင်းဖြစ်သည်။ ခြေစစ်ပွဲတွင် ပထမရရှိရေးအတွက် အိန္ဒိယ၊ တရုတ်(တိုင်ပေ)နှင့် အိမ်ရှင်ပါလက်စတိုင်းတို့ကို ကျော်ဖြတ်နိုင်ဖို့ လိုမည်ဖြစ်သည်။ အုပ်စုတွင် တရုတ်(တိုင်ပေ)ကို အကြိတ်အနယ် ကစားရမည်ဖြစ်သကဲ့သို့ အိန္ဒိယကိုလည်း လျှော့တွက်ထား၍ မဖြစ်ပေ။ အိန္ဒိယအသင်းမှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းပိုင်းက နယ်သာလန် အမျိုးသမီးလက်ရွေးစင်အသင်းနှင့် နယူးဒေလီတွင် ခြေစမ်းကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ တရုတ်(တိုင်ပေ)၏ ပြင်ဆင်ခြေစမ်းမှုများကို မသိရသေးပေ။ ပါလက်စတိုင်းအမျိုးသမီးအသင်းကတော့ အိမ်ရှင်အားဖြင့်သာ ပြိုင်ဘက်များကို ညှော့ခံရမည်ဖြစ်သည်။ ခြေစွမ်းအရ မြန်မာအသင်းသည် ကျန်သောသုံးသင်းထက် အသာစီးမှ ရှိနေပြီး ခြေစစ်ပွဲအောင်မည့်အသင်းအဖြစ်လည်း တစ်ပေးခံထားရသော အသင်းဖြစ်သည်။

**အုပ်စု (D) ပြိုင်ပွဲဝင်အသင်းများ**

၁။ မြန်မာ(ဖီဖာအဆင့် ၄၆၊ အာရှအဆင့် ၁၀)
၂။ အိန္ဒိယ(ဖီဖာအဆင့် ၅၁၊ အာရှအဆင့် ၁၁)
၃။ တရုတ်တိုင်ပေ(ဖီဖာအဆင့် ၄၁၊ အာရှအဆင့်၉)
၄။ ပါလက်စတိုင်း(ဖီဖာအဆင့် ၉၁၊ အာရှအဆင့် ၂၀)

**အခက်အခဲတွေအတွက်......**

ပါလက်စတိုင်းမြေတွင် အခက်တွေ့ဖွယ်ရာ ရှိသည်များကတော့ အစားအသောက်နှင့် လေ့ကျင့်ရေးအစီအစဉ်များတွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲများ ဖြစ်ပေလိမ့်မည်။ အာဆီယံနိုင်ငံများနှင့် ကွာခြားသည့် အလေ့အကျင့်၊ အစားအသောက်နှင့် ရာသီဥတုတို့က မြန်မာ၊ တရုတ်(တိုင်ပေ)စသည့် အသင်းများကို အတန်အသင့်တော့ နေရထိုင်ရခက်မည်ဟု မှန်းဆရသည်။

အများသိကြသည့်အတိုင်း ပါလက်စတိုင်းဆိုသည်က နိုင်ငံရေးအခြေအနေအရ ယနေ့အထိ တည်ငြိမ်မှုမရှိသေးသော နေရာဒေသဖြစ်သည်။ သို့သော် ပါလက်စတိုင်းဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာရှဘောလုံးအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြိုင်ပွဲတစ်ရပ်အတွက် လုံခြုံရေးအပါအဝင် လုံလောက်စွာရှိရမည့် စံနှုန်းများအား တာဝန်ယူဆောင်ရွက်ပေးနိုင်၍သာ ထိုသို့သော အာရှအဆင့်ခြေစစ်ပွဲကို လက်ခံကျင်းပရခြင်း ဖြစ်ပါလိမ့်မည်။ အလားတူ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း မြန်မာအမျိုးသမီးအသင်း၏ ခရီးစဉ်အတွက် အစစအရာရာ အဆင်ပြေချောမွေ့မှုရှိစေရန်၊ အာရှဖလားဖိုင်နယ်ပွဲစဉ်များသို့ တက်ရောက်ကစားခွင့်ရရှိစေရန် လူအားငွေအားဖြင့် ကြိုးပမ်းပြင်ဆင်လျက်ရှိသည်။ ပါလက်စတိုင်းတွင် ကစားရမည့်ကွင်းမှာ မြက်ခင်းတုကွင်းဖြစ်သော်လည်း ရန်ကုန်ယူနိုက်တက်အသင်းပိုင် မြက်ခင်းတုကွင်းတွင် လေ့ကျင့်ခွင့်ရနေသည့်အတွက် အမျိုးသမီးအသင်း အခက်မတွေ့နိုင်။ ရန်ကုန်ယူနိုက်တက်ကိုလည်း ကျေးဇူးတင်ရမည်ဖြစ်သည်။ ပစ်မှတ်တွေကနေ ဖိအားဖြစ်မသွားဖို့လိုတယ်။ မြန်မာအမျိုးသမီးအသင်းအတွက် ၂၀၁၃ ခုနှစ်အတွင်း ပြိုင်ပွဲများမှာ အရေးကြီးဆုံးသော ပြိုင်ပွဲများဖြစ်နေသည်။ အခြားသော ဘောလုံးသတင်းများလောက် ကျယ်ပြန့်မှု ရှိမနေ၍သာ လူသိနည်းနေခြင်းဖြစ်သော်လည်း သမိုင်းတစ်လျှောက် အခက်ခဲဆုံး အချိန်ကာလဆိုသည်မှာ ငြင်းမရနိုင်ပေ။ နည်းပြ ကုမာဒါနှင့် အမျိုးသမီးဘောလုံးအသင်း တာဝန်ရှိသူများအတွက် မကြာမီကာလအတွင်း ကြုံတွေ့ရမည့် စိန်ခေါ်မှုများကိုကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။ ထိုပြိုင်ပွဲ လေးရပ်စလုံးသည် မြန်မာအမျိုးသမီးအသင်း တာဝန်ရှိသူများအတွက် အရေးကြီးသော ပြိုင်ပွဲများဖြစ်သကဲ့သို့ ကာလအပိုင်းအခြားမှာလည်း ပြိုင်ပွဲတစ်ရပ်နှင့်တစ်ရပ် ကွာခြားလွန်းခြင်း သိပ်မရှိပေ။ ပြိုင်ပွဲလေးရပ်အနက် အာရှယူ-၁၉ ပြိုင်ပွဲမှာ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ သြစတြေးလျစသည့် အသင်းများနှင့် ကစားရမည်ဖြစ်ရာ မျှော်လင့်ချက်နည်းပါးလွန်း၍ ဖိအားမရှိသော်လည်း ကျန်ပြိုင်ပွဲ သုံးရပ်တွင် နှစ်ခုမှာ အိမ်ရှင်ဖြစ်နေပြီး သေချာပေါက် ချန်ပီယံဖြစ်နိုင်သကဲ့သို့ အာရှခြေစစ်ပွဲမှာလည်း အောင်မြင်မှုရရန် အလားအလာကောင်းနေသည်။ ထိုအခွင့်အရေးများသည် မိမိလက်ထဲတွင် ရောက်ရှိနေသည်မှာ မှန်သော်လည်း ပေါ့ဆနေပါက ပစ်မှတ်များမှ ဖိအားများအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်ကိုလည်း မမေ့သင့်ပါ။ ပါးစပ်နားရောက်မှ ပြုတ်ကျသော ကံကြမ္မာသည် အမျိုးသမီးအသင်း မကြာခဏ ကြုံတွေ့နေရသော ကံကြမ္မာလည်းဖြစ်၏။ တစ်ကြိမ်မျှ ရွှေတံဆိပ်မရသေးသော ဆီးဂိမ်းပြိုင်ပွဲကိုကြည့်လျှင် သိနိုင်ပေသည်။

ကမ္ဘာ့ဖလားအိပ်မက် ၂၀၁၅ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရေးအတွက် မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ ရေပန်းစားနေသည်ဟုဆိုလျှင် အံ့သြဖွယ်ရာသတင်းတစ်ပုဒ်ဖြစ်လာပေလိမ့်မည်။ တကယ်တော့ ထိုအခွင့်အရေးသည် အမှန်တကယ် ပေါ်ပေါက်လာနိုင်သည့် အခွင့်အရေးပင်ဖြစ်သည်။ အဘယ်ကြောင့်နည်း။ ၂၀၁၅ ခုနှစ် ကနေဒါနိုင်ငံတွင် ကျင်းပမည့် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အာရှမှ ငါးသင်း ယှဉ်ပြိုင်ခွင့်ရရှိသည်။ အင်အားကြီး ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် သြစတြေးလျတို့ကို လေးနေရာ ကြိုတင်ပေးထားလိုက်ပြီဆိုပါစို့။ ကျန်သောတစ်နေရာအတွက် ထိုင်း၊ မြန်မာနှင့် ဗီယက်နမ်တို့က ခြေစွမ်းအရ အလားအလာ ကောင်းနေသဖြင့် ထိုအခွင့်အရေး ပေါ်ပေါက်လာရန် များနေခြင်းဖြစ်သည်။ ကျန်အာရှအသင်းများအနက် ဥဇဘက်ကစ္စတန်နှင့် တရုတ် (တိုင်ပေ)တို့ကလည်း အိပ်မက်မက်ခွင့် ရှိနေသည်။ ခြေစွမ်းအရ ထိုင်း၊ မြန်မာနှင့် ဗီယက်နမ်တို့ကို မမီ။ သို့သော် ဘောလုံးဆိုသည်က အပိုင်တွက်ထား၍ မရဆိုသည်ကိုတော့ သတိချပ်သင့်သည်။ ဘယ်အခွင့်အရေးမှ လက်လွှတ်မခံနိုင်၊ လောဘကြီးတယ် ပြောကာမှပြော။ အမျိုးသမီးလက်ရွေးစင်အသင်းအနေဖြင့် လာမည့်ပြိုင်ပွဲများအားလုံးတွင် အောင်မြင်မှုရမည်ဟု ယုံကြည်ထားသည်။ ထိုယုံကြည်ချက်ကြောင့်လည်း ကစားသမားများအားလုံး စိတ်ဓာတ်ရေးရာကအစ တက်ကြွနေသည်။ လက်ရွေးစင်အဖြစ် ရွေးချယ်ခံရသည့် ကစားသမားများလည်း လစာတိုး၍ ရရှိနေပြီဖြစ်သလို မကြာသေးမီက ဖွဲ့စည်းထားသည့် အမျိုးသမီးဘောလုံးကော်မတီနှင့် ဆီးဂိမ်း အမျိုးသမီးဘောလုံးအသင်းအောင်နိုင်ရေးကော်မတီတို့ကလည်း လေ့ကျင့်ရေးကွင်းများသို့ သွားရောက်အားပေးကြည့်ရှုပြီး လိုအပ်သည်များ ကူညီပံ့ပိုးကာ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ အဖွဲ့ချုပ်၊ အမျိုးသမီးဘောလုံးကော်မတီ၊ နည်းစနစ်ကော်မတီ၊ နည်းပြများ၊ ကစားသမားများ၊ မီဒီယာများ၊ ပရိသတ်များ အားလုံးဝိုင်းဝန်းပံ့ပိုးလိုက်ရင်ဖြင့် အမျိုးသမီးအသင်း မျှော်မှန်းထားသော အောင်မြင်မှုများ ကျိန်းသေရရှိမည်ဟု ယုံကြည်သည်။ ထိုအောင်မြင်မှုသည် အမျိုးသမီးအသင်းတစ်သင်းတည်း၏ အောင်မြင်မှုမဟုတ်။ အားလုံး ဝိုင်းဝန်းဆောင်ရွက်သည့်အတွက် အားလုံး၏ အောင်မြင်မှုဖြစ်သည်။ အားလုံး၏ အောင်မြင်မှုသည် တိုင်းပြည်၏ အောင်မြင်မှုပင်ဖြစ်သည်။ ထို့ကြောင့် ဘယ်အခွင့်အရေးမှ လက်လွှတ်မခံနိုင်ဟု ဆိုချင်ပါသတည်း။ ။


သန့်စင်ပြီး/အရောက်ပို့ (ရဟူ)
လှောင်ဆန်
ပွဲတော်အုပ်
01-512443 09-73017656
ဂုသိမ်ပေါ်ဆန်းမွှေး(ရှယ်) 31000 Ks
ဖျာပုံပေါ်ဆန်းမွှေး 27500 Ks
ဧယာ 20000 Ks

Dream Paradise
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
ငွေဆောင်(သောကြာ)
ကားမျိုးစုံ စင်းလုံးငှားသည်။Hotel
09420002090.09 730 43408

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ကိုသန့်မွှန်၏ နိုင်ငံကူးလက်မှတ် (၇၆၇၂၄၉)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၃၅၄၂၅၊ ၀၁-၃၈၅၂၂၄

မီး သတိပြု

ဗိုသူကိုခေါ်ပါ
ရေခဲသေတ္တာ၊ Aircon နှင့် အဝတ်လျှော်စက် အမျိုးမျိုးတို့အား စိတ်တိုင်းကျ အိမ်တိုင်ရာရောက်ပြုပြင်တပ်ဆင်ပေးသည်။ လျှပ်စစ်ပစ္စည်းအဟောင်းအပျက်များဝယ်သည်။
ဖုန်း-၀၉-၄၂၀၀၂၆၀၃၄၊ ၀၉-၄၀၁၆၅၈၀၅၄

ရောင်းမည်
နစ်ဆန်းပီအက်ဖ်
စီးတီးဘတ်စ်
၈၈-သမသလိုင်း ၇ခ/----
ဖုန်း-၀၉-၇၃၀၈၂၈၉၆


**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်မြို့ ၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သံသုမာလမ်း၊ ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ အခန်းအမှတ်(၀၆ - ၀၂)၊ ( ၆ - လွှာ )၊ ဧရိယာ(၁၅၅၀)စတုရန်းပေအကျယ်အဝန်းရှိ ဒေါ်ခိုင်ညိုညိုထိုက် (၁၂/ဗဟန(နိုင်)၀၄၈၅၈၂)အမည်ပေါက်ကွန်ဒိုတိုက်ခန်း အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးကျော်ကျော်လွင် (၁၂/ရကန(နိုင်)၀၅၁၂၆၃)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်ရုံးချိန်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်နိုင်ဦး (စဉ် – ၄၂၇၂)
LL.B
တရားလွှတ်တော်ရှေ့နေ

ဦးမျိုးညွန့် (စဉ် – ၅၁၄၂)
LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ

ဦးယဉ်မင်းထက်(စဉ် – ၂၉၈၃၂)
LL.B,C.B.L,B.A(BusinessLaw)
အထက်တန်းရှေ့နေ

ဒေါ်ဆွေဇင်သော် (စဉ် – ၂၆၀၃၈)
LL.B,LL.M, M.Res,Ph.D(Thesis)
အထက်တန်းရှေ့နေ

" စိုင်းခွန်နောင် " ကုမ္ပဏီ (အိမ်၊ ခြံ၊ မြေ)နှင့် ဥပဒေအကြံပေးလုပ်ငန်း
အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ရုံး(ချုပ်)ဖုန်း – ၅၄၁၅၀၁၊ ၅၅၁၁၉၇၊ ၄၀၀၇၈၁၊ ၀၉ – ၅၁၇၇၉၅၃၊ ၀၉ – ၇၃၁၀၄၂၀၀၊
ရုံး(ခွဲ)ဖုန်း – ၂၉၅၇၂၄၊ ၀၉ – ၇၃၀၅၆၆၅၁၊ ၀၉ – ၇၃၀၂၉၆၉၆၊

**တစ်ဦးတည်းဖြစ်ကြောင်း**

မောင်ကျော်ဇင်ထွန်း[၁၂/လမန(နိုင်)၁၄၇၅၃၃]၊ မရွှေရည်ဝင်း[၁၂/လမန(နိုင်)၁၄၇၅၃၂]၊ မောင်ဇင်မင်းထွန်း[၁၂/မရက(နိုင်)၁၅၆၄၂၀]တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော်(ခ)ဦးမောင်ပြုံး တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်ပြုံး[၁၄/ဝခမ(နိုင်)၀၁၅၅၁၄]

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၇စီ၊ မြေကွက်အမှတ်-၃၄၊ မြေကွက်တည်နေရာ အမှတ်(၄၄)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဦးမောင်မောင်လေး+ဒေါ်မြသန်း+ဒေါ်နှင်းအုံ အမည်ပေါက်နှစ်(၆၀) ဂရန်မြေအားအမည်ပေါက် (၂)ဦးဖြစ်သော ဦးမောင်မောင်လေးရှိ ဒေါ်မြသန်းတို့ သား၊ သမီးများဖြစ်သော (၁)ဒေါ်ခင်မာလာ[၁၂/စခန(နိုင်)၀၀၅၈၃၄]၊ (၂)ဒေါ်ခင်သီတာ[၁၂/စခန(နိုင်)၀၀၅၃၈၆]၊ (၃)ဦးအောင်ထွန်း[၁၂/စခန(နိုင်)၀၀၅၈၃၅]၊ (၄)ဦးသန်းထွန်း[၁၂/စခန(နိုင်)၀၀၆၇၂၁]တို့ကသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ(၁၆၀၃/၂၉-၁-၂၀၁၃)ဖြင့် ဦးသန်းထွန်း[၁၂/စခန(နိုင်)၀၀၆၇၂၁]နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်နှင်းအုံ[၉/ပမန(နိုင်)၀၁၃၉၃၉]တို့ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဇီဇဝါအိမ်ရာနေ
ဒေါက်တာသိန်းထွန်း(ကလေးအထူးကုဆရာဝန်ကြီး၊ သယ်နိုးကျွန်းစံပြဆေးရုံကြီး)-ဒေါ်ညွန့်ညွန့်ရှိန်တို့၏သားကြီး

**မောင်ချစ်သိန်းထွန်း**

**B.Tech (Information Technology),WYTU**

နှင့်

မြင်းခြံမြို့၊ ဘုရားလမ်း၊ အမှတ်(၁၂)နေဦးခင်မောင်ကြည်-ဒေါ်ရီရီဝင်း(လမင်း၊ဆေးလိပ်လုပ်ငန်း)တို့၏သမီးငယ်
Australia နိုင်ငံ၊ Tasmania ပြည်နယ်၊ Launceston မြို့နေဒေါက်တာထက်မြင့်အောင်-
ဒေါက်တာတင်နွယ်အေးတို့၏ညီမ

**မသက်မွန်ဆွေ**

**B.Sc (Zoology) (Q)**

တို့၏ ၂၄-၃-၂၀၁၃ရက်တွင် ချမ်းမြေ့ရိပ်သာကျောင်း၌ကျင်းပသော မင်္ဂလာဆွမ်းကျွေးတွင် မင်္ဂလာဦးသြဝါဒတရားမြွက်ကြားချီးမြှင့်ပေးပါသောချမ်းမြေ့ဆရာတော်ကြီးအားလည်းကောင်း ၁၉-၄-၂၀၁၃ရက်တွင် Chatrium Hotel Mandalay Room ၌ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မေတ္တာဖြင့်မော်ကွန်းတင် လက်မှတ် ရေးထိုးပေးပါသော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူး) ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော (ဒုညွှန်ကြားရေးမှူး (ငြိမ်း)စစစ)နှင့်ဇနီးဒေါ်ဖြူဖြူဝင်း၊ ဦးခင်မောင်ညွန့်နှင့် ဇနီးဒေါ်အေးအေးမာတို့အားလည်းကောင်း၊ ၂၁-၄-၂၀၁၃ရက်တွင် Sedona Hotel (Grand Ballroom)၌ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် လက်ထပ်ပေးပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းနှင့်ဇနီးဒေါ်နန္ဒာအောင်တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ Flower boy, Flower girl အဖြစ်ဆောင်ရွက်ပေးပါသော မောင်ရှင်းသန့်အောင်နှင့် မချောကလက်၊ မင်္ဂလာပန်းကြပေးပါသော မအေးမြတ်မွန်ပွင့်ထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ကိုင်ဆောင်ပေးပါသော မခိုင်ဇင်သန့်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မသက်နှင်းဦး၊ သတို့သားအရံ ဒေါက်တာမောင်ချစ်သိန်းညွန့်၊ မောင်သူရထွန်း၊ သတို့သမီးအရံမခိုင်ခိုင်စိုး၊ မထက်ထက်စိုးမြင့်၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော တေးသံရှင်ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော ကိုခင်မောင်ဝင်းနှင့်အဖွဲ့၊ မိတ်ကပ်အလှပြင်ပေးပါသောလင်းလင်း (တော်ဝင်သူ)အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို(Excellent)အဖွဲ့၊ ဖိတ်စာများရိုက်နှိပ်ပေးပါသော (Dagon) ပုံနှိပ်တိုက်၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၈-၅-၂၀၁၃ ရက်တွင် မြင်းခြံမြို့၊ မဏိကဥ္စနာခန်းမ၌ကျင်းပသော မင်္ဂလာညစာ့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ချစ်သိန်းထွန်းနှင့်မသက်မွန်ဆွေ**

# မင်္ဂလာညစာ့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကမ္ဘားဖြူကျေးရွာနေ
ဦးငွေမောင်-ဒေါ်ခင်သိန်းညွန့်တို့၏သား

**ဗိုလ်ဝေယံဖြိုး**

**M.B.B.S,D.S.M.A**

ဘူးသီးတောင်မြို့

နှင့်

နေပြည်တော်၊ စံပယ်အိမ်ရာနေ
ဦးမြင့်ကြိုင်(အကြံပေးအရာရှိ၊ အင်ဂျင်နီယာချုပ်-စက်မှု၊ ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်)-
ဒေါ်ငွေငွေ(ချယ်ရီမေအမျိုးသမီးဘော်ဒါဆောင်၊ မိတ္ထီလာမြို့)တို့၏သမီး

**မစောစန္ဒာမြင့်**

**A.G.T.I-Mechanical Power),B.Sc(Physics)**

တို့၏ ၁၂-၄-၂၀၁၃ရက်(သောကြာနေ့)တွင် နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ် (Meeting Hall) ၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အသိသက်သေလက်မှတ်ရေးထိုးပေးပါသော ပျဉ်းမနားမြို့နယ် တရားသူကြီး ဦးစိုးသန့်၊ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(စက်မှု)များဖြစ်ကြသော ဦးထွန်းကျော်စိုးနှင့် ဦးထွန်းအောင်နိုင်၊ မင်္ဂလာစေ့စပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(စက်မှု) ဦးဝင်းထွဋ်နှင့် ဇနီး ဒေါ်နန်းတင်တင်ငွေ၊ မင်္ဂလာစကားပြောကြားပေးပါသော ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(စက်မှု) ဦးထွန်းကျော်စိုးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးတိုးတိုးသိန်း(ငြိမ်း)တို့အားလည်းကောင်း၊ ၂၈-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် နေပြည်တော် MICC(Banquet Hall)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာ့်ခံပွဲအခမ်းအနားတွင် မေတ္တာစေတနာအပြည့်အဝဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဦးခင်ဇော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီးဒေါ်သီသီမြင့်၊ မင်္ဂလာလက်ထပ်ရွှေလက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်တင်ဆန်း၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုးနှင့် (ဦး)ကေတုဝင်းထွဋ်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင် ရတနာဦး၊ အောင်မင်္ဂလာပန်းများဖြန့်ကြပေးပါသော မအေးချမ်းမိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မမြတ်ကေခိုင်၊ မင်္ဂလာလက်ထပ်ရွှေလက်စွပ်ကိုင်ဆောင်ပေးပါသော မခိုင်ဇင်ထွဋ်၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံများဖြစ်ကြသော ဗိုလ်ဟိန်းဆက်မော်၊ ဗိုလ်ရှိန်ထွန်းမြင့်၊ မအေးမို့မို့ဟန်သာကျော်နှင့် မဝိုင်းမြတ်နိုး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော ကိုဇော်မင်းအောင်(ဆည်မြောင်း)၏ လေနုအေးတေးဂီတအဖွဲ့နှင့် နိုင်ငံကျော် တေးသံရှင်များ၊ ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးပါသော မိုးပိုင်စိုး(ယွန်း)ရိုက်ကူးရေးအဖွဲ့၊ မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာများ အလှဆင်ဖန်တီးပေးပါသော မိတ်ကပ်ကျော်မိုး (ရန်ကုန်)၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော Marvelous ဖက်ရှင်၊ မင်္ဂလာဖိတ်စာအလှဆင်ဖန်တီးပေးပါသော Dagon ဖိတ်စာ၊ မင်္ဂလာလက်ဆောင်မွန်များပေးပို့ပေးပါသော မိတ်သင်္ဂဟအပေါင်း၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာများတည်ခင်းဧည့်ခံပေးပါသော နေပြည်တော် MICC မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်အောင်အဘက်ဘက်မှ မေတ္တာဖြင့် ကူညီပံ့ပိုးပေးကြသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ဝေယံဖြိုး-မစောစန္ဒာမြင့်**

# မင်္ဂလာညစာ့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ ဦးလှကြိုင်-ဒေါ်စန်းစန်းမြင့် တို့၏တစ်ဦးတည်းသောသား

**မောင်အေးမင်းထွန်း**

**B.Sc(Botany)(Q) Credit**

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးဘရုံ-ဒေါ်ကျင်သိုက်)(စိန်ရုံ-ပွဲရုံ)တို့၏မြေး၊ ဦးကျော်မြင့်-
ဒေါ်လှလှမြင့်တို့၏သမီးလတ်

**မနီလာယု**

**B.E(Electronics), DA,DMA, ACCA(Part-II)(UK)**

တို့၏ ၂၈-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာ့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးရွှေလှိုင်(ဒုဥက္ကဋ္ဌ-လပွတ္တာမြို့နယ်အသင်း)နှင့် ဇနီးနော်ဖော၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးခင်လှိုင်နှင့် ဇနီး ဒေါ်ခင်ဆွေဝင်း (Myanmar Big Shop နှင့်ဇောတိကသက်န်းတိုက်)၊ မင်္ဂလာပန်းကြပေးသော မလဲ့မြင့်သူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မအေးပွင့်ဖြိုး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မထက်ထက်ချို၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးအောင်ဇော်ဖြိုးနှင့် မောင်ဝေလဖြိုး၊ မင်္ဂလာသတို့သမီးအရံ မကျော့ခိုင်ဇင်နှင့် မအိမွန်ဆွေ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးတေးသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်းနှင့် Spectrum တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာပြည်စိုးအောင်၊ မင်္ဂလာလက်ဝတ်ရတနာ မေဦးမောင် (တော်ဝင်သူ)၊ မိတ်ကပ်နှင့်ဆံပင်လင်းလင်း(Make-up Artist)၊ ပန်းအလှကိုဆွေ၊ ဓာတ်ပုံနှင့်ဗီဒီယိုစိုင်းဘုန်းထူး၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးသော ရွှေအရိပ်ပုံနှိပ်တိုက်၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်အေးမင်းထွန်း-မနီလာယု**

# မင်္ဂလာညစာ့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၂၇-၄-၂၀၁၃ ရက်တွင် CHATRIUM HOTEL (Grand Ballroom) တွင် ကျင်းပခဲ့သော မင်္ဂလာညစာ့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးဦးဉာဏ်ထွန်းဦးနှင့်ဇနီးဒေါ်ခင်စောဥမ္မာတို့အားလည်းကောင်း၊ ၁၁-၄-၂၀၁၃ရက် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားသူကြီးဒေါ်နွယ်နွယ်ရီ (လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်)နှင့်အသိသက်သေများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော စိမ်းမို့မို့၊ The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြပေးသော မခင်နီလာပြုံး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မအိမ့်သဒ္ဒါမွန်၊ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ်ဆံပင်အလှဆင်ပေးပါသော ခင်စန်းဝင်း၊ မိတ်ကပ်မြတ်နိုးကျော်၊ ပန်းအလှပြင်ဆင်ပေးပါသော နီနီပွိုင့်၊ Pre-wedding photoနှင့် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသောမလိမ္မာ(မြန်မာစာ)ကိုမျိုးအောင်ကျော်နှင့်အဖွဲ့သားများ၊ CHATRIUM HO-TEL မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညစာ့်ခံပွဲသို့ မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညစာ့်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်မောင်အေးမင်းလွင်-မခင်သီတာပြုံး**


ဆရာကြီးဦးမင်းဆွေ(ရူပတံခွန်)ဦးစီးသော

**HEADWAY**

HEC HEADWAY EDUCATION CENTRE

**ကိုယ်ပိုင်အထက်တန်းကျောင်း**

**ပဉ္စမတန်းမှတက္ကသိုလ်ဝင်တန်းအထိ**

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်
မှတ်ပုံတင်အမှတ် - ၁၃/၄၃/၀၂၀

**နေ့တက်ကျောင်းကြီး**

၂၀၁၃ – ၂၀၁၄ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံပြီ။

အမှတ်၅၃(က)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၅၅၈၆ ၊ ၀၉ ၇၃၁၅၂၅၇၅ ၊ ၀၉ ၅၁၂၁၃၃၀ ၊ ၀၉ ၅၁၉၄၃၇၅



# ဧရာင်းရန်ရှိသည်၊

သာကေတ(၇)ဈေးအနီး၊ စာရင်းစစ်ရုံးနှင့် ကပ်လျက်၊ အကျယ် - 99'x အနံ -60'၊ ဂရန်။ ရေ၊ မီးပါ။

အကျိုးတူပူးပေါင်းလုပ်ကိုင်လိုသူများလည်း ဆက်သွယ်နိုင်ပါသည်။ လုပ်ကိုင်လိုသူများသည် မိမိတို့၏ ကုမ္ပဏီ(Profile)၊ လုပ်ကိုင်မည့်ပုံစံဒီဇိုင်း၊ Quotation တို့နှင့်အတူ စာတိုက်သေတ္တာ အမှတ်(၁၂၅၅)သို့ ပေးပို့ဆက်သွယ်နိုင်ပါသည်။

<u>ဆက်သွယ်ရန်</u>

(၀၁) ၆၈၄၂၂၉၊ ၀၉ ၈၆၄၁၂၄၁၊ ၀၉ ၅၁၄၃၄၁၈


# ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ မြေကွက်အမှတ်(၄၆၆)၊ မြေအမည်ပေါက် ဒုတိယဗိုလ်မှူးကြီး ဝေဖြိုးသိန်း(ကြည်း-၁၇၆၀၈)၏မြေချပါမစ်မူရင်း ထုတ်ယူခွင့်ပြုပါရန် ဇနီးဖြစ်သူ ဒေါ်ခင်သူဇာဝင်း[၁၂/ မရက(နိုင်)၀၅၉၃၂၄]မှလျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်း ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ရှမ်းပွဲရပ်ကွက်နေ
ဦးမျိုးခိုင်-ဒေါ်ချယ်ရီစန္ဒာတို့၏သားလတ်၊
မောင်ပြုံး(သံပန်း/သံတံခါးလုပ်ငန်း)-မမြင့်ခိုင်သဇင်တို့၏မောင်၊
မောင်ခိုင်ကျော်စိုး၏အစ်ကို

**ဗိုလ်ဝေလင်းခိုင်**

(B.E, Structure) (Civil) at D.S.T.A (14)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မေယုလမ်း၊
အမှတ်(၃၅၇/က)နေ ဦးအောင်ထွန်း (တပ်မတော်-ရေ၊ ငြိမ်း)-
ဒေါ်သန်းသန်းနွဲ့ (အထက်တန်းပြ-ငြိမ်း၊ အထက-၂၊ သာကေတ)
တို့၏တစ်ဦးတည်းသောသမီး ဗိုလ်ပြည့်ဖြိုးထွဏ်း(B.C.Sc)D.S.Aတို့၏ညီမ

**မသဇင်အောင်ထွန်း**

B.Sc (Physics)

တို့သည် ၁-၅-၂၀၁၃ရက်၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**ဗိုလ်ဝေလင်းခိုင်-မသဇင်အောင်ထွန်း**

## လက်ထပ်ပြီးစီးခြင်း

မော်လမြိုင်မြို့၊ အမှတ်(၁၄၁-ဘီ)၊ ကျိုက္ခမီလမ်း၊ ဈေးကြို
ဒေါင်းဇရပ်နေ ဦးဖိုးစိန်-ဒေါ်တင်စိန်
(စိန်မေတ္တာ ရော်ဘာရောင်းဝယ်ရေး)တို့၏သားထွေး

**မောင်စိန်လင်းအောင်**

နှင့်

မော်လမြိုင်မြို့ အမှတ်(၈၀-အေ) တောင်ဝိုင်း (ဂန္ဓဝင်ဆောင်) နေ
(ဦးအောင်လှ)-ဒေါ်သန်းသန်းနုတို့၏သမီးလတ်

**မဇူဇူလတ်** B.Sc.(Bot)

တို့ကို နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌
၁၈-၄-၂၀၁၃ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်စိန်လင်းအောင်-မဇူဇူလတ်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ကုန်စည်ဒိုင်)၏ ဥက္ကဋ္ဌဖြစ်သော ခရမ်းသား **ဦးအုန်းဆိုင်** အား ပထမအကြိမ် ချီးမြှင့်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ၏ အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင် ဂုဏ်ထူးဆောင်လက်မှတ်ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင် ဂုဏ်ပြုခြင်းခံရသည့်အတွက် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ခရမ်းမြို့နယ်အသင်း(ရန်ကုန်)**

ဆရာကောင်းမှ တပည့်ကောင်းမည်

## မူလတန်း၊ အထက်တန်းကျောင်း

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့်ဆရာ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း)ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

**ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်**

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊သုဝဏ္ဏ။ Ph : 01-577605

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀

**စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ**

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

ပညာရွှေရောင်လင်း
နေမင်းတံဆိပ်တော်

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

# ပညာနန်းတော်

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

အထူးအဆင့်မြင့်ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
ကန့်သတ်လူဦးရေပြည့်သွားပါသဖြင့် လက်မခံတော့ပါ။
၂၀၁၄-၁၅ ပညာသင်နှစ်အတွက် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

## မူလတန်း၊ အထက်တန်းကျောင်း

- ကျူရှင်လောက်ပင်ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| မူလတန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၅ တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၃၅၀၀၀ | ။ |
| ၆ တန်း | ။ | ၃၅၀၀၀ | ။ |
| ၇ တန်း | ။ | ၃၅၀၀၀ | ။ |
| ၈ တန်း | ။ | ၄၀၀၀၀ | ။ |
| ၉ တန်း | နံနက် ၆း၄၅ မှ ၁၁း၄၅ နာရီ | ၄၅၀၀၀ | ။ |
| ၁၀ တန်း | ။ | ၅၅၀၀၀ | ။ |

- လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။ (ကျောင်းပြောင်း လက်မှတ်ကို နောက်လမှပေးပါ)
- အဆောင်မှူး ဘွဲ့ရ ဆရာ၊ ဆရာမများ အလိုရှိသည်။ **ဇွန် ၆ ရက် ဖွင့်မည်**

A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။ Ph : 09 730 36827

ရွှေပဒေသာစာပေ ထွက်ပြီ

**မမသဒ္ဒါမောင်** — သစ်တစ်ပင်၏ ရာဇဝင်

**ကြယ်စင်မှူးဝေ** — ကျောက်ဆစ်နှုတ်သမီး ဆည်းဆာရီ

**မယ်ခိုင်** — မာန်စွယ်များနှင့် မိန်းမ

**မိုးစက်ပွင့်** — ကိုကိုမုန်းမှာစိုး

အကောင်းဆုံးထုတ်ကုန်များ နှင့် မော်တော်ယာဉ်များအား အထူးသက်သာသောဈေးနှုန်းများဖြင့်ပြသရောင်းချမည့်ပြပွဲကြီး

# BEST PRODUCTS EXPO & CAR SHOW

လူသုံးကုန်များ (11.5.13 မှ 14.5.13) တပ်မတော်ခန်းမ၊ရန်ကုန်မြို့။ မော်တော်ယာဉ်များ

ပြခန်းစုံစမ်းရန် - SMART BUSINESS GROUP. PH:01-656875,667473, 09-73014777, 09-5099079

ဂုဏ်ရည်

ဂုဏ်ရည်ဆေးတိုက်မှ ၈၂(၂) သာယာကုန်းလမ်း၊နံ့သာကုန်း ရပ်ကွက်၊ အင်းစိန်တွင် ဆေးများကို ကုသရရှိနိုင်ပါသည်။

ဂရင်ဂျီနာ ၊ အတွင်းပြင်လိပ်ခေါင်း ၊ သွေးချို့ဆီးချို ၊ ကျောက်ကပ် ၊ ဆီးကျိတ်ရောဂါ ၊ လေးဖက်နာ ၊ အဆစ်ရောင်ရောဂါ ၊ အဆီကျ ၊ ထိပ်ကပ်နာရောဂါ ၊ သွေးတိုးကျ ၊ အဖြူဆင်းပျောက်ဆေး၊ အဆုတ်ချောင်းဆိုး၊ ရင်ကျပ်၊ အသည်းရောဂါအမျိုးမျိုး၊ အဖုအကျိတ်ရောဂါ၊ ဝဲနှင်းခူဆေးများကိုကုသ၍ အမြို့မြို့ဆေးဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်။

အချိန် - နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်)။ ဖုန်း - ၆၄၁၅၀၁။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင် (၉၆)နှစ်
**(မောင်မောင်ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်)**

ကြည့်မြင်တိုင်၊ အိုးဘိုရပ်နေ(သရက်ထည် ဦးဘစံ-ဒေါ်ညွန့်)တို့၏သား၊ [အေဝမ်းဦးမောင်မောင်စိုး(ခ)ဦးတင်ဖေ-ဒေါ်ထားကြည်]တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၇)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ(ဒေါ်မြဝေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သင်းသင်းအေး (MD, Eiksietan Co., Ltd.)-ဦးဝင်းမြင့် (ဒုတိယညွှန်ချုပ်-ငြိမ်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)၊ ဦးမောင်မောင်ဝေ-ဒေါ်နန္ဒာခင်၊ ဒေါ်ခင်သန်းနု(အမှုဆောင်ဒါရိုက်တာ၊ Eiksietan Co., Ltd.)၊ အငြိမ်းစားသံအမတ်ကြီး ဦးသိန်းမြင့်၊ ဒေါ်သီသီခင်-ဒေါက်တာဦးညီညီစိန်၊ ဒေါက်တာဒေါ်မေသင်း (အမှုဆောင်ဒါရိုက်တာ၊ Eiksietan Co., Ltd.)-ဒေါက်တာဦးကိုကို (အမှုဆောင်ဒါရိုက်တာ၊ Eiksietan Co., Ltd.)၊ ဒေါ်ဖြူဖြူဝင်း၊ ဦးကြည်ခိုင်၊ ဦးကြည်လှိုင်-ဒေါ်ခင်ခင်ကြီး၊ ဒေါ်သဇင်(ခ)မခိုင် (Eiksietan Co., Ltd.)-ဦးအောင်မြင့်စိုး(ရန်ကုန်ဓာတ်မှန်)၊ ဦးအောင်မြင်(အမှုဆောင်ဒါရိုက်တာ၊ Eiksietan Co., Ltd.)-ဒေါ်ရီမင်းမြိုင်၊ ဒေါ်အေးအေးအောင်-ဦးမောင်မောင်မြင့် (C.O Miraco Shipping)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၂၅ယောက်တို့၏အဘိုး၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၃(သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင် (၉၆)နှစ်
**(မောင်မောင်ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်နေ(သရက်ထည် ဦးဘစံ-ဒေါ်ညွန့်)တို့၏သား၊ [အေဝမ်းဦးမောင်မောင်စိုး(ခ)ဦးတင်ဖေ-ဒေါ်ထားကြည်]တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၇)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ(ဒေါ်မြဝေ)၏ခင်ပွန်း၊ (ဒေါ်အုန်းသိမ်-ဦးတင်)၊ (ဒေါ်အုန်းကြူ-ဦးဦးခိုင်)၊ (ဦးလှသော်-ဒေါ်ကြိုင်)၊ (ဒေါ်လှဖြူ)၊ (ဒေါ်လှငွေ)၊ (ဒေါ်လှကြွေ-ဦးအေးမောင်)၊ (ဦးစန်းရှင်)-ဒေါ်သန်းမေတို့၏ညီ/မောင်၊ (ဒေါ်စောရှိန်-ဦးထွန်းခင်)၊ (ဦးရွှေမြ)တို့အစ်ကိုသည် ၈-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၃(သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင် (၉၆)နှစ်
**(မောင်မောင်ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်)**

ရန်ကုန်မြို့၊ အမှတ်(၇)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ(ဒေါ်မြဝေ)၏ ခင်ပွန်း၊ ဦးရန်မျိုးအောင်-ဒေါ်အေးသွဲ့သွဲ့အောင်၊ ဦးကျော်အောင်စိုး-ဒေါ်ခင်နီလာ၊ ဦးကျော်ထွန်း-ဒေါက်တာနွေအေးအေးဝေ၊ မခိုင်ဇင်ဝင်း၊ မခင်စန္ဒာဝင်း၊ ဦးကျော်သူရ-ဒေါ်မြတ်စုအောင်၊ မစုစုဝေ၊ ဦးမြတ်သူရ-ဒေါက်တာသွဲ့သွဲ့ဆွေ၊ ဒေါ်သက်ထားစုဝေ-ဦးသန်းဇော်၊ ဦးတင့်လျှမ်းဝေ-ဒေါ်ဇင်ဇင်မျိုးခိုင်၊ ဦးအောင်သူရ၊ မဝေရီဝင်းလဲ့ဖြူ၊ ကိုသူရဇော်၊ ဒေါက်တာယဉ်လဲ့ဖြူ၊ မမေသီရိကို၊ ဦးလင်းသူအောင်-ဒေါ်ရင်ငြိမ်းအေး၊ မောင်ပြည့်လျှမ်းထက်၊ မဌေးဌေးလှိုင်၊ ဒေါက်တာသီရိလှိုင်၊ မငြိမ်းစန္ဒီ-ဗိုလ်ကြီးအာကာ၊ မဆုရည်အောင်၊ မောင်သူရိန်အောင်မြင်(ပ-နှစ်၊ IM.1)၊ မစိမ့်စမ်းရည်၊ မောင်ဝေဖြိုးမောင်၊ မောင်ဟိန်းထက်အောင်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၃(သောကြာနေ့)နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမြေးမြစ်များ

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြသန်း(အလုံ)
## အသက် (၇၉)နှစ်

ရန်ကုန်မြို့တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံရှမ်းစုကျေးရွာ ဆုတောင်းပြည့် မိုးကောင်းရုပ်ပွားတော်မြတ်ကြီး၏ဒါယိကာမ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပညာဝံသ၏ ရဟန်းမယ်တော် ဒေါ်မြသန်းသည် ၇-၅-၂၀၁၃ရက် နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၅-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်းအမ
## ဒေါ်မြင့်မြင့်စိန် (၆၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၁၃)လမ်း၊ အမှတ်(၂၁)နေ (ဦးဘထွန်း)-ဒေါ်မြမြတို့၏ သမီးကြီး၊ ဦးမျိုးမြင့်-ဒေါ်ခင်စန်းဝေတို့၏ ညီမ၊ ဦးမျိုးအောင်(မြန်မာ့မီးရထား)-ဒေါ်လှရီ၊ ဒေါ်ညွန့်ညွန့်စိန်(P.P.E)၊ ဦးမြင့်အောင် (Uniteam Co., Ltd.)-ဒေါ်နီနီဝင်း၊ ဒေါ်တင်တင်ထွေး၊ ဒေါ်ရင်ရင်ထွေးတို့၏အစ်မကြီး၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်သည် ၇-၅-၂၀၁၃(အင်္ဂါနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူ
## အသက်(၇၉)နှစ်

ဆရာဦးကျော်ကြီးနှင့် ဆရာမ ဒေါ်ဝင်းမာညွန့် (သရဝဏ် ပညာရေးဝန်ဆောင်မှု)တို့၏ မိခင် ဒေါ်ဖြူဖြူသည် ၆-၅-၂၀၁၃ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဝင်းနှင့်ဇနီး**

**L.C.C.I သင်တန်းကျောင်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းစန်းနွယ်
## အသက် (၅၅)နှစ်
**အထက(၂) ဗိုလ်တထောင်**

RC(1) အတွင်းရေးမှူး ဦးစိန်မြ (ဗဟိုပုံနှိပ်တိုက်၊ စက်ရုံမှူး)၏ဇနီး ဒေါ်စန်းစန်းနွယ် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RC-1, RUBC, BC ကျောင်းသားဟောင်းများလူမှုရေးအဖွဲ့**

# အနိစ္စ

## ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်သိန်း(မြိတ်)
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ မဟာဗေယျလမ်း၊ အမှတ်(၄၂)နေ (ဦးဖူးခိုင်-ဒေါ်ပု)တို့၏သမီး၊ (ဦးလှဖေ)၏ဇနီး၊ ဦးစိုးလွင်-ဒေါ်ချိုချိုလွင်(ချိုချိုလွင်စတိုး-ဗိုလ်ချုပ်ဈေး)၊ ဒေါ်ရီရီမြင့်၊ ဦးဖိုးသိန်း-ဒေါ်စန်းစန်းရီ၊ ဦးအောင်သိန်းဝင်း-ဒေါ်ဝါဝါခိုင် (ဗိုလ်ချုပ်ဈေး)တို့၏ မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားသည် ၆-၅-၂၀၁၃ (တနင်္လာနေ့) ည ၈း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသိန်းထွန်း (၈၈)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**အကောက်ခွန်ဦးစီးဌာန**

အမှတ် (၃၆၀)၊ ရန်ကင်းလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဒေါ်ကြည်ကြည်)၏ ခင်ပွန်း၊ ဦးချိုချိုထွန်း(အကောက်ခွန်/ငြိမ်း)-ဒေါ်ခင်အုန်းသိန်း၊ ဒေါက်တာသန့်ဇင်ထွန်း-ဒေါ်စုစုဝင်း၊ ဒေါ်ဆွေဆွေထွန်း၊ ဦးဌေးအောင်၊ ဒေါ်ယဉ်ယဉ်ထွန်း-ဦးသန်းထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး ဦးသိန်းထွန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)သည် ၈-၅-၂၀၁၃ရက် နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဖြူဖြူ(သာယာဝတီ)
## အသက်(၇၉)နှစ်

သာယာဝတီမြို့ ဈေးလမ်းနေ (ဦးရမ်းပရာဆပ်-ဒေါ်လှမေ)တို့၏သမီး၊ [ဦးညွန့်မောင် (စာရင်းစစ်ရုံး-ငြိမ်း)၏ ဇနီး၊ ဦးကျော်ကျော်အေးဝင်း-ဒေါ်ဝင်းမာညွန့်၊ ဦးရဲသူညွန့်-ဒေါ်ကြည်ကြည်ခိုင်၊ ဦးကိုကိုအောင်-ဒေါ်တင်မိုးညွန့်၊ ဦးစည်သူညွန့်-ဒေါ်အေးအေးမော်တို့၏ မိခင်၊ မောင်ကျော်ရဲနိုင်-မရွှေစင်ဦး၊ မသြမေကျော်၊ မောင်ထူးမြတ်ရဲသူ၊ မထားမြတ်နဒီ၊ မောင်သူထူးအံ့၊ မသြမြတ်အိန္ဒြေ၊ မယဉ်မွန်သူတို့၏အဘွား ဒေါ်ဖြူဖြူသည် ၆-၅-၂၀၁၃ (တနင်္လာနေ့) ည ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အမှတ် (၅၃/B)၊ ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးထိန်ဝင်း(ခ)ကိုကြီးထိန်
## အသက်(၆၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၅)လမ်း၊ အမှတ်(၁၆)နေ (ဦးထွန်းခင်-ဒေါ်ကုလားမ)တို့၏ သားထွေး၊ (ဦးဘမြိုင်-ဒေါ်ငယ်)တို့၏ သားသမက်၊ ဦးဝင်းကြည်-ဒေါ်သိန်းမြင့်၊ (ဦးဟန်စိန်)-ဒေါ်သန်းမြင့်၊ (ဦးကျော်လှိုင်-ဒေါ်သန်းတင့်)၊ ဦးကျော်ညွန့်-ဒေါ်ကျော့ရင်တို့၏ ညီ/မောင်၊ မောင်အေးမင်းဦး၊ မခင်လဲ့လဲ့ဝင်း၊ ကိုထွဋ်မှ-မအိမွန်ဝင်းတို့၏မွေးသဖခင်၊ ဒေါ်အေးအေး၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၅- ၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၃(တနင်္လာနေ့) နံနက်ပိုင်းတွင် အမှတ်(၁၆)၊ သီရိမြိုင် (၅)လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်နယ်ကျော်ညွန့်(ခ)ဦးသိန်းတန်ညွန့်(ဆန်နီ)
## အသက်(၆၂)နှစ်
**မြို့မကျောင်းသားဟောင်း**

ရန်ကုန်မြို့နေ (ဘုရားလမ်းဘူတာရုံပိုင်ကြီး ဦးကျော်ညွန့်-ဒေါ်ခင်နုနု)တို့၏ သားကြီး၊(ပီတာကျော်ညွန့်)၊ဘော်ဘီကျော်ညွန့်၊ ရှယ်လီကျော်ညွန့်၊ ဒေါ်လီကျော်ညွန့်တို့၏အစ်ကိုကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/ E) ရပ်ကွက်၊ ကော့သောင်းလမ်း၊ အမှတ်(၁၂၂၃)နေ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ မမေကြည်ဝေ (အထက်တန်းပြ)၏ဖခင် ဒေါ်နယ်ကျော်ညွန့်(ခ)ဦးသိန်းတန်ညွန့်သည် ၄-၅-၂၀၁၃ (စနေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

[ဒေါ်နယ်ကျော်ညွန့်(ခ)ဦးသိန်းတန်ညွန့်၏ စျာပနကို လိုက်ပါပို့ဆောင်ပေးသူများ၊ အစစအရာရာ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း (အလုပ်အမှုဆောင်အဖွဲ့)တို့အား ကျန်ရစ်သူမိသားစုက ကျေးဇူးဥပကာရတင်ရှိပါသည်]

ကျန်ရစ်သူမိသားစု နှင့် ညီ၊ ညီမများ

## ဒေါ်လင်ကြူတင်း
## အသက်(၁၀၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁) လမ်း၊ အမှတ်(၃၀)နေ (ဦးတန်ကျင်အင်း)၏ဇနီး၊ ဒေါ်တန်ဘွန်လို၊ ဦးတင်အောင်(ဘဲတင်အောင်ပွဲရုံ)- ဒေါ်ခင်သိန်းကြည်၊ ဦးတင်မောင်လှ-ဒေါ်တိုးတိုးလှိုင်၊ ဦးထွန်းလင်း-ဒေါ်မြင့်မြင့်အေးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၇-၅-၂၀၁၃ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အမှတ်(၉၅)၊ (၇)လမ်း၊ လမ်းမတော်မြို့နယ် နေအိမ်မှ ကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

## ဦးမျိုးခင်(အမရပူရ) (၇၂)နှစ်
**B.Sc(Hons)**
**ကထိက(ငြိမ်း)ရူပဗေဒဌာန**
**ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(မန္တလေး)**

အမရပူရမြို့၊ သင်ပန်းကုန်းရပ်နေ (ဦးဘကောင်း-ဒေါ်ညွန့်ညွန့်)တို့၏ သားကြီး၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နေလလမ်းနေ(ဦးသန်းကြီး-ဒေါ်ခင်)တို့၏သားသမက်၊ ဒေါက်တာဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဒေါက်တာအောင်အောင်မျိုး (ရပကန တောင်ကြီး)- ဒေါက်တာနန်းလောင်နွံ၊ ဒေါက်တာကျော်စွာမျိုး (ဒု-တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ တနင်္သာရီတိုင်းဒေသကြီး)-ဒေါ်နန်းခမ်းအိမ်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၈-၅-၂၀၁၃ ရက် နံနက် ၁၁း၅၀ နာရီတွင် အထက်ပါတောင်ကြီးမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်တင်(ပုသိမ်)
**(စာရင်းကိုင်၊ ဒု-ငြိမ်း)**
**လမ်းတံတား၊**
**ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန**
## အသက်(၆၄)နှစ်

ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၄၀)နေ (ဦးအောင်တင်-ဒေါ်နုနုတင်) တို့၏ဒုတိယမြောက်သမီး၊ သိက္ခာတော်ရဆရာဦးမန်းကျော်ဟန်-ဒေါ်ရှို့စ်တို့၏ သမီးချွေးမ၊ ဦးစအဲလ်ဘတ်(ဆလက-ငြိမ်း)၏ဇနီး၊ နန့်ဂျူလီယာပွင့်ဖြူဦး၊ နန့်ဇူဇိုင်းနာမေသဇင်ကျော်တို့၏မိခင်၊ ဒေါ်ခင်သန်းမြင့်-ဦးချမ်းငြိမ်းတို့၏ညီမ၊ ဦးမြင့်သိန်းအေး-(ဒေါ်စန်းစန်းတင်)၊ (ဦးစိုးမြင့်-ဒေါ်မြမြတင်)တို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ် ဒေါ်မြင့်မြင့်တင်သည် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့ အကယ်ဒမီ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၃(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်မျိုးဦး(ခ)မွန်ကြီး
## အသက်(၄၃)နှစ်
**(ရေဆင်း)**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ သိမ်ဇရပ်ကျေးရွာနေ ဦးကျော်စိုး-ဒေါ်ခင်ခင်ထွန်းတို့၏သား၊ ဦးတင်ရွှေ-ဒေါ်စန်းတင်တို့၏ သားသမက်၊ကိုကျော်မျိုးလွင်၊ကိုကျော်မျိုးနိုင်-မဇာဇာလွင်တို့၏အစ်ကို၊ ရေဆင်းတက္ကသိုလ်၊ ဆိုင်အမှတ်(၃) DAR ဆိုင်တန်းနေ ဒေါ်တင်တင်ဦး(ခ)မွန်မ၏ ခင်ပွန်း၊ မောင်ကောင်းထက်ပိုင်၊ မချစ်စုဝေကျော်၊ မောင်ဇင်မင်းမြတ်၊ မရွှေစီတို့၏ ဖခင်သည် ၇-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
**(ကန်တော့ခံ)**
## ဒေါ်တင်တင်
## အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၀၇-ဘီ)၊ (၈) လမ်း၊ မဟာသုခိတာလမ်း၊ အင်းစိန် အရှေ့ကြို့ကုန်းနေ (ဆရာဝန်ကြီး ဦးဘထွန်း)၏ဇနီး ဒေါ်တင်တင်သည် ၅-၅-၂၀၁၃ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်ပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးအောင်စိန် (၈၃)နှစ်
**ဌာနစုမှူး(၂)၊**
**နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)**

မန္တလေးမြို့နေ (ဦးဖိုးစိန်-ဒေါ်အေးတင်)တို့၏သား၊ ညောင်လေးပင်မြို့နေ (ဦးအုံးကျော်-ဒေါ်ပြုံး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ နီလာလမ်းသွယ်(၃)၊ အမှတ်(၅/၅၉၁)နေ ဒေါ်ခင်ခင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ယဉ်ယဉ်မော်အောင် (Chiyoda Public Works Co., Ltd.)၊ ဦးသိန်းထွန်းစိန်၊ ဒေါ်ခင်ဆွေမြင့်အောင် (Aye's Family Co., Ltd.)၊ ဦးအောင်မျိုးဆင့်(ခ)ဗိုလ်ဝတို့၏ ချစ်လှစွာသောဖခင်သည် ၆-၅-၂၀၁၃ (တနင်္လာနေ့) ည ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းဦး(ခ)PATSY
## အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ ရှေ့နေ (ဦးဘိုးသင်-ဒေါ်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် (၁၉၁)၊ ပထမထပ်၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဦးလွန်းမောင်၏ဇနီး၊ (ဦးစိမ်းမောင်-ဒေါ်တင်ကြည်)၊ (ဦးလှဝေ-ဒေါ်ခင်ရီ)၊ (ဦးမြ)-ဒေါ်စီစီတို့၏ ညီမ၊ (ဦးလှဝင်း)-ဒေါ်သီသီဝင်းတို့၏ အစ်မ၊ တူ/တူမ ၁၇ ယောက်တို့၏ အဒေါ် ဒေါ်သန်းသန်းဦး(ခ)PATSY သည် ၈-၅-၂၀၁၃ရက် မွန်းလွဲ ၁း၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉-၅-၂၀၁၃(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြသန်း(အလုံ) (၇၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စပယ်လမ်း၊ အမှတ်(၁၉)နေ (ဦးထွန်းခင်-ဒေါ်နှင်းခင်) တို့၏ တတိယသမီး၊ (ဦးမောင်သင်း)၏ဇနီး၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးစောနေဝင်း-ဒေါ်လေးလေးခင်(ခေတ္တ-ဩစတြေးလျ)၊ ဒေါ်မြတ်မြတ်သင်း၊ ဦးထွန်းထွန်းဝင်း (UNITEAM)၊ ဒေါ်တင်ကလျာ (LOGISTICS ASSISTANT SWIBER)၊ မောင်လွင်မိုးထက်တို့၏ မိခင်ကြီး၊ မမေသူခိုင်-မောင်ဘဏ်ဝင်းချစ်(ခေတ္တ-ဩစတြေးလျ)၊ မောင်မင်းဇော်ဦး-မသီတာဝင်း(ခေတ္တ-ဩစတြေးလျ)၊ မောင်ထူးသစ်၊ မောင်ညီညီထွဋ်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ဒေါ်မြသန်းသည် ၇-၅-၂၀၁၃ရက် နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၅-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေးမှ မော်ကွန်းထိန်း ဦးအောင်ထွန်းလှ-ဒေါ်တင်တင်ဦးတို့၏မိခင် ဒေါ်ကြွဇံဖြူ (မြောက်ဦးမြို့) အသက်(၉၃)နှစ်သည် ၇-၅-၂၀၁၃ ရက် (အင်္ဂါနေ့) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခချုပ်နှင့် အရာထမ်း/အမှုထမ်းများ**

**သွား/ဆေးတက္ကသိုလ်၊ မန္တလေး**

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးကျော်ဝင်း(ခ)ချွာဟုတ်ဝမ် (၈၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၀)လမ်း၊ အမှတ် (၁၉)နေ (ချွာဘွန်တန်-တျူရန်ကီ)တို့၏သားကြီး၊ ဒေါ်ခင်ခင်မြ၏ချစ်ခင်ပွန်း၊ Rev ဦးဟုတ်စိန်-ဒေါ်လှလှဝင်းတို့၏အစ်ကိုကြီး၊ Dr. အိန်ဂျလာ- Dr. ထိန်လင်း၊ ဒေါ်ခင်ခင်အေး-ဦးလှဝင်း၊ ဒေါ်ခင်မွေး-ဦးပီတာ၊ Dr. ပိုပို၊ Rev ဦးကောက်စိန်၊ ဒါရိုက်တာ ဦးသိန်းဟန် (Phoenir)- ဒေါ်မြတ်သဇင်ထူး (ဖီးနစ်ရုပ်ရှင်ထုတ်လုပ်ရေး)တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ Simon၊ Doreen၊ ဇွဲရဲထွဋ်၊ Gladys၊ ကျော်ရဲထွဋ်၊ အင်ကြင်းသိန်းဟန်၊ နီဝယ်လ်သိန်းဟန်၊ Trinty တို့၏ ချစ်လှစွာသောအဘိုး ဦးကျော်ဝင်းသည် ၇-၅-၂၀၁၃ (အင်္ဂါနေ့) ည ၈း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်ဥယျာဉ်တော်သုသာန်ရှိ ဝတ်ပြုခန်းမတွင် ဝတ်ပြုပြီးနောက် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။(အသင်းတော်ရှေ့နှင့် နေအိမ်မှကားများ နံနက်၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ချစ်(ငြိမ်း) (၇၆)နှစ်
**(Mitsubishi Corporation) Telex Operator)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၆၆/A-1)နေ ဒေါ်သောင်းညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒုအရာခံဗိုလ်မြင့်စိုး(မြစ်ကြီးနား)-ဒေါ်ခင်ခင်တင့်(မူအုပ်၊ A မ-က-၉၃၊ ရှမ်းတဲ၊ မိတ္ထီလာမြို့)၊ ဦးမောင်မောင်မြင့် (ငွေကိုင်-၁၊ MICB)- ဒေါ်တင်တင်မြင့်(လယ်ပြ-အမက-၁၊ မူလွန်၊ ဒဂုံတောင်)၊ ဒေါ်ဝင်းဝင်းမြင့် (လယ်ပြ၊ အထက-၅၊ ဒဂုံတောင်)၊ ဦးအောင်ကျောင်ဆင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဗိုလ်ကြီးကျော်စွာထက် (ကမာဝက် တပ်ရင်းဆေးမှူး)၊ ဗိုလ်ရဲမြင့်မြတ်(ခုတင်-၅၀၀၊ အမ်းမြို့)၊ မောင်မြင့်မိုး (UCSY)၊ မောင်သီဟအောင်၊ မောင်အောင်ပြည့်စုံမြတ်(Engineering)တို့၏ ကျေးဇူးရှင်အဘိုးသည် ၇-၅-၂၀၁၃(အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်ညွန့် (၇၃)နှစ်
**(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)**
**အကြံပေးပုဂ္ဂိုလ် Elite Electric Power Co., Ltd.**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၁၂၄/၃၂၂)၊ လေးလွှာ၊ အနော်ရထာလမ်းနေ ဒေါ်ဝင်းဝင်း(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ခင်ပွန်း၊ ဦးသိန်းလင်းဦး(ခေတ္တ-ဒူဘိုင်း)-ဒေါ်မြသဇင်ထွေး၊ ဦးအောင်နန္ဒကျော်(ကမ္ဘောဇဘဏ်)တို့၏ဖခင်၊ ဆုသစ္စာချို၊ မအိမ်ခြူးသံစဉ်တို့၏အဘိုးသည် ၆-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၄း၁၀ နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်လှ(ခ)ချင်ကင်ဖွယ်(စင်ကာပူအပ်ချုပ်ဆိုင်) (၆၂)နှစ်

ရန်ကုန်မြို့၊ တိုက်(၁)၊ အခန်း ၇၃၊ (၃)ရပ်ကွက်၊ ရန်ကုန်- အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်စိန်-ဒေါ်ကျင်ဟန်)တို့၏ဒုတိယသား၊ (ဦးချန်မွန်ဖီး-ဒေါ်မြရီ)တို့၏သားသမက်၊ ဒေါ်လှလှရင်(ထ-၄၊ မင်္ဂလာတောင်ညွန့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ညွန့်(KEN BROTHERS Trading Co.,Ltd.)- ဒေါ်စန်းစန်းတို့၏ညီ၊ (ဦးမောင်မောင်စိုး)၊ ဒေါ်ဌေးဌေးစန်း၊ ဒေါ်ဌေးဌေးကြူ၊ ဦးဌေးလှိုင်-ဒေါ်အိန်ထွေးမိုတို့၏အစ်ကို၊ ကိုသော်ဇင်ဦး-မခင်လင်းလင်းမိုး၊ ကိုသော်ဇင်လတ်၊ မမေဦးလွင်တို့၏ဦးလေး၊ မနှင်းသောတာဦး၊ မောင်ရဲရင့်အောင်တို့၏အဘိုးသည် ၇-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေး ကောင်းတုံတရုတ်သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများနံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမျိုးခင်(အမရပူရ)
## အသက်(၇၂)နှစ်

အမရပူရမြို့၊ သင်ပန်းကုန်းရပ်နေ (ဦးဘကောင်း-ဒေါ်ညွန့်ညွန့်)တို့၏ သားကြီး၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နေလလမ်းနေ ဒေါက်တာဒေါ်ခင်မြင့်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဒေါက်တာဦးစောလွင်-ဒေါ်ခင်သန်းညွန့်၊ အမရပူရမြို့နေ ဦးကျော်စိန်-ဒေါ်မြင့်မြင့်၊ ဒေါ်မြမြ၊ ဦးချစ်ခိုင်၊ ဦးသိန်းထူး၊ ရန်ကုန်မြို့နေ ဦးခင်မောင်အောင်-ဒေါ်ရီရီမေတို့၏ အစ်ကိုကြီးသည် ၈-၅-၂၀၁၃ရက် နံနက် ၁၁း၅၀နာရီတွင် အထက်ပါတောင်ကြီးမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမောင်နှမများ

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်သန်းမြ(မြိတ်)
## အသက်(၄၈)နှစ်

မြိတ်မြို့နေ (ဦးကြူဖေ-ဒေါ်သန်းကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၆)လမ်း၊ တိုက်အမှတ်(၉)၊ မြေညီထပ်နေ ဒေါ်မြင့်ကြူ(အသင်းဝင်အမှတ်-၁၆၄၇)၏ညီမ ဒေါ်သန်းမြသည် ၇-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184



# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**ရန်ကုန် မေ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ဦးစိုးနိုင်၊ ဦးဌေးမြင့်၊ ကော်မတီ ကော်မရှင်များမှ အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတစ်ဝန်း မိသားစုများ၏ ကျန်းမာကြံ့ခိုင်သော လူမှုဘဝကို ဖော်ဆောင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့

**သတင်းဆောင်းပါး – သူရဇော်(သတင်းစဉ်) ➢ ဓာတ်ပုံ – ဇော်မင်းလတ်(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို မေ ၇ ရက်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေသက်ခင်နှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို မေ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသဖြင့် ကျွန်တော်တို့သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ အသင်းရုံးသို့ သွားရောက်ပြီး ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ ထက်သန်သောဆန္ဒများ၊ နိုးကြားတက်ကြွသော စိတ်ဓာတ်များဖြင့် ဆောင်ရွက်လျက်ရှိသည့် အသင်းကြီး၏ လှုပ်ရှားဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို သိရှိနိုင်ရန် တာဝန်ရှိသူများအား မေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မွန်မွန်အောင်က ပြောပြရာတွင် "ဒီမိုကရေစီလမ်းစဉ်ကူးပြောင်းနေသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့❖**

## ယနေ့ မာတိကာ


**အရည်အချင်းပြည့်မီသော ဟိုတယ်ဝန်ထမ်းကောင်းများ မွေးထုတ်** စာမျက်နှာ -၂

**ကင်ဆာနှင့်စားသောက်နေထိုင်မှု (အမျိုးသမီးရင်သားကင်ဆာ)** စာမျက်နှာ - ၆

**နာမည်ကျော် တရုတ်ကြယ်နှစ်ပွင့် အားပြိုင်မည့် Skiptrace အက်ရှင်ဟာသဇာတ်ကားသစ်** စာမျက်နှာ -၁၂

**မန်ယူနည်းပြကြီး ဖာဂူဆန် ဘောလုံးလောကကို လက်ပြနှုတ်ဆက်တော့မည်** စာမျက်နှာ -၁၀




# MAI ပထမဆုံးပြည်တွင်းခရီးစဉ် စတင်ပြေးဆွဲမည်

**ရန်ကုန် မေ ၈**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) မှပြည်တွင်းခရီးစဉ်ဖြစ်သော ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်ကို မေ ၂၆ ရက်မှ စတင်၍ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ခရီးစဉ်ကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းသွားမည်ဖြစ်ပြီး ရန်ကုန်မှ မန္တလေးသို့ နံနက် ၆ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ကာ မန္တလေးသို့ နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရောက်ရှိမည် ဖြစ်သည်။ မန္တလေးမှ ရန်ကုန်သို့ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာမည်ဖြစ်ကာ ရန်ကုန်သို့ ညနေ ၃နာရီ ၁၀ မိနစ်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့✳**

# လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လျက်ရှိ၊ ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် မေ ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေပြီး အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ကြော်ငြာစာမျက်နှာ အပိုပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ အပို က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ ပါရှိပါသည်။**







## အောင်လံဆရာတော်အရှင်စန္ဒိမာ၏ မေလတွင်ကျင်းပမည့် (၁၀)ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲအတွက် အထူး(အထူး) မေတ္တာရပ်ခံချက်

၁။ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာရိပ်သာ၏ ပဓာနနာယကဆရာတော်အရှင်စန္ဒိမာ၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၇ရက်တွင် ကျင်းပမည့် ရန်ကုန်တရားစခန်းတွင် လက်ခံနိုင်သည့် ယောဂီအင်အားထက် ကျော်လွန်သွားပါသည်။ တရားစခန်းဝင်ခွင့်ပုံစံများ ရေးသွင်းပေးပို့ထားပြီးသော ယောဂီများသာ လက်ခံကျင်းပနိုင်မည်ဖြစ်ပါသည်။

၂။ သို့ပါ၍ ပုံစံဖြင့် စာရင်းပေးသွင်းထားခြင်းမရှိသောယောဂီများ လာရောက်ခြင်းမပြုကြပါရန် နှင့် ထပ်မံဝင်ရောက်လိုသော ယောဂီများအား ၇-၇-၂၀၁၃ ရက်မှ ၁၈-၇-၂၀၁၃ရက်အထိ အထူးတရားစခန်းပွဲ သီးသန့်တိုးချဲ့၍ ကျင်းပပေးမည်ဖြစ်ပါသည်။ ဝင်ရောက်လိုသော ယောဂီများသည် တရားစခန်းဝင်ခွင့်ပုံစံများနှင့် အဓိဋ္ဌာန်စည်းကမ်းချက်များ တိကျစွာလိုက်နာဆောင်ရွက်နိုင်ရန်အတွက် လက်မှတ်ရေးထိုး၍ စာရင်းကြိုတင်ပေးသွင်းကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**

## ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ၁၇-၅-၂၀၁၃ရက်မှ ၂၇-၅-၂၀၁၃ရက်ထိ (၁၀)ရက် တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီးတွင် ၂၈-၅-၂၀၁၃ ရက်မှ ၃-၆-၂၀၁၃ ရက်ထိ (၇)ရက် တရားစခန်းတို့ကို ရွှေမြင့်မိုရ် ဆရာတော်အရှင်သောဘဏ (ပိဋကတစ်ပုံအောင်) ဒီဃနိကာယ ဓမ္မာစရိယ၊ သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရ တို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။

(ဓမ္မာရုံကြီးနှင့် ဆွမ်းစားဆောင်များတွင် လေအေးပေးစက်များ တပ်ဆင်ထားပါသည်။)

**ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့**
**ဖုန်း-၅၇၁၂၅၈၊ ၀၉ ၄၂၀၀၇၀၇၈၉၊ ၀၉ ၄၂၁၁၇၇၂၃၁၊ ၀၉- ၄၂၁၀၀ ၉၈၇၃**
**ပခုက္ကူ ဓမ္မာရုံ အကျိုးဆောင်အဖွဲ့**
**ဖုန်း- ၃၈၃၅၁၁ လိုင်းခွဲ(၂၅၁)**

## ပညာဘူမိ၌ဝိသုဒ္ဓိမဂ်၊ ငြိကာကျော်နှင့်အဘိဓမ္မာသင်တန်းများ စတုတ္ထအကြိမ်ဖွင့်မည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟံသာဝတီအဝိုင်းအနီး ရတနာပုံလမ်းရှိ ပညာဘူမိကျောင်းတိုက်၌ (၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်ကျော်၁ရက်) ၂၅-၅-၂၀၁၃ ရက် (စနေနေ့)မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် ဝိသုဒ္ဓိမဂ်သင်တန်းကို နံနက် ၇ နာရီမှ ၁၂နာရီအထိ ငြိကာကျော်သင်တန်းနှင့် အဘိဓမ္မာသင်တန်းများကို မွန်းလွဲ၁၂နာရီခွဲမှ ညနေ၅နာရီခွဲအထိ စတုတ္ထအကြိမ်မြောက် ဓမ္မဒါနဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

သင်တန်းနှင့်ပတ်သက်၍ သိလိုသည်များကို ဖုန်း-၀၁-၅၁၁၇၇၄၊ ၅၃၉၅၂၃၊၀၉-၅၀၃၇၃၁၁ သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

## ဝိသုဒ္ဓိမဂ်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာရေစက်ချကုသိုလ်မင်္ဂလာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟံသာဝတီအဝိုင်းအနီးရတနာပုံလမ်းရှိ ပညာဘူမိကျောင်းတိုက်အတွင်း၌ပဓာနနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိတ(ကထိက၊ အဘိဓမ္မပိဋကမဟာဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)၊ ဦးဆောင်၍ ခမည်းတော်+မယ်တော်မိသားစု၊ ရဟန်း၊ ဒါယကာ၊ ဒါယိကာမများ၊ ကျောင်းဒကာ၊ ဒကာမများ၊ တပည့်ဒကာ၊ ဒကာမများ၊ သင်တန်းသားဓမ္မမိတ်ဆွေသူတော်စင်များ စုပေါင်း၍ တည်ဆောက်ခဲ့သော သုံးထပ်ဆောင်ဝိသုဒ္ဓိမဂ်ကျောင်းတော်ကြီး၏ "ကျောင်းလွှတ်ပူဇာရေစက်ချကုသိုလ်မင်္ဂလာ" အခမ်းအနားကို (၁၃၇၅ခုနှစ်၊ ကဆုန်လဆန်း ၉ရက်မှ ၁၄ရက်အထိ (၆)ရက်တိုင်တိုင်အသံမစဲ မဟာပဋ္ဌာန်းဒေသနာရွတ်ဖတ်ပူဇော်၍ ကဆုန်လပြည့်)၊ (သောကြာနေ့) ၂၄-၅-၂၀၁၃ရက် နံနက် ၈ နာရီတွင် ဆင်ယင်ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် အလှူရှင်များဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အနုမောဒနာ တရားတော်နာယူ၍ ဝမ်းမြောက်နုမော်သာဓုခေါ်ရန်အတွက် ကြွရောက်ကြပါရန် ကြည်လင်သောစိတ်ထားဖြင့် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**(ပညာဘူမိ)**

ပိုမိုကောင်းမွန်သောဘဝကို နေထိုင်နိုင်ရန် ဤစာအုပ်ကိုဖတ်ပါ •••



**ပိုမိုကောင်းမွန်သော ဘဝနေနည်း**
**ဟိန်းလတ်**

ဖြန့်ချိရေး
**စိုးစံစာပေ၊ ရန်ကုန်။**
ဖုန်း- ၀၁-၅၄၆၁၅၀၊ ၀၉-၅၀၁၈၆၉၈

## သုခကာမီရေနံချောင်းသီလရှင်စာသင်တိုက်

**နွေရာသီဓမ္မာစရိယပညာဒါနသင်တန်း(သီလရှင်သီးသန့်)**
**ဦးပညာသီရိဘိဝံသ(ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သာသနာ့ဓဇဓမ္မာစရိယ)**
**မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ အရှင်မြတ်မှဦးစီး၍**

**ဦးဇော်သိုက်ထွန်း(ဦးဇဝနာလင်္ကာရာဘိဝံသ)**သာမဏေကျော်၊ ပထမကျော်သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယသဒ္ဓမ္မပါလဓမ္မာစရိယ၊ အဘိဝံသဝဋံ့သကာ(မြင်းခြံ)မှ ပူးတွဲပို့ပိုးပေးသော ဓမ္မာစရိယစာဝါကျမ်းရင်းသုံးကျမ်းကို (၄၅)ရက်တိုင်တိုင် အခြေခံမှစတင်၍ ပြီးပြည့်စုံစွာနည်းရသည်အထိ ပို့ချပေးပါမည်။

| | | |
|---|---|---|
| ပို့ချမည့်နေ့ရက် | - | (၁၃၇၅ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်မှ နယုန်လပြည့်ကျော် ၇ရက်)အထိ ၁၈-၅-၂၀၁၃ ရက် မှ ၃၀-၆-၂၀၁၃ ရက်အထိ (၄၅)ရက် |
| စာဝါချိန် | - | နေ့စဉ် စာဝါ (၄)ကြိမ် |
| ဆက်သွယ်ရန် | - | သုခကာမီရေနံချောင်းသီလရှင်စာသင်တိုက်၊ ဒုဌဝတီလမ်း၊သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်၊ သယ်န်းကျွန်းကြီးမှတ်တိုင်၊ အမှတ်(၃) လမ်းမကြီး။ |

ဖုန်း-၀၉-၅၀၃၅၁၄၄၊ ၀၉-၄၂၀၇၃၄၆၁၅၊ ၀၉-၄၂၀၇၃၄၆၁၄၊ ၀၉-၄၂၀၇၃၄၆၁၂ (နယ်မှသီလရှင်များသိတင်းသုံးရန် နေရာထိုင်ခင်းစီစဉ်ပေးပါမည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ပါမည်။ မေလ ၁၄ ရက်နောက်ဆုံးထား၍ သတင်းပို့နိုင်ပါသည်။ တစ်ရက်လျှင် အရုဏ်ဆွမ်း(ငါးသောင်းကျပ်) နေ့ဆွမ်း (တစ်သိန်းကျပ်)၊ ဖျော်ရည်(သုံးသောင်းကျပ်)နှုန်းဖြင့် အထက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။)

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကျုံပျော်မြို့၊ ဦးအေးမောင်လမ်း၊ အိမ်အမှတ်(၁၄)နေ
ဦးလှမြင့် (ထွေ/အုပ်-ငြိမ်း)-ဒေါ်ငွေငွေတို့၏သား
**မောင်စိုးသူရ (BE.Mechanical)**
နှင့်
ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ
(B68/16) ဦးစိုးမိုး(ငယ်/ယာ-၁)တံတားထူး(၁)-
ဒေါ်တင်ငွေကြည်တို့၏သမီး
**မနှင်းအိအိချော B.E(Civil)**

တို့သည် ၂၈-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်စိုးသူရ- မနှင်းအိအိချော**

# "ဂုဏ်ယူဝမ်းမြောက်ခြင်း"

## "ဆန်းသစ်သော စိုက်ပျိုးရေးမြှင့်တင်မှု အုပ်စုအများပိုင် ကုမ္ပဏီလီမိတက်"

အဆင့်မြင့် လယ်ယာဖော်ထုတ်ရေး စီမံကိန်း၏ နာယက ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ဧက (၁၀၀၀)လယ်သမားကြီး ဦးသိန်းမြင့်အား နိုင်ငံတော်သမ္မတ ၏ "နိုင်ငံ့စွမ်းဆောင်ရည်ဆု" ( စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးတောင်သူလယ်သမားဆု) ကိုချီးမြှင့်ခြင်းခံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့အကျိုးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

AGRO INNVOATION GROUP

**AGRO INNOVATION GROUP PUBLIC CO.,LTD.**

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

**(Tah Moe Hnye Chan Thar Commerce Co.,Ltd)**

| | | | |
|---|---|---|---|
| ၁။ | Admin မန်နေဂျာ | - | ကျား (သို့) မ (၁) ဦး |
| | | - | ဘွဲ့ရဖြစ်ရမည်။ English 4 Skill (ကျွမ်းကျင်ရမည်)။ |
| | | - | လုပ်ငန်းအတွေ့အကြုံရှိရမည်။ |
| | | - | နိုင်ငံခြားတွင် ပညာသင်ကြားဖူးသူ (သို့) နိုင်ငံခြားတွင် အလုပ်လုပ်ဖူးသူဦးစားပေးမည်။ |
| ၂။ | စကားပြန် | - | ကျား (၅) ဦး၊ မ (၃) ဦး |
| | | - | ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်၊ တရုတ်၊ မြန်မာ (4 Skill ကျွမ်းကျင်ရမည်)။ လုပ်ငန်းအတွေ့အကြုံရှိရမည်။ |
| ၃။ | သန့်ရှင်းရေး | - | မ(၂) ဦး၊ ကျား (၁) ဦး။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ |
| ၄။ | လုံခြုံရေး | - | ကျား (၂) ဦး (အသက် (၄၀) နှစ်အထက်ဖြစ်ရမည်။) |
| | | - | စစ်ဘက်ဆိုင်ရာတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရမည်။ |
| ၅။ | ယာဉ်မောင်း | - | ကျား (၂) ဦး (အသက် ၂၅ နှစ်အထက်) |
| | | - | လိုင်စင် အနီ၊ အညို (ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး (၅) နှစ်ရှိရမည်။) |
| ၆။ | အိမ်တော်ထိန်း | - | မ (၁) ဦး (အသက် ၃၀ နှစ်အထက်ဖြစ်ရမည်။) |
| | | - | တရုတ်စကားကျွမ်းကျင်စွာပြောတတ်ရမည်။ အိမ်တွင်းအထွေထွေကိစ္စများကို စီမံဆောင်ရွက်နိုင်ရမည်။ |

လျှောက်ထားလိုသူများသည် ရာထူးနေရာအတိအကျဖော်ပြ၍ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဓါတ်ပုံ (၃) ပုံ၊ ပညာအရည်အချင်းထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ မေလ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမှတ်(၁၈/အေ)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။ **ဖုန်းနံပါတ် - ၀၉၄၂၀၄၂၇၀၁၊ ၀၁ - ၄၃၀၈၉၃**

## ဝယ်/ ငှားလိုသည်။

၁။ ပေ(၁၀၀)ပတ်လည် လမ်းမတန်းမြေကွက် ဝယ်လိုသည်။ (ဗဟန်း / ကမာရွတ် / မရမ်းကုန်း)
၂။ ဟိုတယ် / အထပ်မြင့်အဆောက်အအုံ ငှားလိုသည်။

**ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ရန်။ (ပွဲစားမလိုပါ)** **ဆက်သွယ်ရန် – ၀၉ ၅၁ ၆၈၀၅၇**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ တိုက်(၇၅၀)၊ အခန်း(၂)တွင်နေထိုင်သူ ကျွန်တော် ဦးရဲဟိန်းထွန်း၏ဇနီး ဒေါ်ခင်ပပလှိုင် [၉/ရမသ(နိုင်)၀၈၇၂၁၉]သည် သည်းခံခွင့်မလွှတ် နိုင်သော ကိစ္စရပ်များကို ကျူးလွန်ခဲ့ပြီး အကြိမ်ကြိမ်စိတ်ဆင်းရဲမှုများဖြစ်ပေါ်အောင် ပြုမူခဲ့သည့်အပြင် သူမ၏ သဘောဆန္ဒအရ နေအိမ်မှဆင်းသွားပြီး အချိန်ကာလကြာမြင့်စွာ ဆက်သွယ်လာခြင်းမရှိပါ သဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သမျှကိစ္စအဝဝနှင့် ငွေကြေးအရှုပ်အရှင်းများကို (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးရဲဟိန်းထွန်း[၁၃/တကန(နိုင်) ၀၀၃၆၇၅]**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်တို့၏သမီးဖြစ်သူ မဖြူသင်းခိုင်[၁၂/ဒလန(နိုင်)၀၅၃၄၆၄]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်လုပ်ပြီး အိမ်မှဆင်းသွားပါ၍ ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝတာဝန်မယူပါကြောင်း။

**ဦးသောင်းထိန်-မဒေါ်စီစီ**

9-5(A).pmd 1 5/7/2013, 8:19 PM

# လှိုက်လှဲဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ စဉ့်အိုးတန်းလမ်း၊ စင်ယူငေါ်ဟိန်းတောင်ဘုရား ဂေါပကအဖွဲ့၊ ဥက္ကဋ္ဌဖြစ်သူ **"ဦးအုန်းဆိုင်"**အား ပထမအကြိမ် ချီးမြှင့်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ **"အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင်"** ဂုဏ်ထူးဆောင်လက်မှတ်ကို ၂၀၁၃ခုနှစ်၊ ဧပြီလ ၃၀ရက်တွင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက် စင်ယူမျိုးနွယ်စုဝင်အားလုံးက လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း အမျိုး ဘာသာ သာသနာတော်အကျိုးနှင့် နိုင်ငံတော်အကျိုးစီးပွားများကို ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**စင်ယူငေါ်ဟိန်းတောင်ဘုရားဂေါပကအဖွဲ့**
**စဉ့်အိုးတန်းလမ်း၊ ရန်ကုန်မြို့**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

သီလ၊ သမာဓိ၊ ပညာများ ဦးထိပ်ထား၍ ရိုးသား၊ ကြိုးစား၊ ဇွဲမာန်အားများဖြင့် မြန်မာ့သစ်လုပ်ငန်းလောက၏ ဂုဏ်ကို မြှင့်တင်ပေးဆောင်နိုင်သော **ဦးကျော်ဝင်း** (MD-NATIONAL WOOD INDUSTRY)သည် နိုင်ငံတော် သမ္မတကြီး၏ ပထမဆုံးသော စွမ်းဆောင်ရည်ဆုကို ထိုက်တန်စွာရရှိခဲ့ပါသဖြင့် မဖြူတို့ မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့် ဘာသာ၊ သာသနာအကျိုးကို ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် ဆက်လက်သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။

**NWi မှ သစ်ခွဲသားများကို စက်ဖွင့်သည်မှ ယနေ့တိုင်စဉ်ဆက်မပြတ်**
**ဝယ်ယူနေသော as GLOBAL TIMBER ၏ ဌာနေကိုယ်စားလှယ်**
**ဦးစိုးမော် (CC/FREDA)- ဒေါ်မြင့်မြင့်မိသားစု**

## အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ပထမဆုံးအကြိမ် ကျင်းပချီးမြှင့်သော နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲမှ "နိုင်ငံတော် သမ္မတကြီး၏ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင် ဂုဏ်ထူးဆောင်ဆု"ကို **ဦးရွှေကြိုင်** (Chairman, Wah Wah Win Int'l Co.,Ltd.)အား ၃၀-၄-၂၀၁၃ရက်တွင် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို အကောင်းဆုံး ဆတက်ထမ်းပိုး ပိုမို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဗိုလ်မှူး ခင်မောင်ကြူး(ငြိမ်း)-ဇနီး ဗိုလ်မှူး ဒေါ်အေးဝင်း(ငြိမ်း)**

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ နာယက (ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် စည်သူ **ဦးအောင်ကိုဝင်း** သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် – ပထမဆု) အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ဦးအောင်ရှိန် + ဒေါ်အေးအေးသွယ်
EverSeiko Co., Ltd.

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပထမဆုံးအကြိမ် ကျင်းပချီးမြှင့်သော နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲမှ "နိုင်ငံတော်သမ္မတကြီး၏ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင် ဂုဏ်ထူးဆောင်ဆု"ကို "ကျေးဇူးရှင်ချစ်ပါပါ **ဦးရွှေကြိုင်**(Chairman, Wah Wah Win Int'l Co.,Ltd.)"အား ၃၀-၄-၂၀၁၃ရက်တွင် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် မိသားစုမှ ထပ်တူလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး နိုင်ငံနှင့် လူမျိုးအကျိုးကို အကောင်းဆုံး ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ဇနီး - ဒေါ်သန်းသန်းမြင့်**
**တစ်ဦးတည်းသောချစ်သားလေး - ကိုဟန်မျိုးကြိုင်**
**(Director, Wah Wah Win International Co.,Ltd.)**
**- ချစ်သမီးချွေးမ- မရွှေရည်ဝိုင်း**

## လိုက်လှဲဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ စဥ့်အိုးတန်းလမ်း၊ စင်ယူငေါ်ဟိန်းတောင်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌဖြစ်သူ **ဦးအုန်းဆိုင်**အား ပထမအကြိမ် ချီးမြှင့်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ "အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်" ဂုဏ်ထူးဆောင် လက်မှတ်ကို ၂၀၁၃ခုနှစ်၊ ဧပြီလ ၃၀ရက်တွင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် စင်လျှန်တောင် ဘုရားကျောင်း ဂေါပကအဖွဲ့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ ပြည်ပပို့ကုန်များကို ဆတက်ထမ်းပိုး ပို့ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ခင်လျှန်တောင်ဘုရားဂေါပကအဖွဲ့**
**သုံးခွမြို့နယ်၊ ရန်ကုန်မြို့။**

## မြေကွက်ရောင်းမည်

ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေတိုင်းရပ်ကွက် အမှတ်-၁၅၄၊ မြေကွက်အမှတ်၁၀၄၅၊ စီးပွားရေးတက္ကသိုလ်ကျောင်းအနီး အမှတ် ၂လမ်းမကြီးနဲ့နီး မြေကွက်မျက်နှာစာ၊ လမ်းကျယ် ပေ(၄၀×၆၀) နှစ်(၆၀)ဂရန် မြေအမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **သိန်း (၁၀၀)**

**ဖုန်း-၀၁-၅၁၂၉၈၆**

**တအုပ်တာဗေ လှူမိတ်ဆွေ**

## ဗိုလ်သင်တန်းအမှတ်စဉ်(၆၄)၊ သီဟတပ်ခွဲ သူငယ်ချင်းများအား ဖိတ်ကြားခြင်း

ချစ်သူငယ်ချင်းတို့-

ကျောင်းဆင်းသက်တမ်း နှစ် (၃၀) ပုလဲရတု အမှတ်တရအဖြစ် ဒီနှစ်မှာဆွမ်းကပ်လှူ အမှုပေးဝေခြင်း၊ ဂေါက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပခြင်း၊ မိသားစု ညစာစားပွဲ ကျင်းပခြင်း တို့ပြုလုပ်ပါမယ်။ သူငယ်ချင်းများအားလုံး အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် ကြွရောက် ချီးမြှင့်ကြဖို့ လေးလေးစားစား ဖိတ်ကြားအပ်ပါတယ်-

| | | |
|---|---|---|
| ဆွမ်းကပ်လှူခြင်း | - | ၁၂-၅-၂၀၁၃ (တနင်္ဂနွေနေ့)၊ နံနက် ၉း၃၀နာရီ<br>အင်းယားကန်ဖျားကျောင်းတိုက်<br>တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်း။ |
| ဂေါက်ပြိုင်ပွဲ | - | ၁၁-၅-၂၀၁၃(စနေနေ့)၊ နံနက် ၆နာရီ<br>တပ်မတော်ဂေါက်ကွင်း (အောက်ကွင်း)။ |
| ညစာစားပွဲ | - | ၁၂-၅-၂၀၁၃ (တနင်္ဂနွေနေ့)၊ ညနေ ၁၈း၀၀ နာရီ<br>ကုန်းမြင့်သာစားသောက်ဆိုင်၊ (၇)မိုင်ခွဲ |

## ရဲကျော်စွာအောင်လှအား ဂုဏ်ယူဝမ်းမြောက်ခြင်း

၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့ စွမ်းဆောင်ရည်ဆု (အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်ဆု) ရရှိသည့် လသာမြို့နယ် အရန်မီးသတ် **ဒုတိယတပ်ရင်းမှူး ရဲကျော်စွာအောင်လှ**အား ချီးမြှင့်ခံရခြင်းအတွက် မိသားစုနှင့် အတူ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

အနာဂတ်တွင်လည်း နိုင်ငံအကျိုး၊ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစိုးဝင်း-ဒေါ်ခင်လေးနွယ်မိသားစု**
**ဖူဂျီဆန်း အီလက်ထရွန်နစ်**
**လသာမြို့နယ်၊ အနောက်ပိုင်းခရိုင် ရန်ကုန်တိုင်းဒေသကြီး**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ **ဦးအောင်ကိုဝင်း**အား ၂၀၁၁-၂၀၁၂ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းလုပ်ငန်းရှင်ဖြစ်ခြင်း၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အားကစား စသည့် ကဏ္ဍအသီးသီးတွင် နိုင်ငံတော် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူအား၊ ငွေအားထည့်ဝင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ် ချီးမြှင့်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတ၏ **"နိုင်ငံ့စွမ်းဆောင်ရည်ဆု"(နိုင်ငံတော် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆု-ပထမဆု)**ကို ၃၀-၄-၂၀၁၃ ရက်တွင် ဂုဏ်ပြုခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ကျောက်ဆည်အသင်း(ရန်ကုန်)**

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ အကျိုးဆောင် စာရင်းစစ် **ဦးကျော်ဝင်း** (MD, National Wood Industry Ltd) အား ၂၀၁၁-၂၀၁၂ခုနှစ်အတွက် တန်ဖိုးမြင့် ထုတ်ကုန်အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်ခြင်းကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု)ကို ၃၀-၄-၂၀၁၃ ရက်တွင် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ အကောင်းဆုံး ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဒေါက်တာဖေခင် (Managing Director) Fair Sun Co.,Ltd.**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ (မက်စ်မြန်မာကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ) **ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော်**သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန်အများဆုံး သယ်ပိုး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင် လက်မှတ်အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဒေါ်မေလှရီ (ကျောင်းအုပ်ဆရာမကြီး)**
**မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**ဆရာ/မများနှင့် ရုံးဝန်ထမ်းများ**
**အထက(၂) ကမာရွတ်**

## အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

**ဦးကျော်ဝင်း** (MD, National Wood Industry Limited) သည် ၃၀-၄-၂၀၁၃ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများပေးအပ်ရာ၌ "တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေး လုပ်ငန်းရှင်ဆု"ကို ထိုက်တန်စွာ ရရှိသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ဦးဝင်းကို-ဒေါ်မာလာလှိုင်(မိသားစု)**
**ဝင်းမာလာအောင် ကုမ္ပဏီလီမိတက်**

## အလိုရှိသည်

**ထွန်စက်မောင်းကျွမ်းကျင်သူ**
အမြန်အလိုရှိသည်။
ဖုန်း-၀၉-၄၃၁၅၈၃၆၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၉၆၆/က၊ မြေကွက်တည်နေရာအမှတ်-(၉၆၆)၊နဝရတ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒေါ်အေးသန်းအမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဒေါ်အေးသန်းထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးမျိုးသူ[၈/ဆပဝ(နိုင်)၀၅၃၄၄၁]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ရဲစခန်း ထောက်ခံချက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဝန်ခံချက် ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ကေ၊ မြေကွက်အမှတ်-ပဥ္စမတန်းစား၊ ၁၀၇၊ ၁၀၈၊ မြေကွက်တည်နေရာအမှတ်-၃၁၊ ၃၄၊ ၉၄လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်အေမီ၊ ဒေါ်ကြင်မြ၊ ဒေါ်ကျင်မွေး၊ ဦးခင်မောင်၊ ဒေါ်ခင်လေး၊ ဦးခင်ရင်၊ ဒေါ်ခင်ထွေး၊ အမည်ပေါက်နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်တစ်ဦး ဒေါ်အေမီ (အပျိုကြီး ဘဝဖြင့်) ကွယ်လွန်သဖြင့် (၁)ဒေါ်ကြင်မြ [၁၂/မဂတ(နိုင်)၀၄၈၃၈၉]၊ (၂)ဒေါ်ကျင်မွေး [၁၂/ မဂတ(နိုင်)၀၄၈၃၉၁]၊ (၃)ဦးခင်မောင်[၁၂/ မဂတ(နိုင်) ၀၄၈၃၉၉]၊(၄)ဒေါ်ခင်လေး [၁၂/မဂတ(နိုင်)၀၄၈၃၉၃]၊ (၅)ဦးခင်ရင်[၈/တကက(နိုင်)၀၆၈၆၃၇]၊ (၆)ဒေါ်ခင်ထွေး [၁၂/မဂတ(နိုင်)၀၄၈၃၉၂]တို့က အစ်မ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဒီ မြေကွက်အမှတ်-၄၉အီး၁၂၊ မြေကွက်တည်နေရာအမှတ်-၃၉၊ သာယာဝတီလမ်း၊ ဗဟန်းမြို့နယ်၊ [တန်ကျင်ကုတ်(ခ)မောင်ထွန်းအောင်] အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် (ခင်ပွန်း) တန်ကျင်ကုတ်(ခ)မောင်ထွန်းအောင် ကွယ်လွန်သဖြင့် (ဇနီး)ဖြစ်သူ ဒေါ်ချန်ပိုးလွမ်း(ခ)ဒေါ်ခွေးမ(ခ) ဒေါ်ပိုလွမ်းမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၇၄၁/၂၄-၁၀-၁၉၇၇ဖြင့် ပိုင်ဆိုင်ပြီး ၎င်း ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်မြ [၁၂/ဗဟန(နိုင်)၀၇၀၉၀၇]၊ ဒေါ်သင်းသင်းဝေ[၁၂/ဗဟန(နိုင်)၀၇၄၃၄၄]၊ ဒေါ်မြင့်မြင့်ဝေ[၁၂/ဗဟန(နိုင်)၀၇၀၉၀၄]၊ ဦးဝင်းမြင့်[၁၂/ဗဟန(နိုင်)၀၆၉၈၄၃]၊ ဒေါ်အေးအေးဝေ(ကွယ်လွန်)၏ ခင်ပွန်းတော်စပ်သူ ဦးထွန်းထွန်း[၁၂/စခန(နိုင်)၀၂၆၈၃၁]တို့က သား၊ သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဦးဝင်းမြင့်မှ ၎င်းကိုယ်တိုင်နှင့်ဒေါ်ခင်ခင်မြ+၃ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၈၃/၂၉-၁-၂၀၁၃ ရယူပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အရိုးကျိုးပေါင်းတက်ရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း

**အောင်မင်္ဂလာ** ဆေးကုခန်းတွင် ယခု မျက်မှောက်ခေတ်အမီဆုံး၊ အစွမ်းထက်မြက်ဆုံး ဆေးနှင့် ကုထုံးပေါင်းစပ်အသုံးပြု၍ အဆစ်အမြစ်ကိုက်ခဲခြင်းနှင့် အရိုးကျိုးပေါင်းတက်ရောဂါအမျိုးမျိုးကို (၃) ကြိမ်မှ (၅) ကြိမ်ထိ ဆေးကုသရုံဖြင့် ဝေဒနာသက်သာပျောက်ကင်းသွားပြီး ထပ်မံမပေါ်ပေါက်နိုင်တော့ပါ။ ဆေးကုသရာတွင် နာကျင်မှုနှင့်ဘေးထွက်ဆိုးကျိုး မရှိနိုင်ပါ။ နာတာရှည်ခေါင်းကိုက်ရောဂါကိုလည်း(၂)ကြိမ်မှ(၃)ကြိမ် ဆေးကုသရုံဖြင့် သက်သာပျောက်ကင်းစေပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီထိ
ညနေ(၃း၀၀)နာရီမှ ည(၆း၃၀)နာရီထိ(တနင်္ဂနွေနေ့တိုင်းဆေးခန်းပိတ်သည်။)

**ဆက်သွယ်ရန်ဖုန်း - ၀၉-၇၃၀၂၉၇၄၅**
**အမှတ်(၁၁၁)၊စဥ့်အိုးတန်းလမ်း(အပေါ်ဘလောက်)၊လသာ၊ရန်ကုန်မြို့။**

